ကြေးမုံ
The Mirror
Established in 1957

၁၃၇၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁ ရက်၊ ကြာသပတေးနေ့၊ (23-10-2014) (၈၀၀၂)

## မေတ္တာ၏ အကျိုးအာနိသင်

မေတ္တာ၏ အကျိုးအာနိသင်သည် အလွန်များပြား ကြီးမားမြင့်မြတ်၏။ ဘဝသမ္ပတ္တိအကျိုးပေးသန်သော ကောင်းသောကံတကာထဲတွင် ဤမေတ္တာကံသည် အထွတ်မြတ်ဆုံး၊ အသာဆုံးတည်း။ မေတ္တာကံကို တုပြိုင်နိုင်သောကံဟူ၍ မရှိပေ။

သေက္ချတောင်ဆရာတော် ဦးတိလောက

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# စိတ်ကောင်း၊ စေတနာမှန်များဖြင့် ဆွေးနွေးညှိနှိုင်းမည်ဆိုပါက ရလဒ်ကောင်းများရရှိနိုင်

**နေပြည်တော် အောက်တိုဘာ ၂၂**

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူရမည့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား လွှတ်တော်က မှတ်တမ်းတင်ခဲ့သည်။

ထို့ပြင် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်နိုင်ရေး အကောင်အထည်ဖော်မှုကော်မတီ၏လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာကို ကော်မတီဥက္ကဋ္ဌ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ အတွင်းရေးမှူး ဦးအေးမောက်နှင့် တွဲဖက်အတွင်းရေးမှူး ဦးစံပြည့်တို့က ဖတ်ကြားရှင်းလင်း တင်သွင်းခဲ့သည်။

အဆိုပါ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်နာယကက လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် အပြုသဘောဖြင့် ပွင့်လင်းမြင်သာစွာ ဆွေးနွေးကြစေလိုကြောင်း၊ ဆွေးနွေးချက်များသည်လည်း တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး၊ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားဖြစ်ထွန်းရေးနှင့် နိုင်ငံသားများ၏ မူလအခွင့်အရေးကို ရှေးရှုသည့် ဆွေးနွေးချက်များဖြစ်စေလိုကြောင်း၊ ပြင်ဆင်သင့်၊ ပြင်ဆင်ထိုက်သည့် အချက်များကို စိတ်ကောင်း၊ စေတနာမှန်များဖြင့် ဆွေးနွေးညှိနှိုင်းဆောင်ရွက်သွားကြမည်ဆိုလျှင် ရလဒ်ကောင်းများ ရရှိလာနိုင်မည်ဖြစ်ပါကြောင်းဖြင့် တိုက်တွန်းပြောကြားခဲ့သည်။

**(သတင်းစဉ်)**



ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ ကျင်းပစဉ်။ (သတင်းစဉ်)



ယမန်နှစ်က မီးပုံးပျံပွဲတော်ကို တွေ့ရစဉ်။

# ခြိမ့်ခြိမ့်သဲသဲမီးပုံးပျံပွဲ မြို့တောင်ကြီးမှာနွဲ

ရှမ်းပြည်နယ်၏မြို့တော်တောင်ကြီးတွင် နှစ်စဉ်တန်ဆောင်မုန်းလရောက်တိုင်း မီးပုံးပျံပွဲတော်ကျင်းပခဲ့သည်မှာ နှစ်ပေါင်း ၇၀ ကျော်ခန့် ကြာမြင့်ခဲ့ပြီဖြစ်သည်။ ၁၉၄၁ ခုနှစ် ကုန်းသာဘုန်းတော်ကြီးကျောင်းတွင် လွှတ်တင်ခဲ့ရာမှ စတင်ခဲ့သည်။

၁၉၅၃-၁၉၅၄ ခုနှစ်တွင် ပြိုင်ပွဲအသွင်ဆောင်လာရာမှ တဖြည်းဖြည်းချင်း စည်းကမ်းများသတ်မှတ်ကာ ယှဉ်ပြိုင်လာကြသည်မှာ ယနေ့ခေတ်အဝေယာမီးပုံးပျံကွင်းတွင် ကျင်းပခဲ့သည်အထိပင်ဖြစ်ကြောင်း မှတ်သားလေ့လာခဲ့ရသည်။ မီးပုံးပျံပညာအား လက်ဆင့်ကမ်းတီထွင် ဆန်းသစ်လာခဲ့မှုကြောင့်လည်း တစ်နှစ်ထက်တစ်နှစ် ပိုမိုစည်ကားခဲ့ကြောင်း ထင်ရှားလာသည်။ ယင်းအပြင် ပြိုင်ပွဲဝင်အသင်းများအနေဖြင့် တစ်နှစ်ထက်တစ်နှစ် လျော့နည်းသွားခြင်းမရှိဘဲ ပိုမို၍သာ တိုးပွားလာကြောင်း တွေ့မြင်ရပေမည်။ ယခုနှစ် တန်ဆောင်တိုင်ပွဲတော်ကို အောက်တိုဘာ ၃၀ ရက်မှ နိုဝင်ဘာ ၇ ရက်အထိ ခြိမ့်ခြိမ့်ဆိုင်ဆိုင် ကျင်းပပေတော့မည်။

ယခုနှစ်တွင် ပြိုင်ပွဲဝင်ညမီးကြီး ၈၄ လုံး၊ စိန်နားပန် ၃၆ လုံး၊ နေ့လွှတ် ခြေနှစ်ချောင်းအရုပ် ၉၁ လုံး၊ ခြေလေးချောင်းအရုပ် ၆၇ လုံး၊ အုပ်စုလိုက် အရုပ် ၃၆ လုံး စုစုပေါင်း ၃၁၄ လုံးကို မီးပုံးပျံပြိုင်ပွဲကျင်းပရေးဆပ်ကော်မတီက အောက်တိုဘာ ၂၀ ရက်တွင် မဲနှိုက်ပြီး အောက်တိုဘာ ၃၀ ရက် မှ နိုဝင်ဘာ ၆ ရက်အထိ ပွဲစဉ်ဇယားအသီးသီးရေးဆွဲထုတ်ပြန်ခဲ့ပြီးဖြစ်သည်။ ထို့အပြင် နေ့စဉ်ဆက်စပ်ပွဲများဖြစ်သည့် မသိုးသင်္ကန်းရက်ပြိုင်ပွဲအား စူဠာမုနိလောကချမ်းသာဘုရားရင်ပြင်၌ နိုဝင်ဘာ ၅ ရက် ညပိုင်းနှင့် မီးပဒေသာပြိုင်ပွဲနှင့် မစ္စတန်ဆောင်တိုင်ပြိုင်ပွဲကို နိုဝင်ဘာ ၆ ရက်(တန်ဆောင်မုန်းလပြည့်)ညပိုင်းတို့တွင် ကျင်းပသွားမည်ဖြစ်သည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ✿**

## မိုးရွာသွန်းမှု

**၂၂-၁၀-၂၀၁၄**

လွိုင်ကော်
၂ ဒသမ ၀၅ လက်မ
မအူပင်
သုည ဒသမ ၈၃ လက်မ
သရက်
သုည ဒသမ ၇၅ လက်မ
ဇလွန်
သုည ဒသမ ၇၁ လက်မ

## နောက်နှစ်အတွက် ခန့်မှန်းချက်

မြန်မာနိုင်ငံ အောက်ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာမည်။



ပြည်တွင်းရေးရာ

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)အဖွဲ့တို့ တွေ့ဆုံဆွေးနွေး

**ရန်ကုန် အောက်တိုဘာ ၂၂**

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်နှင့် မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)အဖွဲ့တို့ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့ မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ မင်းရဲကျော်စွာလမ်းရှိ ပန်ဒါဟိုတယ်၌ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)မှ ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်လေး (ဖိုးသောကြာ၊ ခေတ်မိုး)၊ မြန်မာနိုင်ငံသတင်းစာဆရာအသင်းနှင့် မြန်မာနိုင်ငံစာနယ်ဇင်းသမဂ္ဂမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးက ယနေ့ဆွေးနွေးပွဲသို့ တက်ရောက်လာသော မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)၊ မြန်မာနိုင်ငံသတင်းစာဆရာအသင်း၊ မြန်မာနိုင်ငံ စာနယ်ဇင်းသမဂ္ဂတို့နှင့် တွေ့ဆုံရသည့်အတွက် ဝမ်းမြောက်ပါကြောင်း၊ ယခုအချိန်သည် ဒုတိယအကြိမ်တွေ့ဆုံပွဲဖြစ်ကြောင်း၊ ၂၀၁၅ ခုနှစ်တွင်ပြုလုပ်မည့် ရွေးကောက်ပွဲသည် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲဖြစ်ရန် လိုအပ်ပါကြောင်း၊ လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲဖြစ်ရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် အဓိကတာဝန်ရှိပါကြောင်း၊ ထို့အပြင် နိုင်ငံရေးပါတီများ၊ အရပ်ဘက်ဆိုင်ရာလူမှုအဖွဲ့အစည်းများ၊ မီဒီယာအဖွဲ့အစည်းများမှ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း။

ပြည်သူလူထုနှင့် မဲဆန္ဒရှင်များအား ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးရေးဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ လွှတ်တော်သက်တမ်းသည် ယင်းလွှတ်တော်၏ ပထမအကြိမ်အစည်းအဝေး စတင်ကျင်းပသည့်နေ့ရက်မှစ၍ ငါးနှစ်ဖြစ်ပါကြောင်း၊ လွှတ်တော်၏သက်တမ်းတစ်ရပ်စတင်သော ပထမအကြိမ်ပုံမှန်အစည်းအဝေးကို အထွေထွေရွေးကောက်ပွဲ စတင်ကျင်းပသည့်နေ့ရက်မှ ရက်ပေါင်း ၉၀ အတွင်း ကျင်းပရမည်ဖြစ်ပါကြောင်း၊ ပထမအကြိမ်ပြည်သူ့လွှတ်တော်အစည်းအဝေးကို ၂၀၁၁ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်နေ့တွင် ကျင်းပခဲ့ပါကြောင်း၊ ၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၃၀ ရက်နေ့တွင် လွှတ်တော်သက်တမ်း ငါးနှစ်ပြည့်မြောက်မည်ဖြစ်ပါကြောင်း၊ ဒုတိယအကြိမ် လွှတ်တော်အစည်းအဝေးများ ကျင်းပရန်အတွက် ရက်ပေါင်း ၉၀ ကြိုတင်၍ ရွေးကောက်ပွဲကျင်းပပေးရမည်ဖြစ်ပါကြောင်း၊ ထို့အတွက်ကြောင့် ရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် အောက်တိုဘာလ နောက်ဆုံးပတ် သို့မဟုတ် နိုဝင်ဘာလ ပထမပတ်တွင် ကျင်းပပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာဒေါ်မြင့်ကြည်က မဲဆန္ဒရှင် အသိပညာပေးခြင်း၊ ရွေးကောက်ပွဲဆိုင်ရာကျင့်ဝတ်များ လိုက်နာဆောင်ရွက်စေရေးနှင့် ရွေးကောက်ပွဲဆိုင်ရာ သတင်းများကိုထုတ်ပြန်ပေးရန် မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)မှ ကူညီပံ့ပိုးပေးစေလိုကြောင်း ဆွေးနွေးသည်။

ယင်းနောက် မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်လေး (ဖိုးသောကြာ၊ ခေတ်မိုး)၊ အတွင်းရေးမှူး ဦးကျော်မင်းဆွေ၊ မြန်မာနိုင်ငံ သတင်းစာဆရာအသင်းဥက္ကဋ္ဌ ဦးကိုကိုတို့က ပြန်လည်ဆွေးနွေးကြသည်။

ဆက်လက်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးဝင်းကြည်နှင့် ဦးဝင်းကိုတို့က ဥပဒေများ၊ နည်းဥပဒေများပါ ရွေးကောက်ပွဲလုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးကြပြီး မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီဝင် ဒေါက်တာမျိုးသန့်တင်၊ မြန်မာနိုင်ငံစာရေးဆရာအသင်းမှ ဦးဖေမြင့်၊



မြန်မာနိုင်ငံသတင်းစာဆရာအသင်း ဒုတိယဥက္ကဋ္ဌ ဦးသီဟစော၊ မြန်မာနိုင်ငံ စာနယ်ဇင်းသမဂ္ဂဦးဆောင်ကော်မတီဝင် ဦးချစ်ဝင်းမောင်တို့က ပြန်လည်ဆွေးနွေးကြသည်။

ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌက ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးပြောကြားခဲ့သည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ ရွေးကောက်ပွဲများကို ကျင်းပရာတွင် လွတ်လပ်တရားမျှတမှုရှိအောင် ပွင့်လင်းမြင်သာမှုရှိစေရန် အများယုံကြည်လက်ခံနိုင်အောင် ကျင်းပရာတွင် ကော်မရှင်၊ နိုင်ငံရေးပါတီ၊ လူမှုအဖွဲ့အစည်းများ၊ မီဒီယာတို့ပူးပေါင်းပြီး လူထုကို ပညာပေး၊ လူထုစွမ်းအားကိုရယူ၍ ဆောင်ရွက်မှသာ အောင်မြင်မှုရရှိနိုင်မည်ဖြစ်ပါကြောင်း၊ လူထုကို ပညာပေးရာတွင် မှန်ကန်သောသတင်းများကို အချိန်နှင့်တစ်ပြေးညီရရှိရန် လိုအပ်ကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့်ပတ်သက်သော သတင်းများကို ပေးပို့သွားမည်ဖြစ်ကြောင်း၊ ယနေ့ တက်ရောက်လာကြသော အဖွဲ့အစည်းများအသီးသီးမှ ရွေးကောက်ပွဲလုပ်ငန်းစဉ်များကို ကူညီပံ့ပိုးပေးစေလိုကြောင်းတို့ကို ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးနှင့် မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)မှ ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်လေး (ဖိုးသောကြာ၊ ခေတ်မိုး)တို့က ဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် သတင်းမီဒီယာများ၏မေးမြန်းချက်များကို ပြန်လည်ဖြေကြားခဲ့သည်။

**(သတင်းစဉ်)**

❏

✽ **ရှေ့ဖုံးမှ**

ထို့ပြင် အလွတ်တန်းခာတ်ပုံပြိုင်ပွဲနှင့် ရပ်ကွက်မီးအလှဆင်ထွန်းညှိပြိုင်ပွဲများ၊ Iron Cross တေးဂီတပြိုင်ပွဲ၊ အခြားကြည့်ချင်ပွဲမျိုးစုံ၊ ဈေးပွဲတော်များနှင့် ပြည်သူများကို ပျော်ရွှင်စွာ ဖျော်ဖြေပေးမည်ဖြစ်သည်၊

ထို့ကြောင့် ပွဲတော်ကြီးအား မြန်မာပြည်အနှံ့အပြားမှ မိဘပြည်သူများလာရောက်နွှဲပျော်ကြပါရန် ဖိတ်ခေါ်ရေးသားလိုက်ရပါသည်။

**နိုင်ထွန်း(TGI)**

❏❏

## မင်္ဂလာဒုံတွင် Public Digital Library Service စက်တပ်ဆင်

**မင်္ဂလာဒုံ အောက်တိုဘာ ၂၂**

ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ် တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်တွင် အောက်တိုဘာ ၁၆ ရက် နံနက် ၁၀ နာရီက Public Digital Library Service စက် တပ်ဆင်ဆောင်ရွက်ပေးခဲ့ရာ ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်ဖုန်းမြတ်က အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြောက်ပိုင်းခရိုင် ဦးစီးအရာရှိ ဒေါ်ခင်သီတာဦးက Public Digital Library Service ထားရှိရခြင်း၏ ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားကာ မင်္ဂလာဒုံမြို့နယ် ဦးစီးမှူး ဒေါ်ဇင်ငြိမ်းအိက စက်ကိုင်တွယ်အသုံးပြုပုံနှင့် ကွန်ပျူတာ၊ ဖုန်းတို့ဖြင့် လက်တွေ့အသုံးပြုပုံများကို ရှင်းလင်းပြသခဲ့သည်။

Public Digital Library Service စက်အား တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် စာကြည့်တိုက်တွင် တပ်ဆင်ထားရှိရာ တာဝန်ခံစာကြည့်တိုက်မှူး ဗိုလ်ကြီးကျော်ကိုကိုဦးက ပညာဗဟုသုတရရှိစေသည့်စာအုပ်များကို ငွေကြေးကုန်ကျမှုမရှိဘဲ အလွယ်တကူဖတ်ရှုခွင့်ရသည့်အတွက် ကျေးဇူးတင်ပါကြောင်းနှင့် စာပေရေချမ်းစင်များကိုလည်း ဘွဲ့ကြိုဘွဲ့လွန် အရာရှိ ၁၀၀၀ ကျော်တို့ အသုံးပြုလျက်ရှိကြောင်း သိရသည်။

**သူဇာ(မင်္ဂလာဒုံ)**

## ခာတ်လိုက်၍ လူငယ်တစ်ဦးသေဆုံး

**မြိတ် အောက်တိုဘာ ၂၂**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ကန်ဖျားရပ်ကွက် ဘုရားငါးဆူအရှေ့ရပ်ပုလဲလမ်း၌ အောက်တိုဘာ ၂၁ ရက် ညနေ ၆ နာရီက လူငယ်တစ်ဦး ခာတ်လိုက်၍ သေဆုံးကြောင်း သိရသည်။

ဖြစ်စဉ်မှာ ထိုနေ့ညနေ ၆ နာရီတွင် မောင်ဝင်းမင်းထွန်း(ခ)ဘုတစ် (၁၂)နှစ် ပုလဲလမ်း ဘုရားငါးဆူအရှေ့ရပ် ကန်ဖျားရပ်ကွက်နေသူသည် နေအိမ်အောက်ထပ် မီးဖိုချောင်အတွင်းဝင်ရောက်စဉ် အော်သံကြားသဖြင့် အစ်မဖြစ်သူ မသူဇာအောင်က သွားရောက်ကြည့်ရှုရာ မီးဖိုခန်းအတွင်းရှိ လျှပ်စစ်မီးကြိုးစအား ကိုင်လျက် လဲကျနေသည်ကိုတွေ့မြင်ရသောကြောင့် လျှပ်စစ်မီးမိန်းခလုတ်ကို ချပြီး မောင်ဝင်းမင်းထွန်း(ခ)ဘုတစ်အား ပြန်လည်ကြည့်ရှုရာသတိမေ့နေကြောင်းသိရသဖြင့် မြိတ်အထွေထွေရောဂါကုဆေးရုံကြီးသို့ တင်ပို့ခဲ့ရာ သေဆုံးသွားသည်။ မြိတ်မြို့မရဲစခန်းမှ ဒုရဲမှူးနေလင်းနှင့် တာဝန်ရှိသူများက သေဆုံးသူအားစစ်ဆေးရာ ခာတ်လိုက်သေဆုံးကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**

သင့်စီးပွားရေးအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့



# အင်ဒိုနီးရှားဝန်ကြီးအဖွဲ့သစ် အမည်စာရင်းတင်သွင်းခံရသူ ရှစ်ဦးကို အဂတိလိုက်စားမှု တိုက်ဖျက်ရေးအေဂျင်စီ ကန့်ကွက်

**ဂျကာတာ အောက်တိုဘာ ၂၂**

သန့်ရှင်းသော အစိုးရအဖွဲ့ ဖွဲ့စည်းမည်ဟူသော သန္နိဋ္ဌာန်ပြုမှုဖြင့် ရွေးကောက်ပွဲအောင်ပွဲခံခဲ့သူ အင်ဒိုနီးရှားသမ္မတသစ်ဂျိုကိုဝီဒိုဒိုသည် ဝန်ကြီးအဖွဲ့သစ်အတွက် အမည်စာရင်းတင်သွင်းခဲ့ရာတွင် အမည်စာရင်းတင်သွင်းခံရသူများအနက် ရှစ်ဦးကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးအေဂျင်စီက ကန့်ကွက်ခဲ့ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက အောက်တိုဘာ ၂၂ ရက်တွင် သတင်းထုတ်ပြန်သည်။

ဝန်ကြီးအဖွဲ့သစ်အတွက် လူရွေးချယ်ရာတွင် ပညာရှင်အုပ်ချုပ်ရေးသမားများ (တက်ခနိုခရက်များ)ကို ဦးစားပေးရန် လိုလားသည်ဟု ဝီဒိုဒိုက ပြောကြားသည်။

## အစဉ်အလာမရှိ

သမ္မတဝီဒိုဒိုသည် ဝန်ကြီးအဖွဲ့သစ်အတွက် အမည်စာရင်း တင်သွင်းခံရသူများအား အဂတိလိုက်စားမှု နောက်ကြောင်းရှင်း မရှင်း အဂတိလိုက်စားမှု တိုက်ဖျက်ရေးအေဂျင်စီကို စိစစ်ပေးရန် ၎င်းက မေတ္တာရပ်ခံခဲ့ခြင်းသည် ယခင်က အစဉ်အလာမရှိခဲ့သော ထူးခြားသည့် လုပ်ဆောင်ချက်တစ်ရပ်ဖြစ်သည်။

## အစားထိုး

အဂတိလိုက်စားမှု တိုက်ဖျက်ရေးအေဂျင်စီက ကန့်ကွက်မှုရှိသည့် ပုဂ္ဂိုလ်များ၏နေရာတွင် အခြားပုဂ္ဂိုလ်များဖြင့် အစားထိုးကာ အမည်စာရင်း ထပ်မံတင်သွင်းမည်ဖြစ်ကြောင်း ဝီဒိုဒိုက ပြောကြားသည်။

**ရိုက်တာ။**



အောက်တိုဘာ ၂၁ ရက်က သမ္မတအဖြစ် စတင်တာဝန်ထမ်းရွက်မှုပထမနေ့တွင် ဂျိုကိုဝီဒိုဒိုအား ၎င်း၏ လက်ထောက်များနှင့်အတူ တွေ့မြင်ရစဉ်။



ဂါဇာစီးတီးရှိ ပျက်စီးနေသော အဆောက်အအုံတစ်လုံး အနီးမှ ဖြတ်သန်းသွားသော ပါလက်စတိုင်း ကျောင်းသူ၊ ကျောင်းသားကလေးများကို တွေ့ရစဉ်။

# ဂါဇာ ပဋိပက္ခကို ကုလသမဂ္ဂ စုံစမ်းစစ်ဆေးမည်

**နယူးယောက် အောက်တိုဘာ ၂၂**

မကြာသေးမီအချိန်က အစ္စရေးနိုင်ငံသည် ဂါဇာကို ထိုးစစ်ဆင်စဉ်အတွင်း ကုလသမဂ္ဂ အဆောက်အအုံများ တိုက်ခိုက်ခံရခြင်းနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးရန် အဖွဲ့တစ်ဖွဲ့ ထူထောင်မည်ဖြစ်ကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက ယနေ့ပြောကြားသည်။

အပြစ်မဲ့သော အရပ်သားများ သေဆုံးခဲ့ရသည့် အရေးကြီးသော အမှုအခင်းများကို လွတ်လပ်သော စုံစမ်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမည်ဖြစ်ကြောင်း ၎င်းက ထပ်မံပြောကြားသည်။

ပါလက်စတိုင်း စစ်သွေးကြွများက လက်နက်ခဲယမ်းသိုလှောင်ရန်အတွက် ကုလသမဂ္ဂ အဆောက်အအုံများကို အသုံးပြုခဲ့သည်ဟူသော သတင်းများကိုလည်း စစ်ဆေးရေးအဖွဲ့က ခွဲခြားလေ့လာမည်ဖြစ်သည်။ အဆိုပါ ဂါဇာပဋိပက္ခတွင် ပါလက်စတိုင်း ၂၁၀၀၊ အစ္စရေးစစ်သည် ၆၇ ဦးနှင့် အစ္စရေးအရပ်သားခြောက်ဦး သေဆုံးခဲ့သည်။ **ဘီဘီစီ။**

# အီဘိုလာရောဂါ ကာကွယ်ဆေး ဇန်နဝါရီလ၌ စမ်းသပ်မည်

**ဂျီနီဗာ အောက်တိုဘာ ၂၂**

အီဘိုလာဗိုင်းရပ်ရောဂါ ကာကွယ်ဆေးကို အစောဆုံးလာမည့် ဇန်နဝါရီလ၌ စမ်းသပ်မှု စတင်ပြုလုပ်နိုင်မည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့(ဒဗလျူအိပ်ချ်အို)က မျှော်လင့်ကြောင်း ကုလသမဂ္ဂ အထက်တန်းတာဝန်ရှိသူတစ်ဦးက အောက်တိုဘာ ၂၂ ရက်တွင် သတင်းထုတ်ပြန်သည်။

အီဘိုလာ ဗိုင်းရပ်ပိုး အဓိကကူးစက်ပျံ့နှံ့နေသည့် အနောက်အာဖရိကနိုင်ငံများနှင့် ယင်းရောဂါပိုး ခြိမ်းခြောက်နေသော ကမ္ဘာ့ဒေသများ၌ တာဝန်ထမ်းဆောင်လျက်ရှိသည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်သား ၂၀၀၀၀ ကျော်ကို အခြေပြု၍ အီဘိုလာရောဂါ ကာကွယ်ဆေး စမ်းသပ်မှုများကို ပြုလုပ်သွားမည်ဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမာရီပေါလ်ကီနီက ပြောကြားသည်။

အနောက်အာဖရိကဒေသ၌ အီဘိုလာရောဂါ ကူးစက်ပြန့်ပွားမှုကြောင့် လူပေါင်း ၄၅၀၀ ကျော် သေဆုံးခဲ့ရသည်။ **ပီတီအိုင်။**



တရုတ်နိုင်ငံ ရှန်တုန်ပြည်နယ် ချင်းတောင်မြို့ရှိ လေဆိပ်၌ ရောဂါပိုးကာကွယ်ရေး ဓာတ်ခွဲခန်းဖွင့်လှစ်ထားသည့် မှတ်တမ်းပုံ။

# ကုလ လူ့အခွင့်အရေးကောင်စီ၌ အိန္ဒိယနိုင်ငံ ထပ်မံရွေးချယ်ခံရ

**ကုလသမဂ္ဂ အောက်တိုဘာ ၂၂**

အိန္ဒိယနိုင်ငံသည် ကုလသမဂ္ဂ၏ လူ့အခွင့်အရေးဆိုင်ရာ ထိပ်တန်းအဖွဲ့အစည်းတွင် အဖွဲ့ဝင်နိုင်ငံအဖြစ် ထပ်မံရွေးချယ်တင်မြှောက်ခံရကြောင်း ပီတီအိုင်သတင်းဌာနက အောက်တိုဘာ ၂၂ ရက်တွင် သတင်းထုတ်ပြန်သည်။

## ရွေးချယ်တင်မြှောက်ခံရ

အိန္ဒိယနိုင်ငံသည် အဖွဲ့ဝင်(၄၇)နိုင်ငံပါဝင်သောကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ၏ လက်ရှိအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်တွင် ပထမမြောက် အဖွဲ့ဝင်သက်တမ်း ကုန်ဆုံးမည်ဖြစ်သည်။ ဒုတိယမြောက် အဖွဲ့ဝင်သက်တမ်းမှာ ၂၀၁၅ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိဖြစ်ပြီး ထပ်မံရွေးချယ်တင်မြှောက်ခံရခြင်းဖြစ်သည်။

ကုလသမဂ္ဂ၏ လူ့အခွင့်အရေးစနစ် ပိုမိုထိရောက်မှုရှိစေရန် လည်းကောင်း၊ လူ့အခွင့်အရေးဆိုင်ရာ ပြဿနာများကို အပြုသဘောဆောင်သည့် ချဉ်းကပ်မှုနည်းလမ်းမှတစ်ဆင့် ဖြေရှင်းသွားရန်လည်းကောင်း မိမိ၏ နိုင်ငံက အလေးထား ဆောင်ရွက်မည်ဖြစ်ကြောင်း ကုလသမဂ္ဂဆိုင်ရာ အိန္ဒိယသံအမတ်ကြီး အာသောကမုခါဂျီးက ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီတွင် ၎င်း၏နိုင်ငံ ရွေးချယ်တင်မြှောက်ခံရပြီးနောက် ပြောကြားသည်။

ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ အဖွဲ့ဝင်နိုင်ငံအဖြစ် သုံးနှစ်သက်တမ်းမှာ ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် စတင်မည်ဖြစ်သည်။

**ပီတီအိုင်။**

# ကနေဒါနိုင်ငံသား ဂုဏ်ထူးဆောင်ဘွဲ့ မာလာလာ လက်ခံရရှိ

**တိုရွန်တို အောက်တိုဘာ ၂၂**

ယခုနှစ်၏ ပူးတွဲငြိမ်းချမ်းရေးနိုဘယ်ဆုရှင် မာလာလာယူဆွပ်ဇိုင်းသည် ကနေဒါနိုင်ငံသား ဂုဏ်ထူးဆောင်ဘွဲ့ကို ဗုဒ္ဓဟူးနေ့ညနေပိုင်းက ကနေဒါနိုင်ငံ တိုရွန်တိုမြို့၌ တရားဝင်လက်ခံရရှိခဲ့သည်။

အသက် (၁၇) နှစ်ရှိ ပါကစ္စတန်နိုင်ငံသူ မာလာလာသည် လွန်ခဲ့သည့်နှစ်နှစ်ခန့်က




မိန်းကလေးများ ပညာသင်ကြားခွင့်ရရှိရေးအတွက် လှုပ်ရှားဆောင်ရွက်ခဲ့မှုကြောင့် တာလီဘန်စစ်သွေးကြွများက သေနတ်ဖြင့် ပစ်ခတ်ခဲ့ရာ ဦးခေါင်းကို ကျည်ဆန်ထိမှန်ခံခဲ့ရသူဖြစ်သည်။

မာလာလာသည် အမျိုးသမီးအခွင့်အရေး လှုပ်ရှားဆောင်ရွက်မှုတစ်ခုတွင် ပူးပေါင်းပါဝင်ရန် တိုရွန်တိုမြို့သို့ မလာခင်ကတည်းက အဆိုပါဂုဏ်ထူးဆောင်ဘွဲ့ကို ရရှိထားပြီးဖြစ်သည်။

ကနေဒါဝန်ကြီးချုပ် စတီဖင်ဟာပါက အမျိုးသမီးအခွင့်အရေးလှုပ်ရှား ဆောင်ရွက်မှုနှင့် အမျိုးသမီးများပညာသင်ကြားခွင့်ရရှိရေးတို့တွင် မာလာလာ၏ ရဲရဲဝံ့ဝံ့စွမ်းဆောင်ခဲ့မှုများကို အသိအမှတ်ပြုသည့်အနေဖြင့် ကနေဒါနိုင်ငံသား ဂုဏ်ထူးဆောင်ဘွဲ့ကို ချီးမြှင့်ရခြင်းဖြစ်ကြောင်း ထုတ်ဖော်ပြောကြားသည်။

ကနေဒါနိုင်ငံသား ဂုဏ်ထူးဆောင်ဘွဲ့ကို ၁၉၈၅ခုနှစ်တွင် ရောင်းလ်ဝေါလန်ဘက်ဂ်၊ ၂၀၀၁ခုနှစ်တွင် နယ်လ်ဆင်မန်ဒဲလား၊ ၂၀၀၆ ခုနှစ်တွင် (၁၄) ယောက်မြောက် ဒလိုင်းလားမား၊ ၂၀၀၇ခုနှစ်တွင် ဒေါ်အောင်ဆန်းစုကြည်၊၂၀၁၀ခုနှစ်တွင် ကာရင်အဂါခန်တို့ ရရှိထားပြီး မာလာလာသည် ခြောက်ယောက်မြောက်ရရှိခဲ့သူဖြစ်သည်။

မာလာလာသည် အမျိုးသမီးများပညာသင်ကြားခွင့်ရရှိရေးစွမ်းဆောင်မှုကြောင့် အောက်တိုဘာ ၂၁ ရက်က အမေရိကန်နိုင်ငံ ပင်ဆယ်ဗေးနီးယားပြည်နယ် ဖလာဒီဖီယာမြို့တွင် လွတ်လပ်ရေးဂုဏ်ပြုဆုကို လက်ခံရရှိခဲ့သည်။ **(ဓာတ်ပုံ)**အဆိုပါဆု လက်ခံရရှိစဉ် မာလာလာက စစ်ပွဲများအတွက် ငွေကြေးမသုံးစွဲဘဲ ပညာရေးအတွက်ငွေကြေးပိုမိုသုံးစွဲရန် ကမ္ဘာ့ခေါင်းဆောင်များကို တောင်းဆိုခဲ့သည်။

မာလာလာသည် ယခုနှစ်အတွက် ငြိမ်းချမ်းရေးနိုဘယ်ဆုကို အိန္ဒိယနိုင်ငံမှ ကလေးများအခွင့်အရေးတက်ကြွလှုပ်ရှားသူ ခိုင်လက်ရှ်ဆာတျာသီနှင့် ပူးတွဲရရှိခဲ့သူဖြစ်သည်။

**စီတီဗွီနယူးစ်။**



# အိုင်အက်စ်လက်တွင်း လက်နက်များရောက်ရှိမှု အမေရိကန် စစ်ဆေးမည်

**ဝါရှင်တန် အောက်တိုဘာ ၂၂**

အစ္စလာမ္မစ်နိုင်ငံ (အိုင်အက်စ်)က ဖော် ထုတ်ပြသသော ဗီဒီယိုတွင် ဆီးရီးယားကာ့ဒ်တိုက်ခိုက်ရေးသမားများအတွက် ရည်ရွယ် သည့် လက်နက်များအား စစ်သွေးကြွများ၏ လက်ဝယ်တွင် တွေ့ရှိရခြင်းနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးမည်ဖြစ်ကြောင်း အမေရိကန် ကာကွယ်ရေးဝန်ကြီးဌာနက ယနေ့ ပြောကြား သည်။ လက်နက်ငယ်များ၊ ခဲယမ်းများနှင့် အခြား လက်နက်များ ပါဝင်သည့်အထုပ် ၂၇ ထုပ်ခန့်ကို ကိုဘာနီမြို့အား ကာကွယ်နေကြသော ပြည်သူ့စစ်များအတွက် တနင်္လာနေ့တွင် လေကြောင်းမှ ချပေးခဲ့ခြင်းဖြစ်သည်။

အထုပ်အများစုမှာ ကာ့ဒ်တိုက်ခိုက်ရေး သမားများ လက်ဝယ်သို့ ရောက်ရှိကြောင်း ပင်တဂွန်ပြောရေးဆိုခွင့်ရှိသူက ပြောကြား သည်။

ကိုဘာနီမြို့ နေရာအများစုကို ကာ့ဒ် တပ်ဖွဲ့များက သိမ်းပိုက်ထားနိုင်သော်လည်း အိုင်အက်စ်တပ်များက ဆက်လက် ခြိမ်းခြောက်နေဆဲဖြစ်သည်။ **ဘီဘီစီ။**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ကျား၊မ ရေးရာဆိုင်ရာ အရပ်ဘက်လူမှုအဖွဲ့အစည်းများ ကျား၊မရေးရာ မူဝါဒဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၂**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်နှင့်ကျား၊မ ရေးရာဆိုင်ရာ အရပ်ဘက် လူမှုအဖွဲ့အစည်းများ ကျား၊မ ရေးရာမူဝါဒဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ မင်းရဲကျော်စွာလမ်းရှိ ပန်ဒါဟိုတယ်၌ ကျင်းပရာ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေး၊ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲများမှ တာဝန်ရှိသူများနှင့်ကျား၊မရေးရာဆိုင်ရာ အရပ်ဘက်လူမှုအဖွဲ့အစည်း (၁၇)ဖွဲ့မှ အမျိုးသမီးကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အဆိုပါဆွေးနွေးပွဲတွင် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာဒေါ်မြင့်ကြည်က ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အနေဖြင့် ရွေးကောက်ပွဲ ကော်မရှင်လုပ်ငန်းစဉ်များကို ဖွံ့ဖြိုးတိုးတက်ရန် မဟာဗျူဟာ စီမံကိန်း တစ်ခုရေးဆွဲထားကြောင်း၊ မဟာဗျူဟာ စီမံကိန်းတွင် ပန်းတိုင် (၁၂)ခုပါရှိကြောင်း၊ ရွေးကောက်ပွဲလုပ်ငန်းစဉ်များတွင် အမျိုးသမီးများ မည်သို့ပါဝင်နိုင်သည်များကို ဝိုင်းဝန်းဆွေးနွေးကြရန်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ အုပ်စု(၄)စုဖွဲ့၍ တက်ရောက်လာသူများက မဟာဗျူဟာစီမံကိန်းတွင် ပါဝင်သော ပန်းတိုင်များ ဖြစ်သည့် ဥပဒေရေးရာ မူဘောင်၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဖွဲ့စည်းပုံ၊ လူ့စွမ်းအားအရင်းအမြစ်နှင့် ကျွမ်းကျင်မှု စွမ်းရည်ပျိုးထောင်တည်ဆောက်ခြင်း၊ ပြည့်စုံမှန်ကန်သောမဲဆန္ဒရှင်စာရင်း ပြုစုခြင်း၊ သတင်းအချက်အလက်နှင့်ဆက်သွယ်ရေးနည်းပညာ၊ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းဆောင်ရွက်မှုများ၊ ကဏ္ဍစုံမှပါဝင်ပတ်သက်သူများနှင့်ဆက်ဆံရေး၊ ပြည်သူများနှင့်မဲဆန္ဒရှင်များအား အသိပညာပေးခြင်း၊ အားလုံးပါဝင်ဆောင်ရွက်မှုမြှင့်တင်ခြင်း၊ နိုင်ငံရေးပါတီများနှင့်လွှတ်တော်ကိုယ်စားလှယ်လောင်းများ ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့် အညီလိုက်နာဆောင်ရွက်ခြင်း၊ ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုစသည်တို့တွင် အမျိုးသမီးများပါဝင်ဆောင်ရွက်နိုင်ရေးတို့ကို ဆွေးနွေးကြသည်။

ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဒေါက်တာ ဒေါ်မြင့်ကြည်က တိုင်းရင်းသားမျိုးနွယ်ပေါင်းစုံ၊ မသန်စွမ်းသူများ၊ အမျိုးသမီးများအနေဖြင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ရွေးကောက်ပွဲဥပဒေများတွင် ကျား၊မအားလုံး တန်းတူ မဲပေးခွင့်၊ တန်းတူ ဝင်ရောက်ယှဉ်ပြိုင်ခွင့်တို့ကို ပေးအပ်ထားသော်လည်း လက်ရှိအချိန်တွင် အမျိုးသမီးပါဝင်မှု ရာခိုင်နှုန်းနိမ့်ကျနေသည် ကိုတွေ့မြင်ရကြောင်း၊ ယနေ့ အစည်းအဝေးမှရရှိသော ဆွေးနွေးချက်များအပေါ်မူတည်၍ အမျိုးသမီးအဖွဲ့အစည်း အသီးသီးအနေဖြင့် ပူးပေါင်းဆောင်ရွက်ပါက အနာဂတ်တွင် အမျိုးသမီးများ နိုင်ငံရေးလုပ်ငန်း၊ ရွေးကောက်ပွဲလုပ်ငန်းစဉ်များတွင် ပိုမိုပါဝင်လာနိုင်မည်ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ အမျိုးသမီးအဖွဲ့အစည်း အသီးသီးက ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းကြောင်းပြောကြားပြီး အလုပ်ရုံဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်သည်။

**(သတင်းစဉ်)**



# မှတ်ပုံတင်မှုမြန်ဆန်ရန်နှင့် မှတ်ပုံတင်ကြေးလျှော့နည်းစေရန် ရန်ကုန်တက္ကစီများအတွက် ကနဦးအစီအစဉ်အဖြစ် ဆောင်ရွက်

**ရန်ကုန် အောက်တိုဘာ ၂၂**

ရန်ကုန်အခြေစိုက် အငှားယာဉ်(တက္ကစီ)များကို မှတ်ပုံတင်မှုပိုမိုမြန်ဆန်စေရန်နှင့် မှတ်ပုံတင်ကြေး လျှော့နည်းစေရန် ကနဦးအစီအစဉ်များချမှတ်ကာ ဆောင်ရွက်နေကြောင်း မထသ(ဗဟို)ဥက္ကဋ္ဌ ဦးလှအောင်က ပြောသည်။

အဆိုပါ ရန်ကုန်အခြေစိုက် အငှားယာဉ် (တက္ကစီ)များကို ယခုလ ၁ ရက်မှစတင်၍ မထသ(ဗဟို)စီမံကွပ်ကဲမှုအောက်တွင် ထားရှိကာ ဆောင်ရွက်နေပြီး လတ်တလောတွင် တက္ကစီအဖြစ် မှတ်ပုံတင်ခြင်းကိစ္စကို ဆောင်ရွက်နေခြင်းဖြစ်သည်။

"အရင်လို မကြန့်ကြာစေဘဲ လိုအပ်တဲ့အချိန်အတွင်းမှာ မှတ်ပုံတင်မှုပြီးစီးဖို့ ဆောင်ရွက်သွားမယ်၊ သူတို့မှတ်ပုံတင်ကြေးပေးသွင်းရတဲ့ကိစ္စမှာလည်း အရင်ကထက်လျှော့နည်းသက်သာတဲ့ နှုန်းမျိုးဖြစ်အောင် တိုင်းဒေသကြီးအစိုးရကို တင်ပြခွင့်ပြုချက်ယူပြီး ဆောင်ရွက်နေပါတယ်၊ ဒီပုဂ္ဂိုလ်တွေရဲ့အကျိုးကို မထသအနေနဲ့လုပ်ကိုင်ဆောင်ရွက်ပေးနေသလို တစ်ဖက်ကလည်း စည်းကမ်းထိန်းသိမ်းရေးအတွက် ဆောင်ရွက်နေပါတယ်"ဟု ၎င်းက ရှင်းပြခဲ့သည်။

ထိုအငှားယာဉ် (တက္ကစီ)များမှာ စီးတီးတက္ကစီအဖြစ်မှတ်ပုံတင်ရာတွင် တက္ကစီဘောက်စ်၊ ယာဉ်မောင်းဓာတ်ပုံ၊ ဆေးရေးခ၊ ယာဉ်မောင်းကတ်တို့အပါအဝင် ငွေကျပ် ၁၁၅၀၀ ကုန်ကျပြီး သက်တမ်းတိုးရာတွင် ကျပ် ၆၅၀၀ ကုန်ကျခြင်းကို ယင်းပမာဏထက်လျှော့နည်းသက်သာစေရန် စီစဉ်နေသော်လည်း ပမာဏမည်မျှသတ်မှတ်ပေးသွားမည်ကို ယခု လတ်တလောတွင်ထုတ်ဖော်ပြောဆိုနိုင်ခြင်းမရှိသေးကြောင်း သိရသည်။

မထသ(ဗဟို)မှ အထူးစစ်အဖွဲ့များဖြင့် စစ်ဆေးဆောင်ရွက်နေသည့် လမ်းကြောင်းများတွင် အငှားယာဉ်(တက္ကစီ)များ၏ အားနည်းချက်၊ အခက်အခဲများကို လေ့လာစစ်ဆေးနေကြောင်း သိရသည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မထသ(မြို့တွင်း)တွင် ၃၄၄၅၄ စီး၊ အနောက်ပိုင်းခရိုင် (မထသ)တွင် ၁၄၀၈၃ စီး၊ တောင်ပိုင်းခရိုင်(မထသ)တွင် ၉၂၃ စီး၊ မြောက်ပိုင်းခရိုင်(မထသ)တွင် ၅၆၇၁ စီးတို့အပါအဝင် စုစုပေါင်းအငှားယာဉ် စီးရေ ၅၅၁၃၁ ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအောက်မှ မထသ(ဗဟို)အောက်သို့ လွှဲပြောင်းလက်ခံခဲ့ပြီး စီးတီးတက္ကစီအဖြစ် မှတ်ပုံတင်မှုများကို ဆောင်ရွက်ခဲ့ရာ မထသ(ဗဟို)စီမံကွပ်ကဲသည့် အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အတွင်း အသစ်တိုးကာ မှတ်ပုံတင်လာသော စီးတီးတက္ကစီ ၈၉ စီးရှိလာခဲ့သည်။ **ထက်ခိုင်(စမ်းချောင်း)**

# ကမ္ဘာလှည့်ခရီးသွား မေ့ကျန်ခဲ့သောအိတ်အား ပိုင်ရှင်ထံ ပြန်လည်အပ်နှံ

**ညောင်ဦး အောက်တိုဘာ ၂၂**

ကမ္ဘာလှည့်ခရီးသွားဧည့်သည် နှစ်ဦး ပုဂံယဉ်ကျေးမှုနယ်မြေရှိ စားသောက်ဆိုင်တစ်ဆိုင်တွင် ညစာစားသောက်ပြီး မေ့ကျန်ခဲ့သော အိတ်တစ်လုံးအား ကမ္ဘာလှည့်ခရီးသွားလုံခြုံရေးရဲတပ်ဖွဲ့မှ တာဝန်ရှိသူများနှင့်ဆိုင်ပိုင်ရှင်တို့က အောက်တိုဘာ ၂၀ ရက်တွင် ပိုင်ရှင်နိုင်ငံခြားသားနှစ်ဦးထံသို့ ပြန်လည်အပ်နှံပေးခဲ့သည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၂၀ ရက် ည ၁၁ နာရီခန့်တွင် တပ်ဖွဲ့စုမှူး(ပုဂံ)မှ ဒုတိယရဲမှူး ခိုင်ဝင်းထံ ပုဂံမြို့သစ်ရှိ နှင်းဆီနက်စားသောက်ဆိုင်မှ နိုင်ငံခြားသားနှစ်ဦး မေ့ကျန်ခဲ့သော အိတ်တစ်လုံးအား လာရောက်အပ်နှံခဲ့သည်။

ထို့နောက် ရဲတပ်ဖွဲ့မှ တာဝန်ရှိသူများက အိတ်အားဖွင့်ကြည့်ခဲ့ရာ အိတ်အတွင်း၌ အမေရိကန်ဒေါ်လာ ၅၁၅ဒေါ်လာ၊ ကင်မရာအကြီးတစ်လုံး၊ နိုင်ငံစုံမှ ငွေအကြွေစေ့ ၁၄ စေ့၊ ပတ်စ်စပို့ စာအုပ်တစ်အုပ်တို့တွေ့ရှိရကြောင်း၊ ပတ်စ်ပို့စာအုပ်ပါအမည်မှာ ဘရားဇီးနိုင်ငံသား Mr.Bruno Frederico,P.P No. YB 235293, Visa No.B316317 ဖြစ်ကြောင်းနှင့် ၎င်းကို စုံစမ်းရှာဖွေခဲ့ရာ ပုဂံမြို့သစ်ရှိ ကုမုဒြာဟိုတယ်၊အခန်းအမှတ် (၂၀၂) တွင် တည်းခိုနေသည်ကို သိရှိရသဖြင့် ပိုင်ရှင်ဖြစ်သူ ဘရာဇီးနိုင်ငံသားနှင့်တွေ့ဆုံကာ ဟိုတယ်ဝန်ထမ်းများရှေ့၌ ၎င်းမေ့ကျန်ရစ်ခဲ့သော အိတ်နှင့်အတွင်းပါ ပစ္စည်းများအား စစ်ဆေးစေပြီး ပြန်လည်အပ်နှံပေးခဲ့ကြောင်း သိရသည်။ **ရဲသူရအောင်(ညောင်ဦး)**










# ငြိမ်းချမ်းရေးမေတ္တာပေးဝေပါ

**စန်းနီလာဝင်း**

တစ်ဖက်နှင့်တစ်ဖက်၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့မှအစ တစ်နိုင်ငံနှင့်တစ်နိုင်ငံအထိ လက်နက်များနှင့်စစ်ခင်းကြသည်။ စစ်ပွဲမှန်သမျှ၏ရလဒ်သည် စစ်နိုင်ခြင်း(သို့မဟုတ်) စစ်ရှုံးခြင်းဟူသော အဖြေတစ်ခုခုတော့ထွက်ရစမြဲပင်။ မည်သည့်စစ်ပွဲမျှ အားကစားပွဲများကဲ့သို့သရေကျသည်ဟူ၍မရှိပါ။ စစ်ပွဲမှန်သမျှ၌ စစ်အောင်နိုင်ဟုဆိုသော်လည်း လက်တွေ့တွင်မူ မိမိ၏တပ်ဖွဲ့ဝင်များ၏လက်နက်၊ ရိက္ခာ၊ ငွေကြေး၊အသက်သွေးချွေးတို့ကိုစတေးခံပြီးမှသာ အောင်ပွဲရရှိနိုင်ခြင်းပင်ဖြစ်သည်။ အခန့်မသင့်လျှင် အရပ်သူ အရပ်သားများပါကြားထဲကမြေစာပင်သဖွယ် အသက်၊ အိုးအိမ်၊ စည်းစိမ်များထိခိုက်ဆုံးရှုံးရပါသေးသည်။

ထို့ကြောင့်တစ်ဖက်ရန်သူကို စစ်အောင်နိုင်သည်ဆိုသော်လည်း တစ်ဖက်တွင် ဆုံးရှုံးခြင်းကို အရင်းအနှီးပြု၍ အောင်ပွဲဆင်နိုင်ခြင်းပင်ဖြစ်ရာ ထိုအောင်မြင်မှုသည် ကောင်းမြတ်သော အောင်မြင်မှုသက်သက်ဆိုနိုင်မည်မဟုတ်ပါ။ စစ်ရှုံးသည့်ဘက်ကဆိုလျှင် စစ်ရှုံးရသည့်အထဲ အသက်သွေး၊ ချွေး၊ရိက္ခာ၊လက်နက်၊ မြို့ရွာအိုးအိမ်များစွာပါ ဆုံးရှုံးရခြင်းကြောင့် နှစ်ခါရှုံးဘဝဖြစ်နေသဖြင့် မရှုမလှထိခိုက်နစ်နာကြရပါသည်။

တစ်ဖက်နှင့်တစ်ဖက် လက်နက်ကိုင်စစ်ပွဲများဆင်နွှဲကြခြင်းများနှင့်စပ်လျဉ်း၍ အနန္တကျေးဇူးတော်ရှင် မြတ်ဗုဒ္ဓသခင်က "သရဘင်"ဇာတ်တော်ကြီး၌ "ငြိမ်းချမ်းရေးဟူသော အကျိုးတရားကို ဘုရင်ကိုယ်တိုင် ဦးစီးဦးဆောင်ပြီး စစ်တပ်ကြီးဖြင့်ချီတက်တိုက်ခိုက်သော်လည်း မရရှိနိုင်ပေ။ ငြိမ်းချမ်းရေးဟူသော အကျိုးတရားကို ရယူခံစားလိုလျှင် တစ်ဦးနှင့်တစ်ဦး၊တစ်ဖက်နှင့်တစ်ဖက်၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံ အပြန်အလှန်မေတ္တာထားရှိခြင်း၊ သည်းခံခြင်းတို့ဖြင့် ရရှိခံစားနိုင်သည်" ဟု ဟောဖော်ညွှန်းပြတော်မူခဲ့ခြင်းဖြစ်ပါသည်။

၁၉၁၄ ခုနှစ်မှ ၁၉၁၈ ခုနှစ်အထိ လေးနှစ်ကြာဖြစ်ပွားခဲ့သော ပထမကမ္ဘာစစ်ကြီး၌ ထိုစဉ်က "မဟာမိတ်နိုင်ငံများ" (Allied Powers) ဖြစ်ကြသည့် ဗြိတိန်၊ ပြင်သစ်၊ အီတလီ၊ အမေရိကန်ပြည်ထောင်စု၊ ရုရှား၊ ရိုမေးနီးယား၊ ဂျပန်၊ ဆားဘီးယား၊ ဘယ်လ်ဂျီယံ၊ ဂရိ၊ ပေါ်တူဂီ၊ မွန်တီနီဂရိုးတို့ဘက်မှ ကျဆုံးခဲ့သည့် တပ်ဖွဲ့ဝင်အင်အားမှာ ၅၁၅၂၁၁၅ ဦးရှိခဲ့သည်။ တစ်ဖက်တွင် ထိုစဉ်က ဗဟိုရန်သူနိုင်ငံများ (Central Enemy States) ဟု ခေါ်ဝေါ်သတ်မှတ်ခဲ့ကြသည့် ဂျာမနီ၊ ဩစတြီးယား-ဟန်ဂေရီ၊ တူရကီ၊ ဘူလ်ဂေးရီးယားတို့ဘက်မှ ကျဆုံးခဲ့သည့်တပ်ဖွဲ့ဝင်ဦးရေမှာ ၃၃၈၆၂၀၀ ဦးရှိခဲ့၍ အားလုံး စုစုပေါင်း ၈၅၃၈၃၁၅ ဦးရှိခဲ့သည်ဟု ၁၉၂၄ ခုနှစ်တွင် အမေရိကန်ကာကွယ်ရေးဌာနမှ ထုတ်ပြန်ခဲ့သောစာရင်းအရ သိရသည်။

၁၉၃၉ ခုနှစ်မှ ၁၉၄၅ ခုနှစ်အထိဖြစ်ပွားခဲ့သော ဒုတိယကမ္ဘာစစ်ကြီး၌ ထိုစဉ်က "မဟာမိတ်နိုင်ငံများ" ဖြစ်ခဲ့ကြသည့် ဗြိတိန်၊ ပြင်သစ်၊ ဂရိ၊ ဩစတြေးလျ၊ ဘယ်လ်ဂျီယံ၊ ကနေဒါ၊ တရုတ်၊ ဒိန်းမတ်၊ အိန္ဒိယ၊ နယ်သာလန်၊ နယူးဇီလန်၊ နော်ဝေ၊ ပိုလန်၊ တောင်အာဖရိက၊ ဆိုဗီယက်၊ အမေရိကန်၊ ယူဂိုဆလားဗီးယားတို့ဘက်မှ ကျဆုံးခဲ့သည့် တပ်ဖွဲ့ဝင်အင်အားမှာ ၁၁၃၇၂၈၁ ဦးရှိခဲ့သည်။ တစ်ဖက်တွင် ထိုစဉ်က "ဝင်ရိုးတန်းနိုင်ငံများ" (Axis Powers)ဟု ခေါ်ဝေါ်သတ်မှတ်ခဲ့ကြသည့် ဂျာမနီ၊ ဂျပန်၊ အီတလီ၊ ဘူလ်ဂေးရီးယား၊ ဖင်လန်၊ ဟန်ဂေရီ၊ ရိုမေးနီးယားနိုင်ငံတို့ဘက်မှ ကျဆုံးခဲ့သည့်တပ်ဖွဲ့ဝင်ဦးရေမှာ ၅၃၂၈၄၉၄ ဦးရှိခဲ့၍ နှစ်ဖက်စလုံးအားလုံးစုစုပေါင်း ကျဆုံးခဲ့သောတပ်ဖွဲ့ဝင်ဦးရေမှာ ၁၆၆၉၉၇၇၅ ဦးရှိသည်ဟု သိရသည်။

ပထမကမ္ဘာစစ်ကြီးအတွင်းကျဆုံးခဲ့သည့် တပ်ဖွဲ့ဝင်ဦးရေမှာ ၁၀ သန်းပင်မပြည့်ခဲ့သော်လည်း ဒုတိယကမ္ဘာစစ်အတွင်းကျဆုံးခဲ့သည့် တပ်ဖွဲ့ဝင်ဦးရေမှာ ၁၇ သန်းနီးပါးရှိခဲ့သည်ဟု ဆိုသည်။ အချို့သုတေသနစာရင်းများအရ ပထမကမ္ဘာစစ်ကြီးအတွင်း သေကျေအနာတရဖြစ်ရသည့် အရပ်သားဦးရေမှာ ၈၃၆၉၄၀၀ ရှိခဲ့ပြီး ဒုတိယကမ္ဘာစစ်ကြီးအတွင်း သေကျေအနာတရဖြစ်ရသည့် အရပ်သားဦးရေမှာ ၉၇၁၂၁၀၀ ရှိခဲ့ကြောင်း လေ့လာသိရှိရသည်။

ပထမကမ္ဘာစစ်ကြီးမှ ရရှိသောအနိဋ္ဌာရုံများကြောင့် နောင်ဤကဲ့သို့ ကမ္ဘာစစ်ကြီးမဖြစ်ပေါ်စေရန် ရည်ရွယ်ပြီး ၁၉၂၀ ပြည့်နှစ်တွင် အမေရိကန်၊ ဗြိတိန်၊ ပြင်သစ်တို့က ဦးဆောင်ကာ ဆွစ်ဇာလန်နိုင်ငံ ဂျနီဗာမြို့၌ "နိုင်ငံပေါင်းချုပ်အသင်းကြီး" (League of Nations) ကို အဖွဲ့ဝင် ၄၂ နိုင်ငံဖြင့်စတင်ဖွဲ့စည်းခဲ့သည်။ ထိုအဖွဲ့ကြီး၏ ရည်ရွယ်ချက်များမှာ (၁)ကျူးကျော်ဝင်ရောက်မှုကို မည်သည့်နိုင်ငံကမျှ အားပေးခြင်းမပြုရန်၊ (၂)နိုင်ငံအချင်းချင်းပူးပေါင်းဆောင်ရွက်မှုကိုအားပေးရန်၊ (၃) လက်နက်ဖျက်သိမ်းရေးကို လှုံ့ဆော်ပေးရန်၊ (၄)ကမ္ဘာနှင့်အဝှမ်းရှိ လူသားများ၏ လူနေမှုဘဝနှင့် အလုပ်အကိုင်ရရှိမှုအခြေအနေများကို ပိုမိုကောင်းမွန်လာစေရန်ဟူ၍ဖြစ်သည်။ ဒုတိယကမ္ဘာစစ်ကြီး စတင်ဖြစ်ပွားချိန်အထိ အဖွဲ့ဝင်နိုင်ငံပေါင်း ၅၈ နိုင်ငံရှိခဲ့သည်။

ထို့အတူ ၁၉၃၉ ခုနှစ်မှ ၁၉၄၅ ခုနှစ်အတွင်း ဖြစ်ပွားခဲ့သော ဒုတိယကမ္ဘာစစ်ကြီး၏အနိဋ္ဌာရုံများက ပိုမိုများပြားလာခဲ့သည်။ အဆိုးရွားဆုံးအနိဋ္ဌာရုံကြီးမှာ အဏုမြူဗုံးလက်နက် အန္တရာယ်ပင်ဖြစ်သည်။ အမေရိကန်ပြည်ထောင်စုက ၁၉၄၅ ခုနှစ် ဩဂုတ် ၇ ရက်တွင် ဂျပန်နိုင်ငံ ဟီရိုရှီးမားမြို့ပေါ်သို့ အဏုမြူဗုံးတစ်လုံးကို ကြဲချတိုက်ခိုက်ခဲ့ရာ မြို့သူမြို့သားပေါင်း ၇၈၀၀၀ ခန့် အသက်ဆုံးရှုံးခဲ့ကြရပြီး လူ ၁၄၁၀၀ ခန့် ပျောက်ဆုံးသွားကာ လူ ၄၁၀၀၀ ကျော် ဒဏ်ရာရရှိခဲ့ကြသည်။ အဏုမြူဗုံးကြဲချခံရသည့် နေရာကိုက် ၄၄၀ ပတ်လည်အတွင်းရှိ လူ ၉၅ ရာခိုင်နှုန်းသေဆုံးခဲ့ကြရသည်ဟု သိရသည်။

တစ်ဖန် ၁၉၄၅ ခုနှစ် ဩဂုတ်လ ၉ ရက်နေ့တွင် အမေရိကန်က ဂျပန်နိုင်ငံ နာဂါဆာကီမြို့ပေါ်သို့ နောက်ထပ်အဏုမြူဗုံးတစ်လုံးချခဲ့ပြန်ရာ မြို့သူမြို့သားပေါင်း ၇၃၀၀၀ သေဆုံးခဲ့ကြရပြီး ဒဏ်ရာရရှိသူပေါင်း တစ်သိန်းကျော်ရှိခဲ့သည်။ သို့သောအခါ ကမ္ဘာကျော်သိပ္ပံပညာရှင်ကြီး အဲလ်ဘတ်အိုင်းစတိုင်း (Albert Einstein) က အဏုမြူလက်နက်၏ အန္တရာယ်ကို ကာကွယ်တားဆီးနိုင်ရေးနှင့်စပ်လျဉ်း၍ "လူကိုသေစေနိုင်သော လက်နက်ကျည်ဆန်ကို သံချပ်ကာဖြင့် ကာကွယ်နိုင်ပါ၏။ ယဉ်ကျေးမှုတစ်ရပ်လုံးကို ဇီဝိန်ချုပ်စေနိုင်သည့် အဏုမြူဗုံးအန္တရာယ်မှ ကာကွယ်ရန်နည်းလမ်းကား လုံးဝမရှိပါ။ လက်နက်ကို လက်နက်ဖြင့် ယှဉ်သည့်နည်းဖြင့်မကာကွယ်နိုင်။ သိပ္ပံပညာကိုလည်း အားကိုး၍မရနိုင်၊ မကာကွယ်နိုင်၊ မြေကျင်းအောင်း၍လည်း မလုံခြုံ၊ ကျွန်ုပ်တို့အတွက် တစ်ခုတည်းသော အကာအကွယ်မှာ ဥပဒေ၌သာတည်၏။ စည်းစနစ်ကျနသော စီမံကွပ်ကဲမှု၌သာတည်၏"ဟု ကြေညာသွားခဲ့ပေသည်။ သိပ္ပံပညာရှင်ကြီး အိုင်းစတိုင်း၏ဆိုလိုရင်းမှာ ကမ္ဘာပေါ်တွင် အဏုမြူလက်နက်များကို ကာကွယ်တားဆီးရန်မှာ ဥပဒေစိုးမိုးသောစနစ်ကျသည့် ကမ္ဘာကြီး (A World of Law and Order) ဖြစ်ပေါ်နေမှသာ ဖြစ်နိုင်မည်ဟု ဆိုလိုခြင်းပင်ဖြစ်သည်။

ဒုတိယကမ္ဘာစစ်ကြီးထက် အဆပေါင်းများစွာဆိုးရွားလာနိုင်သော တတိယကမ္ဘာစစ်ကြီး နောက်ထပ်ထပ်မံမဖြစ်စေရန် "ကုလသမဂ္ဂပဋိညာဉ်စာတမ်း" (The Charter of the UN) မူကြမ်းကို ထိုစဉ်က နိုင်ငံပေါင်း ၅၀ မှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များက ၁၉၄၅ ခုနှစ် ဇွန် ၂၉ ရက်တွင် လက်မှတ်ရေးထိုးခဲ့ကြပြီး ၁၉၄၅ ခုနှစ် အောက်တိုဘာ ၂၄ ရက်မှ စတင်၍ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီး (UN -United Nations Organization) ဟူ၍ တရားဝင်ရပ်တည်ရန် ပေါ်ပေါက်လာခဲ့သည်။ ကုလသမဂ္ဂပဋိညာဉ်စာချုပ်ကြီးတွင် နိဒါန်းအပြင် အခန်း ၁၉ ခန်းအောက်၌ စာပိုဒ်ပေါင်း ၁၁၁ ပိုဒ်ပါဝင်သည်။

ကုလသမဂ္ဂပဋိညာဉ်စာချုပ်စာပိုဒ်(၁)၊ အပိုဒ်ခွဲ-၁၊ ၂၊ ၃၊ ၄ တို့၌လည်း (၁) ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိန်းသိမ်းရန်၊ (၂) နိုင်ငံအချင်းချင်းချစ်ကြည်စွာဆက်ဆံမှုတိုးတက်စေရန်၊ (၃)အပြည်ပြည်ဆိုင်ရာပြဿနာတို့ကို ဖြေရှင်းရာ၌ နိုင်ငံအချင်းချင်းပူးပေါင်းဆောင်ရွက်ကြရန်၊ (၄) အဖွဲ့ကြီး၏ ပန်းတိုင်ကို ဆွတ်ခူးနိုင်ရန်အလို့ငှာ နိုင်ငံအသီးသီး၏ ကြိုးပမ်းအားထုတ်မှုအရပ်ရပ်ကို သဟဇာတဖြစ်အောင် ဆက်စပ်ညှိနှိုင်းပေးရာ ဗဟိုဌာနတစ်ခုအဖြစ်သို့ ရောက်ရှိကြစေရန်ဟူသော ရည်ရွယ်ချက်များကို ဖော်ပြပြဋ္ဌာန်းထားသည်။ ။

(ဆက်လက်ဖော်ပြပါမည်)

# ကုလပန်းခင်း

❖ ကမ္ဘာရွာကြီးကို
အလှပိုစေရေး။
အဖွဲ့ဝင်နိုင်ငံတိုင်း
ညှိနှိုင်းဆွေးနွေး။

❖ လူ့ကိစ္စ လူ့ပြဿနာ
မေတ္တာနှင့်ဖြေရှင်း။
မုန်းစကားဆိုဗိုလ်မကျနှင့်
ဒေါသ မာန်ကင်း။

❖ လက်ဝဲ၊ လက်ယာ
မျိုး၊ ဘာသာကြီး၊ ငယ်မရွေး။
ချစ်ကြည်ဖြူတန်းတူထား
မခွဲခြားရေး။

❖ ယဉ်ကျေးမှုအတန်တန်
စစ်ဒဏ်ကြောင့်ပျက်စီး။
အသေခံပုံးခွဲ
သေ၊ ကွဲပူမီး။

❖ လူသားတို့ကမ္ဘာရွာ
ငြိမ်းချမ်းကာသာယာဖို့။
မြင်မတော် ကျူးကျော်စစ်ဆို
တားမြစ်ကြစို့။

❖ ကမ္ဘာရွာနိုင်ငံများ
လိုလားတဲ့ပန်းမာလာ
ငြိမ်းချမ်းရေးပါ။
ခြောက်ဆယ်ကျော်လာ
လေယူရာရနံ့သင်း။
ဖူးပွင့်ခက်ဝေ
ရှေ့ဆက်ရှင်သန်စေဖို့
ဖွဲ့ဝင်တွေစည်ပြုစုမယ်
ကုလပန်းခင်း။ ။

(ကုလသမဂ္ဂ (၆၉)နှစ်မြောက် အထိမ်းအမှတ်)

**မောင်ကျေးဖူး**



ပြည်သူ့လွှတ်တော်အစည်းအဝေး

# ရွှေ့ပြောင်းလုပ်သားရေစာရင်းသည် ၂၀၁၅ ခုနှစ်အတွင်းတွင်ထုတ်ပြန်မည့် ပင်မသန်းခေါင်စာရင်းအစီရင်ခံစာနှင့် အနည်းငယ်ကွာဟမှုများရှိမည်ဖြစ်

**နေပြည်တော် အောက်တိုဘာ ၂၂**

ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် အစည်းအဝေး (၂၂) ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပသည်။

ဘားအံမဲဆန္ဒနယ်မှ ဒေါ်နန်းစေအွာ၏ **မြန်မာနိုင်ငံအတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ကောက်ယူရရှိသော လူဦးရေစာရင်းနှင့် တိုင်းရင်းသားများ၏ လူဦးရေစာရင်းများကိုသိလိုခြင်း** မေးခွန်းနှင့် စပ်လျဉ်း၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမြင့်က ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းမှ ရွှေ့ပြောင်းလူဦးရေစာရင်းကို ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါကြောင်း၊ အဆိုပါစာရင်းတွင် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့ပြနှင့် ကျေးလက်ကျား၊မ လူဦးရေစာရင်းနှင့် မြို့နယ်အလိုက် အိမ်ထောင်စုနှင့် အဖွဲ့အစည်းများ၏ ကျား၊မ လူဦးရေစာရင်းများပါဝင်ပါကြောင်း၊ လူဦးရေစာရင်းစာအုပ်မှ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက်လူဦးရေစာရင်းအား ပူးတွဲဖော်ပြထားပြီး ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့သို့လည်း ပေးပို့ထားပြီးဖြစ်ပါကြောင်း။

ယင်းရွှေ့ပြောင်းလူဦးရေစာရင်းသည် ၂၀၁၅ခုနှစ်အတွင်းတွင် ထုတ်ပြန်မည့် ပင်မသန်းခေါင်စာရင်းအစီရင်ခံစာနှင့် အနည်းငယ်ကွာဟမှုများရှိမည်ဖြစ်ပါကြောင်း၊ တိုင်းရင်းသားများ၏ လူဦးရေစာရင်းကိုအခြေခံသာထုတ်ပြန်နိုင်မည်ဖြစ်ပြီး လူမျိုး၊ ကိုးကွယ်သည့်ဘာသာ၊ အလုပ်အကိုင် စသည်တို့ကို ထုတ်ပြန်နိုင်မည်မဟုတ်ပါကြောင်း။

ပြည်လုံးကျွတ်သန်းခေါင်စာရင်း၏ ဒုတိယလုပ်ငန်းစဉ်အဖြစ် ထွက်ပေါ်လာမည့် တိုင်းရင်းသားလူမျိုးစု၊ မျိုးနွယ်စုအမည် အရေအတွက်ပေါ်မူတည်ပြီး ပါဝင်ပတ်သက်သော တိုင်းရင်းသားအဖွဲ့အစည်းများဖြင့် ညှိနှိုင်းပြီးမှသာထုတ်ပြန်နိုင်မည်ဖြစ်ပါသောကြောင့် ထပ်မံအချိန်ယူရန်လိုအပ်ပါကြောင်းဖြင့် ဖြေကြားသည်။



လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမြင့်။



ဘားအံမဲဆန္ဒနယ်မှ ဒေါ်နန်းစေအွာ။

တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ် ဗိုလ်မှူးဆွေလင်းမြင့်၏ **ပြည်တွင်း စက်သုံးဆီနှင့် သဘာဝဓာတ်ငွေ့များသုံးစွဲမှု၊ ပြည်ပမှ တင်သွင်းမှုပမာဏ၊ အခွန်ဘဏ္ဍာကောက်ခံရရှိမှုနှင့် စက်သုံးဆီအရည်အသွေး စစ်ဆေးခွင့်ပြုမှုအခြေအနေတို့အား သိရှိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်း၍** စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက ပြည်တွင်းစက်သုံးဆီသုံးစွဲမှုအနေဖြင့် ၂၀၁၁ ခုနှစ်မှ ၂၀၁၃ ခုနှစ်အထိ ဓာတ်ဆီ နှစ်စဉ်ပျမ်းမျှ ၁၅၉ ဒသမ ၈၅သန်း ဖြန့်ဖြူးခဲ့ပြီး ဒီဇယ်ဆီကို နှစ်စဉ် ပျမ်းမျှ ၃၈၆ ဒသမ ၃၁သန်းကို ဖြန့်ဖြူးပေးခဲ့ပါကြောင်း၊ ပုဂ္ဂလိကကုမ္ပဏီများမှ တင်သွင်းသည့် ပမာဏမှာ ဓာတ်ဆီအနေဖြင့် နှစ်စဉ်ဖြန့်ဖြူးမှု၏ ၃၉ ဒသမ ၉၄ရာခိုင်နှုန်း ပြည်ပမှ တင်သွင်းခဲ့ရပြီး ဒီဇယ်ဆီကိုလည်း နှစ်စဉ်ဖြန့်ဖြူးမှု၏ ၇၂ ဒသမ ၈၈ ရာခိုင်နှုန်းကို ပြည်ပမှ တင်သွင်းခဲ့ရပါကြောင်း။

ဘဏ္ဍာရေးနှစ်အလိုက် စက်သုံးဆီတင်သွင်းမှုများမှ အကောက်ခွန်ကုန်သွယ်လုပ်ငန်းခွန်အဖြစ် ရရှိသည့်ဝင်ငွေများမှာ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် ငွေကျပ် ၆၆၅၃၁ ဒသမ ၂၇သန်း၊ ၂၀၁၂-၂၀၁၃ခုနှစ်တွင် ကျပ်သန်း ၁၀၇၁၈၂ ဒသမ ၁၂သန်းနှင့် ၂၀၁၃-၂၀၁၄ခုနှစ်တွင်ငွေကျပ် ၂၁၀၂၇၉ ဒသမ၈၄သန်း တို့ရရှိပါကြောင်း။

စက်သုံးဆီစစ်ဆေးမှုနှင့် ပတ်သက်၍ သတ်မှတ်ထားသည့် အရည်အသွေး စံညွှန်းများနှင့်တိုက်ဆိုင်စစ်ဆေးပြီး ကိုက်ညီမှုရှိမှသာ စက်သုံးဆီ တင်သွင်းခွင့်လိုင်စင်ကို ခွင့်ပြုပေးပါကြောင်း၊ စက်သုံးဆီတင်သွင်းသည့် ရေယာဉ် ရောက်ရှိလာသည့်အခါတွင် တင်သွင်းလာသည့် စက်သုံးဆီနမူနာကိုစစ်ဆေးရေးအဖွဲ့မှ ဓာတ်ခွဲစမ်းသပ်ခန်းသို့ပေးပို့ပြီး ဓာတ်ခွဲခန်းရလဒ်တွင် သတ်မှတ်အရည်အသွေး စံချိန်စံညွှန်းအတိုင်း ကိုက်ညီမှသာ ရေယာဉ်ပေါ်မှ ချခွင့်ပြုပါကြောင်းဖြင့် ဖြေကြားသည်။

အစည်းအဝေးတွင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဥပဒေပြုရေးမဏ္ဍိုင်အနေဖြင့် ဆောင်ရွက်ရန်လိုအပ်မည့် အချက်များနှင့်စပ်လျဉ်း၍ အကြံပြုချက်နှင့် သုံးသပ်ချက်များကို တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ်တင့်ဆန်းက ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးစိုးညွန့်ကလည်း ပြန်လည် ရှင်းလင်းတင်ပြခဲ့သည်။

**(သတင်းစဉ်)**

အမျိုးသားလွှတ်တော်အစည်းအဝေး

# လယ်မဲ့၊ ယာမဲ့၊ မှီခိုသူမဲ့များ အခြေတကျနေထိုင်နိုင်ရေး မြို့ပြစီမံကိန်း၊ ကျေးရွာစီမံကိန်းများ ရေးဆွဲဆောင်ရွက်လျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၂၂**

ပထမအကြိမ် အမျိုးသားလွှတ်တော်(၁၁) ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၂) ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် အမျိုးသားလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ရခိုင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမောင်အေးထွန်း၏ **နိုင်ငံတော်မှဆောင်ရွက်နေသည့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းတွင် လယ်မဲ့၊ ယာမဲ့၊ အိမ်မဲ့၊ မှီခိုသူမဲ့ ဆင်းရဲသားများအတွက် သီးသန့်အစီအမံများချမှတ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ငွေက လယ်မဲ့၊ ယာမဲ့၊ မှီခိုသူမဲ့များ အခြေတကျနေထိုင်နိုင်ရေးအတွက် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များအလိုက် မြို့ပြစီမံကိန်း Town Plan, Village Plan များရေးဆွဲပြီး အိမ်ရာမြေများတိုးချဲ့၍ အိမ်ထောင်ခွဲ၊ အိမ်ရာမဲ့များကို



ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမောင်အေးထွန်း။

ဦးစားပေးနေရာချထားပေးရန်နှင့် သက်ဆိုင်ရာဌာနများက အသုံးမပြုသည့် မြေများကို ပြန်လည်စွန့်လွှတ်ပေးနိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ဖြေကြားသည်။

ထို့နောက် စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် (၄) ဦးက ဆွေးနွေးကြသည်။

တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးအောင်ကျော်ဇောက မူလအချိုးသင့်ပိုင်ဆိုင်မှုဆိုသည်မှာ စုပေါင်းပိုင် အဆောက်အအုံရှိ အိမ်ခန်းအသီးသီးအတွက် လွှဲပြောင်းသည့် တန်ဖိုးအလို့ငှာလည်းကောင်း၊ စုပေါင်းပိုင်အဆောက်အအုံကို စီမံခန့်ခွဲရေးနှင့် ထိန်းသိမ်းစောင့်ရှောက်ရေးအတွက်ထည့်ဝင်ရမည့် ရန်ပုံငွေပမာဏအတွက် လည်းကောင်း၊ သက်ဆိုင်ရာ အဆောက်အအုံ စီမံခန့်ခွဲရေးကော်မတီ၏ သဘောတူညီချက်ဖြင့် တည်ထောင်သူနှင့် အကျိုးသက်ဆိုင်သူများညှိနှိုင်းသတ်မှတ်ထားသည့် အချိုးသင့်ပိုင်ဆိုင်မှုတန်ဖိုးဟူ၍ လည်းကောင်း၊ စုပေါင်းပိုင် အဆောက်အအုံများဆောက်လုပ်ရာတွင် သတ်မှတ်ဒီဇိုင်းပုံစံ၊ စံချိန်စံညွှန်းနှင့်အညီ ဆောက်လုပ်မှု ရှိ/မရှိ စစ်ဆေးကြပ်မတ်ခြင်း (သို့မဟုတ်) အတိုင်ပင်ခံအရည်အသွေးစစ်ဆေးကြပ်မတ်ရေး အဖွဲ့များ ငှားရမ်းကြီးကြပ်၍ဆောက်လုပ်စေခြင်း၊ တည်ထောင်သူသည် ဆောက်



မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ငွေ။

လုပ်မည့် စုပေါင်းပိုင်အဆောက်အအုံ၏ အမျိုးအစားအလိုက် အင်ဂျင်နီယာ စံနှုန်းများအရ သတ်မှတ်ထားသည့် ကာလအပိုင်းအခြားတစ်ခုထိ အဆောက်အအုံခိုင်ခံ့မှုကို တာဝန်ယူခြင်း၊ စုပေါင်းပိုင်အဆောက်အအုံကို အသုံးပြုမည့်အမျိုးအစားအပေါ်မူတည်၍ လုံလောက်သည့် ယာဉ်ရပ်နားရန်နေရာများကို နိုင်ငံတကာစံချိန်စံညွှန်း သတ်မှတ်ချက်များနှင့်အညီ ထည့်သွင်းဆောက်လုပ်ခြင်းဟူ၍ ပြင်ဆင်ဖြည့်စွက်လိုကြောင်းဖြင့် ဆွေးနွေးသည်။

**တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးရဲမင်းထွေးက** ဖွဲ့စည်းထားသည့် နေပြည်တော်ကောင်စီ စီမံခန့်ခွဲရေးကော်မတီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စီမံခန့်ခွဲရေး ကော်မတီများတွင် အထပ်မြင့်အဆောက်အအုံ တည်ဆောက်ရေးစီမံကိန်းများ ကြီးကြပ်စစ်ဆေးရေးပညာရှင်အဖွဲ့မှ ကိုယ်စားလှယ်တစ်ဦးစီအားထည့်သွင်းဖွဲ့စည်းသင့်ပါကြောင်း၊ စုပေါင်းပိုင်အဆောက်အအုံများ၏ ဘေးကင်းစိတ်ချလုံခြုံရေးနှင့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိစေရေးအတွက် သတ်မှတ်တင်ပြထားသည့်ပုံစံများ၊ ဒီဇိုင်းများ၊ စံချိန်စံညွှန်းများနှင့်အညီ အရည်အသွေးပြည့်ဝစွာဆောက်လုပ်ရေးအတွက် လုပ်ငန်းအဆင့်များအလိုက် အဆင့်ဆင့်ကြီးကြပ်ဆောင်ရွက်ခြင်း၊ မှတ်ပုံတင်အရာရှိသည် စုပေါင်းပိုင်အဆောက်အအုံ၏အိမ်ခန်းများကို တည်ထောင်သူက စုပေါင်းပိုင်သူအသီးသီး၏ အမည်လွှဲပြောင်းရေးအတွက် သက်ဆိုင်ရာစာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင်ဆောင်ရွက်ရမည်ဟူ၍ ပြင်ဆင်ဖြည့်စွက်လိုကြောင်းဖြင့် ဆွေးနွေးခဲ့သည်။

ယင်းနောက် ကချင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဖေသောင်းက **မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါး၏ ကျေးကျွန်ဘဝအဖြစ်သို့ ရောက်ရှိနေကြသည့် လူငယ်လူရွယ်များကို လူထုဗဟိုပြုအဖွဲ့အစည်းများနှင့် တာဝန်ရှိ အစိုးရဌာနများ၊ INGO, NGO အဖွဲ့အစည်းများ ပူးပေါင်း၍ မြို့နယ်တိုင်းတွင် လူငယ်များလမ်းမှားပေါ် မရောက်ရှိစေရေးအတွက် ပြုစုပျိုးထောင်ပေးနိုင်မည့် မူးယစ်ပညာပေး လေ့ကျင့်ရေးစခန်းများ ဖွင့်လှစ်ပေးနိုင်မည့် စီမံကိန်းမျိုးကို အမြန်ဆုံးဆောင်ရွက်ပေးနိုင်ရန်** ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်း အဆိုတင်သွင်းရာ လွှတ်တော်က ဆွေးနွေးရန်ဆုံးဖြတ်ခဲ့သည်။

**( သတင်းစဉ် )**

# ငွေကျပ် ၅၀ နှုန်း ခရီးစဉ်ပိုင်းဖြတ်ပြေးဆွဲပါက အမျိုးသမီးသီးသန့်ယာဉ်လိုင်းပြေးဆွဲခွင့်ပြု

**ရန်ကုန် အောက်တိုဘာ ၂၂**

ခရီးစဉ်တစ်လျှောက်တွင် အပိုင်းလိုက်ဖြင့် တစ်ပိုင်းလျှင် ငွေကျပ် ၅၀ နှုန်းသတ်မှတ်ကောက်ခံကာ ပြေးဆွဲမည်ဆိုပါက အမျိုးသမီးသီးသန့်ယာဉ်လိုင်းများ ပြေးဆွဲခွင့်ပြုပေးထားပြီဖြစ်ကြောင်း မထသ(ဗဟို) ဥက္ကဋ္ဌ ဦးလှအောင်က ပြောသည်။

ရန်ကုန်မြို့တွင်း ခရီးသည်တင်ယာဉ်လိုင်းများတွင် လုပ်ကိုင်နေသော ယာဉ်ပိုင်ရှင်များက အမျိုးသမီးသီးသန့်ယာဉ်လိုင်းအဖြစ် ပြေးဆွဲခွင့်ပြုရန်နှင့် ယာဉ်စီးခနှုန်းကို အတက်၊အဆင်း ပုံသေငွေကျပ် ၂၀၀ နှုန်းဖြင့် လည်းကောင်း(သို့မဟုတ်) ခရီးစဉ်အစ၊အဆုံးကို သုံးပိုင်းပိုင်းပြီး တစ်ပိုင်းတွင် ငွေကျပ် ၁၀၀ နှုန်းဖြင့် လည်းကောင်း စသည့်နည်းလမ်းနှစ်မျိုးကို တင်ပြခွင့်ပြုချက် တောင်းခံရာတွင် ခရီးစဉ်တစ်ပိုင်းလျှင် ငွေကျပ် ၅၀ နှုန်းသာ သတ်မှတ်၍ပြေးဆွဲရန် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ခွင့်ပြုချက်ပေးလိုက်ခြင်း ဖြစ်ကြောင်း သိရသည်။

"ငွေကျပ် ၅၀ နဲ့ ခရီးစဉ်တစ်လျှောက်လုံးကို ခြောက်ပိုင်းပိုင်းပြီး ပြေးဆွဲဆောင်ရွက်နိုင်ပါက ပြေးဆွဲနိုင်ပါတယ်လို့ တိုင်းဒေသကြီးအစိုးရအဖွဲ့က ခွင့်ပြုထားတယ်။ အဲ့ဒီသတ်မှတ်ချက်နဲ့ ဆွဲနိုင်ရင် မထသ(ဗဟို)ကိုလည်း ပြေးဆွဲနိုင်ကြောင်း အကြောင်းပြန်ပါလို့ ပြောထားတာ အခုထိတော့ အကြောင်းမပြန်သေးဘူး"ဟု ၎င်းက ရှင်းပြသည်။

ရန်ကုန်မြို့တွင်း ခရီးသည်တင်ယာဉ်လိုင်းများတွင် လုပ်ကိုင်နေသည့် ယာဉ်ပိုင်ရှင်များ စုစည်းကာ အမျိုးသမီးသီးသန့်ယာဉ်လိုင်းအဖြစ် ပြေးဆွဲမှုကို မထသ ၃၁ ယာဉ်လိုင်းမှ အကောင်အထည်ဖော်ရန် စီစဉ်တင်ပြခြင်းဖြစ်ကြောင်း ဆက်လက်သိရှိရသည်။

**ထက်ခိုင်(စမ်းချောင်း)**

ပြည်တွင်းရေးရာ

# မဟာဗောဓိတထောင်ကျောင်းတိုက်ရှိ လေးကျွန်းစကြာရပ်တော်မူမြတ်စွာဘုရားကြီးအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဖူးမြော်ကြည်ညို



**နေပြည်တော် အောက်တိုဘာ ၂၂**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြည်ကြည်လှ၊ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းနောင်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် မုံရွာမြို့နယ် ခတက္ကန်တောင်ရွာ မဟာဗောဓိတထောင် ကျောင်းတိုက်ရှိ လေးကျွန်းစကြာရပ်တော်မူ မြတ်စွာဘုရားကြီးအား ဖူးမြော်ကြည်ညိုသည်။

ဦးစွာ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့သည် မြေညီထပ်ရှိ အရှေ့ဘက်မုခ်ရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်း၊ ဆီမီးဆက်ကပ်လှူဒါန်းပူဇော်၍ အလှူငွေများပေးအပ်သည်။

ယင်းနောက် မြေညီထပ်အတွင်းရှိ ရုပ်ပွားတော်မြတ်အား လက်ယာရစ်လှည့်လည်ပူဇော်ကာ ဧည့်သည်တော်မှတ်တမ်းတွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး ဦးဆောင်သောအဖွဲ့ဝင်များသည် လေးကျွန်းစကြာရပ်တော်မူရုပ်ပွားတော်ကြီးအတွင်း ၂၈ ထပ်သို့ တက်ရောက်၍ ကြည်ညိုပူဇော်ခဲ့ပြီးနောက် ဘုရားကြီးအရှေ့ဘက်အာရုံခံတန်ဆောင်းမှ ဘုရားကြီးအား ပန်း၊ ရေချမ်း၊ ဆီမီးဆက်ကပ်လှူဒါန်းပူဇော်ကန်တော့ကြသည်။

ဆက်လက်၍ ဗုဒ္ဓရွှေကျောင်းတော်သို့ ရောက်ရှိပြီး ဘဒ္ဒန္တသောဘိတ အမှူးပြုသော မဟာဗောဓိတထောင်နာယကဆရာတော်များထံမှ ငါးပါးသီလခံယူဆောက်တည်သည်။

ထို့နောက် တည်ထားကိုးကွယ်မည့် ထိုင်တော်မူ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်မည့် လုပ်ငန်းအစီအမံအား တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လိုအပ်သည်များ မေးမြန်းအကြံပြုဆွေးနွေးခဲ့သည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဆက်လက်တည်ထားကိုးကွယ်မည့် ထိုင်တော်မူဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအတွက် အလှူတော်ငွေနှင့် ဗုဒ္ဓရွှေကျောင်းတော် ဝေယျာဝစ္စအတွက် အလှူငွေများ လှူဒါန်းရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လက်ခံရယူခဲ့သည်။ **(ဝဲပုံ)**

**(မြဝတီ)**

---

**■အပန်းဖြေအနားယူမှ**

ထိန်းသိမ်းရမည့် ရေတိမ်ဒေသ (Ramsar Site)အဖြစ် ပထမဆုံး အသိအမှတ်ပြုထားသော နေရာဖြစ်ခဲ့သည်။

ဌာနေရေပျော်ငှက်များနှင့် ရာသီအလိုက် ရွှေ့ပြောင်းကျက်စားသော ဆောင်းခိုငှက်များ၏ နေရင်းဒေသအား ထိန်းသိမ်းကာကွယ်ရင်း ယင်းတို့နှင့် ပတ်သက်သည့် သုတေသနလုပ်ငန်းများကို နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊ ရေတိမ်ဒေသဂေဟစနစ်၏ အရေးကြီးပုံကို ပြည်သူတို့ သိရှိနားလည်ပြီး ထိန်းသိမ်းရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်လာစေရေး ပညာပေးရန်၊ ပြည်တွင်းပြည်ပ လေ့လာသူများ အပန်းပြေစေရန်နှင့် သဘာဝအခြေခံခရီးသွားလုပ်ငန်းအား အထောက်အကူဖြစ်စေရန် ရည်ရွယ်ဖွင့်လှစ်ထားသော မိုးယွန်းကြီးအင်းဘေးမဲ့တောအတွင်း စစ်စလီ၊ မယ်ညိုအစရှိသည့် ဌာနေရေပျော်ငှက်မျိုးစိတ် ၅၃ မျိုး၊ ချိုးလည်ပျောက်၊ လင်ကောင်ပိုး၊ ဇီးကွက်၊ ပုစဉ်းထိုး၊ ခရုတုတ်၊ မြစ်တွေး၊ စင်ရော်၊ တောဝမ်းဘဲ၊ ခရုစုတ် စသည့် ငှက်မျိုးစိတ်ပေါင်း ၃၅ မျိုးနှင့် ငါးမျိုးစိတ် ၃၀ တို့အပြင် ကုန်းနေ၊ ရေနေနှင့် တွားသွားသတ္တဝါများ၊ အင်းဆက်များ၏ သဘာဝအတိုင်းနေထိုင်ကျက်စားပုံနှင့် ယင်းတို့၏ ဂေဟစနစ်ကို လေ့လာတွေ့ရှိနိုင်ပေသည်။

အင်းတော်ကြီး၊ အင်းလေး၊ မိုးယွန်းကြီးအင်း၊ ဝက်သည်းကန်အင်း၊ မိန်းမလှကျွန်း စသည်ဖြင့် ရေတိမ်သဘာဝပတ်ဝန်းကျင်များအနက် အင်းလေးနှင့် မိုးယွန်းကြီးအင်းတို့သည် လူနေဒေသများနှင့် ရောယှက်နီးစပ်လှသည်ဖြစ်ရာ လူသားတို့အတွက် အနီးဆုံးအကျိုးပြု ဂေဟပတ်ဝန်းကျင်ဖြစ်သကဲ့သို့ ဌာနေနှင့် ရွှေ့ပြောင်းကျေးငှက်တိရစ္ဆာန်များ၊ တောရိုင်းတိရစ္ဆာန်များအတွက် မျိုးသုဉ်းအန္တရာယ်အကျရောက်နိုင်ဆုံးနေရာများလည်း ဖြစ်ပေသည်။

သစ်တောဦးစီးဌာနအနေဖြင့် ဒေသခံများအား အင်းကြီး၏ ဒေသတွင်းဂေဟစနစ်အတွက် အရေးပါပုံ၊ ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ရန်လိုအပ်ပုံများကို ပညာပေးစည်းရုံးရင်း ဌာနေနှင့် ရွှေ့ပြောင်းငှက်များအား ဖမ်းဆီးသတ်ဖြတ်ရောင်းချခြင်းများ၊ အင်းငါးများကို စည်းကမ်းမဲ့ တရားလွန်ဖမ်းဆီးခြင်းများ ပပျောက်စေရန် လှည့်ကင်းများဖြင့် စစ်ဆေးစောင့်ကြပ်ခြင်း၊ ဈေးကွက်အတွင်း ဝင်ရောက်စစ်ဆေးခြင်းများလည်း ပြုလုပ်လျက်ရှိခြင်းကြောင့် ဆယ်စုနှစ်တစ်ခုခန့်ပျောက်ဆုံးနေခဲ့ပြီး မျိုးသုဉ်းမှုအန္တရာယ်ကျရောက်မည့်အရေးနှင့် ရင်ဆိုင်နေရသည့် ရှားပါးကြိုးကြာငှက်များကိုလည်း ယမန်နှစ်က ပြန်လည်တွေ့ရှိလာပြီ ဖြစ်ကြောင်း သိရသည်။

မကြာတော့မည့် ရက်သတ္တပတ်ကာလများအတွင်း ဆောင်းရာသီ၏ အတွေ့အထိကို ခံစားရတော့မည်ဖြစ်သည်။ ကမ္ဘာတစ်ဝန်းရှိ အအေးလွန်ကဲသော အအေးပိုင်းဒေသများ၏ ပြင်းထန်အေးမြသော ရာသီဥတုကို ရှောင်ရှားရန် အအေးပိုင်းဒေသ ငှက်များမှာ ကမ္ဘာတစ်ဝန်းသင့်တင့်သော ရာသီဥတုရှိရာဒေသများသို့ ရွှေ့ပြောင်းဆောင်းခိုကြတော့မည်ဖြစ်သည်။

ကမ္ဘာအနှံ့ ရွှေ့ပြောင်းဆောင်းခိုသောငှက်များ၏ ပျံသန်းရာလမ်းကြောင်းများအနက် ASIAN FLY WAY နှင့် AUSTRILIAN FLY WAY လမ်းကြောင်းကြီးနှစ်ခုမှာ မြန်မာနိုင်ငံပေါ်မှ ဖြတ်သန်းသွားသည်ဖြစ်ရာ မိုးယွန်းကြီးအင်းသို့လည်း ဆောင်းခိုငှက်များဝင်ရောက်လာသည်ကို မြင်တွေ့လေ့လာနိုင်တော့မည် ဖြစ်သည်။

အပန်းဖြေလာရောက်သည့် ဧည့်သည်များ၊ သုတေသနပညာရှင်များ၊ ဝါသနာရှင်များအတွက် ရေတိမ်ဒေသဆိုင်ရာ ပညာပေးပြခန်း၊ ရှစ်ဦးမှ ၁၆ ဦးအထိ တည်းခိုနိုင်သော FAMILY ROOM များ၊ နှစ်ဦးတည်းခိုနိုင်သော ရေပေါ် BOAT HOUSE များ၊ စားသောက်ဆိုင်၊ နားနေခန်းများ၊ စကြံလမ်းများ၊ ငှက်ကြည့်စင်များ၊ စက်လှေများ စီစဉ်ထားခြင်းကြောင့် စက်လှေအပျော်စီးခြင်း၊ သဘာဝရှုခင်းနှင့် ရေပျော်ငှက်များအား ဓာတ်ပုံဗီဒီယို ရိုက်ကူးခြင်းလုပ်ငန်းများ ပြုလုပ်နိုင်သကဲ့သို့ ငှက်ကြည့်လေ့လာသူများအတွက် မိမိအစီအစဉ်ဖြင့် လေ့လာနိုင်သလို ကျွမ်းကျင်ဝန်ထမ်းများ၏ အကူအညီရယူနိုင်ရန်လည်း စီစဉ်ပေးထားသည်။

ရန်ကုန်မြို့နှင့် အပျင်းပြေခရီးတစ်ကမ်းသာရှိပြီး လှပသော သဘာဝရှုခင်းနှင့် သဘာဝပတ်ဝန်းကျင်၊ တောရိုင်းတိရစ္ဆာန်တို့ကို လေ့လာရင်း၊ အပန်းဖြေရင်း၊ ကျွန်ုပ်တို့နှင့် အနီးကပ်ဆုံး အကျိုးပြုဂေဟပတ်ဝန်းကျင်ဖြစ်သည့် မိုးယွန်းကြီးအင်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ မျိုးသုဉ်းရန်အန္တရာယ်ကျရောက်နိုင်သော မျိုးစိတ်တစ်ခုဖြစ်သည့် ကြိုးကြာငှက်မျိုးစိတ်အပြင် မျိုးသုဉ်းရန် ခြိမ်းခြောက်မှုအဆင့်သို့ နီးကပ်နေသော ငှက်မျိုးစိတ်များဖြစ်သည့် ငှက်ကြား၊ ခရုစုတ်အဖြူ၊ ငှက်ကြီးဝန်ပိုနှင့် တင်ကျီး စသည့် ငှက်မျိုးစိတ်များ၏ ဂေဟစနစ်နှင့် သဘာဝပတ်ဝန်းကျင် ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းရန် လိုအပ်ပါကြောင်း။ ။

---

# ယာဉ်လုပ်သား အရည်အသွေးတိုးတက်ရေး ပညာပေးဆွေးနွေးမှုများ ပြုလုပ်

**ရန်ကုန် အောက်တိုဘာ ၂၂**

မထသ(ဗဟို)ကော်မတီ၏ ကြီးကြပ်မှုအောက်ရှိ ယာဉ်လိုင်းအဖွဲ့အစည်းများမှ ခရီးသည်တင် ဘတ်စ်ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များအား ယာဉ်အန္တရာယ်ကင်းရှင်းရေး အထောက်အကူပြုရန်နှင့် ယာဉ်လုပ်သားများ၏ အရည်အသွေးတိုးတက်မြင့်မားလာစေရန် ရည်ရွယ်၍ ပညာပေးဆွေးနွေးမှုများ ပြုလုပ်ပေးလျက်ရှိကြောင်း သိရသည်။

ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များအား တာဝန်ပေးအပ်ရာတွင် လုပ်ငန်းတာဝန်နှင့်ကိုက်ညီမှု ရှိ၊ မရှိ သတ်မှတ်ပေးနိုင်ရေးအတွက် ဒဂုံတက္ကသိုလ် စိတ်ပညာဌာနမှူး၊ ပါမောက္ခများဖြင့် စိတ်ပိုင်းဆိုင်ရာ စစ်ဆေးမှုများပါ ပြုလုပ်ပေးလျက်ရှိသည်။ မထသ(ဗဟို)တွင် အောက်တိုဘာ ၁၄ ရက်က (၄၁)ကြိမ်မြောက် စိတ်ပိုင်းဆိုင်ရာ စာတွေ့ စစ်ဆေးမှုကို ယာဉ်မောင်း ၉၄ ဦး၊ ယာဉ်နောက်လိုက် ၂၂၃ ဦးတို့ကို စစ်ဆေးခဲ့ကြောင်း သိရသည်။

၂၀၁၀ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ စိတ်ပိုင်းဆိုင်ရာ စစ်ဆေးမှုအကြိမ် (၄၀) ပြုလုပ်ခဲ့ရာ ဖြေဆိုအောင်မြင်သူယာဉ်မောင်း ၂၈၁၈ ဦး၊ ယာဉ်နောက်လိုက် ၅၂၀၉ ဦး စုစုပေါင်း ၈၀၂၇ ဦးဖြေဆိုခဲ့ပြီးဖြစ်ကြောင်းသိရသည်။

၂၀၁၄ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အထိ မထသ(ဗဟို) ကော်မတီအောက်ရှိ ယာဉ်လိုင်းအသီးသီးမှ ယာဉ်တိုက်မှု၊တိမ်းမှောက်မှုနှင့် ယာဉ်မတော်တဆဖြစ်စဉ်များ (၉)ကြိမ်ဖြစ်ပွားခဲ့ပြီး နှစ်ဦးသေဆုံးကာ ၂၉ ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

**(ဝ၄၈)**

---

**□ခရီးသည်တင်ယာဉ်မှ**

ခရီးသည်တင်ယာဉ်များမောင်းနှင်ကြရန် နှိုးဆော်ချက်ကို လွန်ခဲ့သော ၂၀၀၇ ခုနှစ်က ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီမှ နှိုးဆော်ဆောင်ရွက်ခဲ့ဖူးသည်။

ထိုစနစ်တွင် အားသာချက်များရှိသလို အားနည်းချက်များလည်းရှိနေပြီး အချို့သောလမ်းများတွင် ခရီးသည်တင်ယာဉ်များက လမ်းယာဘက်ခြမ်းမှသာ ကပ်၍မောင်းနှင်သွားလာပါက အနှေးယာဉ်များမှာ လမ်း၏အခြားယာဉ်ကြောမှ သွားရသည့်အတွက် မလိုလားအပ်သော အန္တရာယ်များဖြစ်လာစေနိုင်ကြောင်း၊ ထိုစနစ်ကို စမ်းသပ်ဆောင်ရွက်သည့်အနေဖြင့် စီစဉ်လုပ်ဆောင်ခြင်း ဖြစ်သလို အကောင်းအဆိုး အခြေအနေများကို လက်တွေ့ကျစွာ သိရှိနိုင်ရန် လေ့လာလုပ်ဆောင်ခြင်းမျိုး ဖြစ်ကြောင်း ၎င်းကဆိုသည်။ ခရီးသည်တင်ယာဉ်များ လမ်းယာဘက်ခြမ်းကပ်မောင်းသော အဆိုပါစနစ်အောင်မြင်ပါက ခရီးသည်များ၏ သွားလာမှု လွယ်ကူလျင်မြန်ချောမွေ့လာစေမှာဖြစ်သလို လက်ရှိဖြစ်နေသော ရန်ကုန်မြို့တွင်း ယာဉ်ကြောပိတ်ဆို့မှုများကိုလည်း ဖြေရှင်းစေမည့် အထောက်အကူကောင်းများဖြစ်စေနိုင်ကြောင်း ခန့်မှန်းထားကြခြင်းဖြစ်သည်။ ထိုစနစ်အတွက် ပြည်လမ်း၊ ကမ္ဘာအေးစေတီလမ်းတို့တွင် မျဉ်းဝါများ ဆက်လက်ရေးဆွဲသွားရန်စီစဉ်ထားကြောင်း သိရသည်။ **ထက်ခိုင်(စမ်းချောင်း)**



---

# ၂၀၁၄ ခုနှစ် တတိယအကြိမ်မြောက် အရှေ့တောင်အာရှ ဗိုဗီနမ်ချန်ပီယံရှစ်ပြိုင်ပွဲ ပထမနေ့ပွဲစဉ်အပြီး နိုင်ငံအလိုက်ဆုရရှိမှုစာရင်း

**နေပြည်တော် အောက်တိုဘာ ၂၂**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် ၂၀၁၄ ခုနှစ် တတိယအကြိမ်မြောက်အရှေ့တောင်အာရှဗိုဗီနမ်ချန်ပီယံရှစ်ပြိုင်ပွဲ ပထမနေ့ပွဲစဉ်အပြီး ဆုရရှိမှုမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | နိုင်ငံ | ရွှေ | ငွေ | ကြေး | ပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁ | ဗီယက်နမ် | ၅ | ၄ | ၁ | ၁၀ | |
| ၂ | မြန်မာ | ၃ | ၁ | ၃ | ၇ | |
| ၃ | ကမ္ဘောဒီးယား | ၁ | ၃ | ၂ | ၆ | |
| ၄ | အင်ဒိုနီးရှား | ၁ | - | ၁ | ၂ | |
| ၅ | လာအို | - | ၁ | ၃ | ၄ | |
| ၆ | ထိုင်း | - | ၁ | ၁ | ၂ | |
| | ပေါင်း | ၁၀ | ၁၀ | ၁၁ | ၃၁ | |

## ပြည်တွင်းရေးရာ

● **ကျောဖုံးမှ**

တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးခင်အောင်မြင့်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ တိုင်းမှူးနှင့်တပ်နယ်အလိုက် အရာရှိ စစ်သည်မိသားစုများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများ၌ အမျိုးသားနိုင်ငံရေးဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားဆောင်ရွက်ရာတွင် တပ်မတော်အနေဖြင့် ခိုင်မာသည့် ရပ်တည်ချက်ဖြင့် ပါဝင်ဆောင်ရွက်နေကြောင်း၊ အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုများ၌ မြို့နယ်၊ ခရိုင်အဆင့်များတွင် တရားဥပဒေစိုးမိုးရေး၊ မြို့သာယာလှပရေး၊မြို့အုပ်ချုပ်ရေးကိစ္စရပ်များ၊ သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များ၊ မြို့မိမြို့ဖများနှင့်ပေါင်းစပ်၍ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ စီးပွားရေးပြုပြင်ပြောင်းလဲမှုများ၌ နိုင်ငံတော်၏ ဈေးကွက်စီးပွားရေးစနစ်ကို အထောက်အကူဖြစ်စေရန် ဥပဒေစည်းမျဉ်းများနှင့်အညီ ဝိုင်းဝန်းလုပ်ဆောင်နေကြောင်း၊ မိမိနိုင်ငံအတွက် စည်းလုံးညီညွတ်မှုသည် အထူးလိုအပ်သဖြင့် တိုင်းရင်းသားအားလုံး အစွဲများကိုဖျောက်၍ "မြန်မာ"ဆိုသည့်စိတ်ဖြင့် စုစည်းညီညွတ်စွာနေထိုင်လုပ်ဆောင်ကြရန် လိုအပ်ကြောင်း၊ အဓိကအားဖြင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် အလုပ်လုပ်ကြရမည်ဖြစ်ကြောင်း၊ မုံရွာ၊ ပခုက္ကူဒေသများသည် ရာသီဥတုပူပြင်းသောကြောင့် သားစဉ်မြေးဆက်အကျိုးကျေးဇူးဖြစ်ထွန်းစေမည့် သစ်ပင်စိုက်ပျိုးရေးကို အလေးထားလုပ်ဆောင်ရန်လိုကြောင်း၊ စိုက်ပျိုးပြီးအပင်ရှင်သန်ဖြစ်ထွန်းအောင် ထိန်းသိမ်းစောင့်ရှောက်ရမည်ဖြစ်ကြောင်း၊ ယင်းသစ်ပင်များ ရှင်သန်ကြီးထွားလာပါက ရာသီဥတုကောင်းမွန်မှုကို အထောက်အကူရစေနိုင်မည်ဖြစ်ကြောင်းဖြင့် ပြောကြားခဲ့သည်။




**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မုံရွာတပ်နယ်မှ အရာရှိ၊ စစ်သည်မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သုတရသစာစောင်၊ အားကစားပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်ကြူကြူလှက မိခင်နှင့်ကလေး ရန်ပုံငွေပေးအပ်ခဲ့သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

**(မြဝတီ)**

# နိုင်ငံပေါင်း ၂၀ မှ ခင်းကျင်းပြသထားသည့် မြန်မာနိုင်ငံရေအရင်းအမြစ်ဆိုင်ရာပြပွဲ

**ရန်ကုန် အောက်တိုဘာ ၂၂**

မြန်မာနိုင်ငံရှိ ပြည်သူလူထုများ ရေအရင်းအမြစ်စီမံခန့်ခွဲမှု၏ အရေးကြီးပုံကို သတိထားမိလာစေရန် ရည်ရွယ်၍ မလေးရှား၊ စင်ကာပူ၊ ဂျပန်၊ ကိုရီးယား၊ ထိုင်း၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ စပိန်၊ အီတလီ၊ ဩစတြီးယား၊ ဩစတြေးလျ၊ တရုတ်၊ ဂျာမနီ၊ ဒိန်းမတ်၊ ဆွစ်ဇာလန်၊ တရုတ်(တိုင်ပေ)၊ ဟောင်ကောင်၊ ယူနိုက်တက်ကင်းဒမ်း၊ ကမ္ဘောဒီးယားနှင့် မြန်မာနိုင်ငံတို့မှ ခင်းကျင်းပြသသည့် မြန်မာနိုင်ငံရေအရင်းအမြစ်ဆိုင်ရာ ပြပွဲ ၂၀၁၄ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ တပ်မတော်ခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေက ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့ပြီး ခင်းကျင်းပြသထားသည့် ပြခန်းများအား လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။**(ယာပုံ)**



အာဆီယံစီးပွားရေးလုပ်ငန်း UBM Asia အုပ်ချုပ်မှု ဒါရိုက်တာ Mr. M. Gandhi က "မြန်မာနိုင်ငံတိုးတက်စေဖို့အတွက် ရာနှုန်းပြည့်အထောက်အပံ့ပေးပြီး စဉ်ဆက်မပြတ် အကူအညီဖြစ်စေမယ့် ဒီပြပွဲမှာ ပါဝင်ခွင့်ရတဲ့အတွက် အရမ်းကို ကျေနပ်မိပါတယ်" ဟု ပြောပြသည်။

အဆိုပါပြပွဲတွင် နိုင်ငံပေါင်း ၂၀ မှ ပါဝင်ပြသသူပေါင်း ၁၈၀ တို့၏ ဆန်းသစ်တီထွင်ထားသော ရေနှင့် ရေဆိုးသန့်စင်မှုဆိုင်ရာ စက်မှုပစ္စည်းများကို အချိန်ကုန်သက်သာစွာ တစ်နေရာတည်းတွင် ကြည့်ရှုလေ့လာနိုင်မည်ဖြစ်သည်။

"မှန်ကန်တဲ့ အရည်အသွေး၊ တိကျတဲ့ ပန့်ရွေးချယ်မှု၊ စနစ်ကျတဲ့ တပ်ဆင်မှု၊ သာလွန်တဲ့ ဝန်ဆောင်မှု၊ ခိုင်မာတဲ့ နည်းပညာ၊ သင့်လျော်တဲ့ ဈေးနှုန်းတို့နဲ့ အီတလီနိုင်ငံမှတစ်ပါး မည်သည့် နိုင်ငံမှ ထုတ်လုပ်တပ်ဆင်ခြင်းလုံးဝမရှိတဲ့ အီတလီနိုင်ငံထုတ် SEAR Water Pump တွေ ပါဝင်ပြသထားပါတယ်" ဟု Arrow Tarde International Ltd. Managing Director Shofi ULLah Boju က ပြောပြသည်။

Waminn ကုမ္ပဏီမှ ရှယ်ရှင် သရုပ်ဆောင် ဦးလွင်မိုးက "ဂျပန်နိုင်ငံက တင်သွင်းပြီး မြန်မာနိုင်ငံမှာ တပ်ဆင်တဲ့ မိလ္လာကန်အစားထိုး ပစ္စည်း KZ-5 စက်တွေကို ပြသထားပါတယ်။ အဲဒီစက်ပစ္စည်းတွေက မိလ္လာကန်အဖြစ်သာမဟုတ်ဘဲ ရေဆိုးသန့်စင်စနစ်ဖြစ်တဲ့အတွက် မီးဖိုချောင်၊ အိမ်သာနဲ့ ရေချိုးခန်းအပါအဝင် ထွက်ရှိတဲ့ မည်သည့် ရေဆိုးမျိုးကိုမဆို သန့်စင်ပေးပါတယ်"ဟု ဆိုသည်။

ယင်းပြပွဲကို အောက်တိုဘာ ၂၂ ရက်နှင့် ၂၃ ရက်တွင် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ လည်းကောင်း၊ အောက်တိုဘာ ၂၄ ရက်တွင် နံနက် ၉နာရီမှ ညနေ ၄ နာရီအထိ လည်းကောင်း ခင်းကျင်းပြသထားမည့်အပြင် နည်းပညာပိုင်းဆိုင်ရာ စာတမ်းဖတ်ပွဲများလည်း ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

**(ကြေးမုံ)**

# အသွင်သစ်ဖြင့် အောက်တိုဘာလထုတ် သုတပဒေသာစာစောင်ထွက်ပြီ

၁၉၇၃ ခုနှစ် ဇူလိုင်လမှ စတင်ထုတ်ဝေခဲ့ပြီး နှစ်ပေါင်း ၄၀ ကျော် စာချစ်သူများလက်ခံအားပေးလာခဲ့သော သုတပဒေသာစာစောင်ကို မျက်နှာဖုံးဒီဇိုင်း၊ အကြောင်းအရာနှင့် စာအုပ်အပြင်အဆင်ဆိုင်ရာ အပြောင်းအလဲများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အသက်(၁၆)နှစ်မှ (၂၀)နှစ်အတွင်း လူငယ်များအား ဦးတည်ပရိသတ်အဖြစ်ထားရှိပြီး အသွင်ပြောင်းလဲထုတ်ဝေလိုက်သော အောက်တိုဘာလထုတ်သုတပဒေသာစာစောင်ကို ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်မှ ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

အောက်တိုဘာလထုတ် သုတပဒေသာစာစောင်တွင် ဦးဟန်ညွန့်(ဥပဒေ)၊ တက္ကသိုလ်မြတ်သူ၊ ကျော်ဝင်း(ရန်ကုန်တက္ကသိုလ်)၊ မျိုးအောင်(ရုက္ခဗေဒ)၊ K.M.A၊ မောင်မောင်မြင့်သိန်း(စက်မှုတက္ကသိုလ်)တို့၏ ရှုထောင့်အမြင်အမျိုးမျိုးဖြင့် ရေးသားပုံဖော်ထားသော "အာဆီယံအသိုက်အဝန်းဖော်ဆောင်ရေး" မျက်နှာဖုံးဆောင်းပါးများ၊ မောင်မြင့်ကြွယ်၊ ဟိန်းလတ်တို့၏ အတွေးအခေါ်နှင့် တက်ကျမ်းဆိုင်ရာဆောင်းပါးများ၊ မောင်ပေါ်ထွန်း၏ ပြည်သူ့ကျင့်ဝတ်နှင့် နီတိဆိုင်ရာဆောင်းပါး၊ စည်သူလှိုင်၊ ထီလာစိုးမြင့်ထယ်၊ ယဉ်မင်းထွေး(စာပေဗိမာန်)တို့၏ နိုင်ငံတကာရေးရာဆောင်းပါးများ၊ နေဇင်လတ်၊ မျှုးဇော်တို့၏ နိုင်ငံရေးဆိုင်ရာဆောင်းပါးများ၊ ဦးဘသန်း(မဟာဝိဇ္ဇာ)၊ မောင်မြင့်နိုင်၊ ကေကေ (မဟာဝိဇ္ဇာ)၊ သိပ္ပံစာရေးဆရာကိုကိုအောင်၊ ကျော်ရှင်း၊ ဇာဇာရွှေရည်၊ ဒေါက်ထွေး (ဆေး/မန်း)၊ ဒေါက်တာမြင့်သန်း (သန္တေသား)၊ ကိုကိုအောင်(အလုပ်သမား)၊ ဒေါ်စောကြိုင်(အငြိမ်းစားပါမောက္ခ)၊ လေးဝတီကျော်၊ ဖိုးရန်နိုင်(ကျောက်ကြီး)၊ ဆောင်းဝင်းလတ်၊ စိုးစိုး(ပန်းတောင်း)၊ စည်သူ၊ ဒေါက်တာခင်မောင်ညွန့်၊ စိန်ဝင်းမော်၊ တင်ညွန့်၊ စိန်ဝင်းနွယ်၊ လှတိုး(စိတ်ပညာ)၊ သောင်းထိုက်ဦး (သယံဇာတ်ကွန်းကြီး)တို့၏ ကဗျာ၊ သိပ္ပံနှင့်နည်းပညာ၊ သဘာဝပတ်ဝန်းကျင်၊ ကျန်းမာရေးနှင့် မူးယစ်ဆိုင်ရာဆောင်းပါးများ၊ ဖြစ်ရပ်မှန်ဇာတ်လမ်းများကိုရောင်စုံ၊ ဖြူ/မည်းသရုပ်ဖော်ပုံများ ဝေဝေဆာဆာဖြင့် စီစဉ်တင်ဆက်ထားသည်။

အဆိုပါ သုတပဒေသာစာစောင်ကို တစ်အုပ်လျှင် ၂၅၀၀ ကျပ်နှုန်းဖြင့် စာပေဗိမာန်စာအုပ်ဆိုင် အမှတ်(တ-၅၅) သပြေကုန်းဈေး နေပြည်တော် ဖုန်း-၀၆၇-၄၁၀၄၆၈၁၊ စာပေဗိမာန်စာအုပ်ဆိုင် အမှတ်(၅၂၉/၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့၊ စာပေဗိမာန်စာအုပ်ဆိုင်အမှတ်(၂၄၅/၂၄၇) အနော်ရထာလမ်းနှင့် (၉)လမ်းထောင့် လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈၊ စာပေဗိမာန်စာအုပ်ဆိုင် (၈၆)လမ်း၊ (၂၁)လမ်းနှင့် (၂၂)လမ်းကြား မန္တလေး ဖုန်း-၀၂-၃၀၁၈၆၊ ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများ၊ မန္တလေးမြို့ရှိ ထွန်းဦးစာပေ၊ နဂါးစာပေနှင့် မြို့အသီးသီးရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံ ဝယ်ယူရရှိနိုင်ပြီး လက်ကားမှာယူလိုပါက စာပေဗိမာန်စာအုပ်ဆိုင်အမှတ်(၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၂၄၉၀၃၁၊ ၃၈၁၄၄၈ တို့သို့ ဆက်သွယ်မှာယူနိုင်ကြောင်း သိရသည်။

**(ကြေးမုံ)**

❖ **အရှေ့တောင်အာရှမှ**

ဓားသိုင်းအပြိုင်ပွဲတွင် အင်ဒိုနီးရှားက ပထမ၊ ဗီယက်နမ်က ဒုတိယ၊ နှင်းသီတာ(မြန်မာ)က တတိယ၊ အမျိုးသမီး (၅၇)ကီလို အတိုက်ပြိုင်ပွဲတွင် ဗီယက်နမ်က ပထမ၊ ကမ္ဘောဒီးယားက ဒုတိယ၊ ရွှေစင်ဝင့်ဝါ(မြန်မာ)က တတိယ၊ အမျိုးသား (၅၄)ကီလို အတိုက်ပြိုင်ပွဲတွင် ဗီယက်နမ်က ပထမ၊ ကမ္ဘောဒီးယားက ဒုတိယ၊ နော်လာ(မြန်မာ)က တတိယ၊ အမျိုးသား (၅၇)ကီလို အတိုက်ပြိုင်ပွဲတွင် ဗီယက်နမ်က ပထမ၊ ကမ္ဘောဒီးယားက ဒုတိယ၊ ထွန်းထွန်းလင်း (မြန်မာ)နှင့် ထိုင်းတို့က ပူးတွဲတတိယ အသီးသီး ဆွတ်ခူးခဲ့ကြသည်။

တတိယအကြိမ်မြောက် အရှေ့တောင်အာရှ ဗိုဗီနမ်(ဗန်တို) ချန်ပီယံရှစ် ၂၀၁၄ ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို မွန်းလွဲပိုင်းတွင် ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ ဒုတိယဝန်ကြီးများ၊ အရှေ့တောင်အာရှ ဗိုဗီနမ်အဖွဲ့ချုပ် ဥက္ကဋ္ဌ Mr.Rat Sokhorn၊ မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးအောင်ဇော်နိုင်၊ ပြိုင်ပွဲဝင်နိုင်ငံများမှ အားကစားသမားများ တက်ရောက်ကြသည်။

ပြိုင်ပွဲကို ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက ဖွင့်လှစ်ပေးပြီး ပြိုင်ပွဲဝင်အသင်းများကို လိုက်လံနှုတ်ဆက်ခဲ့သည်။

ယနေ့ပြိုင်ပွဲများအတွက် ဆုရရှိသူများကို အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူ၊ ဒုတိယဝန်ကြီး ဦးဇော်ဝင်းနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့သည်။

အဆိုပါပြိုင်ပွဲကို မြန်မာ၊ ထိုင်း၊ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ လာအိုနှင့် ဖိလစ်ပိုင်တို့ ပါဝင်ယှဉ်ပြိုင်ကြပြီး အောက်တိုဘာ ၂၅ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

သတင်းနှင့် ဓာတ်ပုံ
ကိုကိုစိုးညွန့်

စာပေမြင့်မှ လူမျိုးတင့်မည်

# ဆေးဝါးထုတ်လုပ်၊ ဝယ်ယူ၊ ရောင်းချ၊ ဖြန့်ဖြူးခြင်းအလုပ်ရုံဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၂၂**

နိုင်ငံတော်အစိုးရ၏ တစ်နှစ်ထက်တစ်နှစ်တိုးမြှင့်ခွင့်ပြုခဲ့သည့် ရန်ပုံငွေဖြင့် ဆေးဝါးများ ဝယ်ယူအသုံးပြုရာတွင် အကျိုးရှိထိရောက်စေရန်နှင့် လေလွင့်ဆုံးရှုံးမှုနည်းနိုင်သမျှနည်းစေရန် အဆင့်ဆင့်ကြီးကြပ်ဆောင်ရွက်သွားရမှာ ဖြစ်ကြောင်း၊ ဆေးဝါးလိုအပ်ချက်များကို သိပ္ပံနည်းကျမှန်ကန်စွာ တွက်ချက်တတ်စေရန် National List of Essential Medicines တွင် ပါဝင်သော ဆေးဝါးများဖြစ်စေရန်နှင့် National List ကို ခေတ်စနစ်နှင့်အညီ ပုံမှန် Update လုပ်ရန်အရေးကြီးကြောင်း ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ Hotel Max ၌ ကျင်းပသည့် ဆေးဝါး ထုတ်လုပ်၊ ဝယ်ယူ၊ ရောင်းချ၊ ဖြန့်ဖြူးခြင်းအခြေအနေများနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ ရေးဆွဲရေး အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားတွင် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်က ပြောကြားခဲ့သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက ယနေ့ကျင်းပသည့်အလုပ်ရုံဆွေးနွေးပွဲသည် မြန်မာနိုင်ငံ၏ လက်ရှိဆေးဝါးကဏ္ဍ အခြေအနေများကို လေ့လာဆန်းစစ်ပြီး တွေ့ရှိချက်များကိုစုစည်းတင်ပြကာ ရှေ့လုပ်ငန်းစဉ်များ ရေးဆွဲရာတွင် အထောက်အကူဖြစ်စေပါကြောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ Regional Advisor နှင့် ကျန်းမာရေးဝန်ကြီးဌာန လက်အောက်ရှိကိုယ်စားလှယ်များ ပါဝင်သည့်အဖွဲ့ဖြင့် ဆေးဝါးများရွေးချယ်မှု၊ ဝယ်ယူမှု၊ ထောက်ပံ့မှု၊ အသုံးပြုမှုနှင့် ဆေးဝါးဆိုင်ရာဥပဒေ၊ နည်းဥပဒေများကို လေ့လာဆန်းစစ်မှုများ ပြုလုပ်ခဲ့ကြပါကြောင်း၊ ဆွေးနွေးမှုများ၊ လေ့လာဆန်းစစ်မှုများအပေါ် အခြေခံကာ ရှေ့လုပ်ငန်းစဉ်များ ရေးဆွဲအကောင်အထည်ဖော်နိုင်ရန် အုပ်စုဖွဲ့ဆွေးနွေးခြင်းများ၊ တင်ပြခြင်းများဆောင်ရွက်ရာတွင် တက်တက်ကြွကြွ ပါဝင်ဆွေးနွေးကြစေလိုကြောင်း။

မြန်မာနိုင်ငံ၏ပြောင်းလဲတိုးတက်မှုများအနက် ဆေးဝါးကဏ္ဍသည် တစ်ခု အပါအဝင်ဖြစ်ပါကြောင်း၊ ကျန်းမာရေးကဏ္ဍမှာ နိုင်ငံတော်အစိုးရ၏ခွင့်ပြုရန်ပုံငွေဖြင့် ဆေးနှင့်ဆေးဝါးဝယ်ယူခြင်း လုပ်ငန်းများကို ဗဟိုမှဝယ်ယူခြင်းအပြင် ဗဟိုအဆင့်ဆေးရုံကြီးများ၊ ပြည်နယ်/တိုင်းဒေသကြီးဆေးရုံအဆင့်များ၊ ပြည်နယ်/တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူးများ၏ အစီအစဉ်ဖြင့် ဝယ်ယူခြင်းတို့ကို ခွင့်ပြုထားပါကြောင်း၊ Access to essential medicines နှင့် ပတ်သက်ပြီး ၂၀၁၂-၂၀၁၃ ခုနှစ်မှစတင်၍ နိုင်ငံတော်အစိုးရ၏ ဆေးဝါးများဝယ်ယူရန် ခွင့်ပြုရန်ပုံငွေဖြင့် အခြေခံအဓိကဆေးဝါးများ ဝယ်ယူခဲ့ပြီး ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာနလက်အောက်ရှိ ပြည်သူ့ဆေးရုံအားလုံး၊ ကျေးလက်ကျန်းမာရေးဌာနနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲအားလုံးသို့ ဖြန့်ဖြူးပေးနေပါကြောင်း၊ အဆိုပါဆေးဝါးများဖြင့် အခမဲ့ဆေးကုသမှုများ ဆောင်ရွက်ပေးနေပါကြောင်း။

ကျန်းမာရေး ဝန်ကြီးဌာနအနေဖြင့် လိုအပ်သောဆေးဝါးများ စနစ်တကျတွက်ချက်ဝယ်ယူဖြန့်ဖြူးခြင်း၊ ဆေးသိုလှောင်ခြင်း၊ ဆေးနှင့်ဆေးပစ္စည်းထောက်ပံ့မှုစနစ် စီမံခန့်ခွဲခြင်း၊ ဆေးဝါးများနှင့်ပတ်သက်ပြီး ပညာပေးခြင်း၊ အကြံပြုဆွေးနွေးခြင်း၊ ဆေးဆိုင်များအား ဆေးစစ်ခြင်း အစရှိသည့်လုပ်ငန်းများကို လမ်းညွှန်ချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ လေ့လာချက်များအရ ဖွံ့ဖြိုးဆဲနိုင်ငံများမှ ဆေးဝါးများ ညွှန်းကိန်း ထက်ဝက်ခန့်သည် သင့်လျော်မှန်ကန်မှု မရှိကြောင်း၊ ဆေးဝါးသောက်သုံးသူများ၏ ထက်ဝက်ခန့်သည်လည်း ဆေးညွှန်းအတိုင်း မသောက်သုံးကြကြောင်း၊ ပဋိဇီဝဆေးများကိုလည်း မလိုအပ်ဘဲ အသုံးပြုနေကြသည့်အတွက် ဆေးဝါးယဉ်ပါးမှုအဖြစ်များကြောင်း ဖော်ပြထားပါကြောင်း၊ ဆေးဝါးများနှင့်ပတ်သက်ပြီး ကြောင်းကျိုးညီညွတ်စွာ အသုံးပြုခြင်းဖြစ်စေရန် အလွန်အရေးကြီးပါကြောင်း၊ ဆေးယဉ်ပါးမှုကြောင့် ငွေကုန်ကြေးကျများခြင်းနှင့်ဘေးထွက်ဆိုးကျိုးများခံစားရခြင်းတို့ ကြုံတွေ့ကြရမည်ဖြစ်ပါကြောင်း၊ ဆေးဝါးယဉ်ပါးမှုအန္တရာယ်မှ ကာကွယ်နိုင်ရန် ဆေးဝါးညွှန်းသူများ၊ ဆေးဝါးရောင်းချသူများ လိုက်နာရမည့် စည်းကမ်းများကို သိရှိစေပြီး လိုက်နာမှုရှိ/မရှိ ပြန်လည်ဆန်းစစ်ပြီး လိုအပ်ပါက အရေးယူခြင်းတို့ကို ထိရောက်စွာ ဆောင်ရွက်သွားရမှာဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ လက်ရှိအခြေအနေပေါ် မူတည်၍ ဆေးဝါးဝယ်ယူဖြန့်ဖြူး မှုတွင် အလေအလွင့်နည်းပါးစွာဖြင့် ဆောင်ရွက်နိုင်မည့် နည်းလမ်းများကို ညှိနှိုင်းဆွေးနွေးကြရန် တိုက်တွန်းလိုကြောင်းပြောကြားသည်။



အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှ ဒေသဆိုင်ရာရုံးမှ Regional Advisor for Essential drugs and other medicines Dr.Kathleen Holloway က ဆေးဝါးထုတ်လုပ်၊ ဝယ်ယူ၊ ရောင်းချ၊ ဖြန့်ဖြူးခြင်းလုပ်ငန်းများနှင့်ပတ်သက်၍ အခက်အခဲပြဿနာများ၊ ဖြေရှင်းနိုင်မည့်နည်းလမ်းများကိုရှင်းလင်းတင်ပြပြီးဆွေးနွေးပွဲတက်ရောက်လာသူများက အုပ်စုလိုက် ဆွေးနွေးတင်ပြကြသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ ကျန်းမာရေးဝန်ကြီးဌာန လက်အောက်ရှိ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဆေးဝါး အကြံပေးကော်မတီဝင်များ၊ မြန်မာနိုင်ငံဆရာဝန်အသင်း၊ မြန်မာနိုင်ငံ ဆေးပညာရှင်အဖွဲ့နှင့် မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်းကုန်သည်များ နှင့်လုပ်ငန်းရှင်များအသင်းတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှဒေသဆိုင်ရာရုံးမှ Regional Advisor for Essential drugs and other medicines Dr. Kathleen Holloway,National Task Force for Supply Chain Management အဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များတက်ရောက်ကြကြောင်းသတင်းရရှိသည်။


**(သတင်းစဉ်)**


# ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်


**ကွမ်းခြံကုန်း အောက်တိုဘာ ၂၂**

ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ်အတွင်း ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေဖြင့် ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၂၂ရက်က ရန်ကုန်တောင်ပိုင်းခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးကျော်လင်းသန်းနှင့် အဖွဲ့သည် ကွမ်းခြံကုန်းမြို့နယ် ဒေးဒရဲကားလမ်းမမှ ကမာကလွန်း-ကျောင်းကုန်း ကျေးရွာချင်းဆက် ကွန်ကရစ်လမ်းခင်းခြင်း၊ မန်းကလိပ် မဲဇလီဝကျေးရွာနှင့် ထီးဖား မဲဇလီစမ်းကျေးရွာချင်းဆက် ကွန်ကရစ်လမ်းခင်းခြင်း၊ တောကျောင်း-အင်းကွတ်လမ်း ရေပြွန်ပြုလုပ်ခြင်း၊ ဝါးကောက်တောကျေးရွာတွင်းတိမ်တူးဖော်ခြင်းနှင့် ကျောင်းစုကျေးရွာ တွင်းနက်တူးဖော်ခြင်း လုပ်ငန်းများကို ကွင်းဆင်းစစ်ဆေးကြည့်ရှုရာ သက်ဆိုင်ရာကုမ္ပဏီများမှ တာဝန်ခံများနှင့် မြို့နယ်/ကျေးလက် ဦးစီးမှူး ဒေါ်ခင်သန်းအေးတို့က လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြခဲ့ကြောင်းသိရသည်။

**(ကွမ်းခြံကုန်းကျေးလက်)**








ပြည်တွင်းရေးရာ

# မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် ရုပ်သံလွှင့်ကုမ္ပဏီများ၊ FM ကုမ္ပဏီများအကြား ချုပ်ဆိုခဲ့သော မူလစာချုပ်များအပေါ် ပြင်ဆင်ဖြည့်စွက်သည့်စာချုပ်များ လက်မှတ်ရေးထိုး

**နေပြည်တော် အောက်တိုဘာ ၂၂**

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသော ရုပ်သံလွှင့်ကုမ္ပဏီများ၊ FM ကုမ္ပဏီများအကြား ချုပ်ဆိုခဲ့သော မူလစာချုပ်များအပေါ် ပြင်ဆင်ဖြည့်စွက်သည့်စာချုပ်များအား လက်မှတ်ရေးထိုးပွဲအခမ်းအနားကိုအောက်တိုဘာ ၂၁ ရက် နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီး ဦးပိုက်ထွေးက အမှာစကားပြောကြားရာ၌ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ အနာဂတ် မျှော်မှန်းချက်ဖြစ်သည့် အများပြည်သူဝန်ဆောင်မှု ရုပ်သံလွှင့်လုပ်ငန်းသို့ အသွင်ကူးပြောင်းရာတွင် အဆင်သင့်ဖြစ်စေခြင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် ပူးပေါင်းဆောင်ရွက်သည့် ရုပ်သံလွှင့်ကုမ္ပဏီများ၊ FM ကုမ္ပဏီများအကြား ချုပ်ဆိုခဲ့သည့် မူလစာချုပ်များကို ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဥပဒေပြဌာန်းအတည်ပြုချိန်တွင် ဥပဒေပါ အချက်အလက်များနှင့် လိုက်လျောညီထွေဖြစ်ရန် လိုအပ်ခြင်းနှင့် နည်းပညာပိုင်းဖွံ့ဖြိုးတိုးတက်လာသည်နှင့်အညီ အကျိုးအမြတ်ခွဲဝေမှု ကိစ္စရပ်များတွင် စာရင်းဇယားများ၊ အမှန်ဝင်ငွေများနှင့် အချိုးကျပေးသွင်းမှုများ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ရန် လိုအပ်ခြင်း စသည့်အချက်အလက်များကို ဆောင်ရွက်နိုင်ရန်အတွက် မူလချုပ်ဆိုခဲ့သည့် စာချုပ်များကို ပြန်လည်သုံးသပ်ချုပ်ဆိုရန် လိုအပ်ပါကြောင်း ဖြင့် ပြောကြားသည်။

ထို့နောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော ရုပ်သံလွှင့်ကုမ္ပဏီများ၊ FM ကုမ္ပဏီများအကြား ချုပ်ဆိုထားသော မူလစာချုပ်များအပေါ် ပြင်ဆင်ဖြည့်စွက်သည့် စာချုပ်များအား ဒုတိယဝန်ကြီး ဦးပိုက်ထွေး၏ ရှေ့မှောက်၌ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးတင့်ဆွေနှင့် သက်ဆိုင်ရာ ကုမ္ပဏီများမှ တာဝန်ရှိသူများက လက်မှတ်ရေးထိုးခဲ့ကြသည်။**(အပေါ်ပုံ)**



ယနေ့စာချုပ်ချုပ်ဆိုပွဲတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် Forever Group၊ ရွှေသံလွင် မီဒီယာ၊ မန္တလေး FM၊ ရွှေ FM၊ ပဉ္စဝတီ FM၊ ချယ်ရီ FM၊ ပတ္တမြား FM၊ FM ပုဂံတို့နှင့် မူလစာချုပ်များအပေါ် ပြင်ဆင်ဖြည့်စွက်သည့်စာချုပ်များ လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။ **(ကြေးမုံ)**



# လေအေးပေးစက်တွင် တပ်ဆင်ထားသော မီးဖြတ်စက်အပူလွန်ကဲရာမှ စာသင်ကျောင်းအိပ်ဆောင်မီးလောင်

**မန္တလေး အောက်တိုဘာ ၂၂**

မန္တလေးမြို့ မဟာအောင်မြေမြို့နယ် (၅၅)လမ်းနှင့် (၅၆)လမ်းကြား၊ (၃၆)လမ်းနှင့်(၃၇)လမ်းကြား၊ ရဲမွန်တောင်ရပ်ကွက်ရှိ တရုတ်စာသင်ကျောင်းတွင် အောက်တိုဘာ ၂၂ ရက် နံနက် ၁၀ နာရီ မိနစ် ၂၀ ခန့်က လေအေးပေးစက်တွင်တပ်ဆင်ထားသော မီးဖြတ်စက်အပူလွန်ကဲရာမှ မီးလောင်မှုဖြစ်ပွားခဲ့သည်။

မီးလောင်ရာသို့ မီးသတ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန်းကျော်ကျော်၊ ညွှန်ကြားရေးမှူးဦးကြည်ဝင်း၊ မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဦးသန်းဇော်ဝင်းတို့ ဦးစီးပြီး သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၃၅ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၅၀၊ အုပ်ချုပ်မှုယာဉ်သုံးစီး၊ မီးငြိမ်းသတ်ယာဉ် ၄၀ ဖြင့် ဝိုင်းဝန်းငြိမ်းသတ်ရာ နံနက် ၁၀ နာရီ မိနစ် ၄၀ တွင် မီးငြိမ်းသွားခဲ့သည်။

မီးလောင်မှုကြောင့် တရုတ်စာသင်ကျောင်းအာစီ နှစ်ထပ် ပေ (၃၀×၆၀) အပေါ်ထပ်အိပ်ခန်းဆောင်နှင့် အတွင်းပစ္စည်းများ မီးလောင်ဆုံးရှုံးခဲ့သည်။ မီးလောင်မှုနှင့်ပတ်သက်၍ မဟာအောင်မြေမြို့နယ် မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **မောင်ပြည်သူ(မန္တလေး)**

































# အုပ်စုဖွဲ့၍ ယာဉ်တိုက်မိဟန်ဆောင်ကာ လျော်ကြေးငွေတောင်းခံသည့်အဖွဲ့ ဖမ်းဆီးရမိ

**ရန်ကုန် အောက်တိုဘာ ၂၂**

ရန်ကုန်တိုင်းဒေသကြီးအတွင်း ယာဉ်ဖြင့် တိုက်မိဟန်ဆောင်၍ လျော်ကြေးငွေတောင်းခံသည့် အဖွဲ့မှ ပါဝင်သူများကို ကျောက်တံတားမြို့နယ် အတွင်း၌ ဖမ်းဆီးရမိခဲ့ပြီး အရေးယူဆောင်ရွက်လျက် ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးမှ ထုတ်ပြန်ချက်အရ သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၁၃ ရက် ည ၉ နာရီ ၄၅ မိနစ်ခန့်က ကျောက်တံတားမြို့နယ် အနော်ရထာလမ်းနှင့် (၃၃)လမ်းထိပ်တွင် မောင်းနှင်နေသော မော်တော်ယာဉ်တစ်စီး၏ ဝဲဘက်နောက်ကြည့်မှန်အား ကြည့်မြင်တိုင်မြို့နယ်နေ ရဲမင်းဦးက လက်ဖြင့်ရိုက်ပြီး မှန်ကွဲသွားစဉ် ယာဉ်ဖြင့် တိုက်မိသည်ဟု ပြောကာ ၎င်းနှင့်အတူပါသူ ကတုံးမ(ခ) ပြည့်ဖြိုးခိုင်(ခ)အင်ကြင်းခိုင်က ရဲစခန်းသို့အမှုဖွင့်ရန် သွားရောက်မည်ဟု ပြောဆိုပြီး ၎င်း၏ခင်ပွန်းဖြစ်သူကို ဖုန်းဆက်ခေါ်ခဲ့သည်။

ထိုသို့ဖြစ်ပွားစဉ် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ ရောက်ရှိလာကာ ဒဏ်ရာရရှိသည်ဟုပြောဆိုသူ ရဲမင်းဦးနှင့် မအင်ကြင်းခိုင်တို့အား ကျောက်တံတား မြို့မရဲစခန်းသို့ ခေါ်ဆောင်ခဲ့ပြီး ရဲမင်းဦးအား ဆေးစာဖြင့် ရန်ကုန်ဆေးရုံကြီးသို့ဆေးစစ်ရန် ပို့ဆောင်ပေးခဲ့သည်။ ထိုမှတစ်ဆင့် ကတုံးမ(ခ) ပြည့်ဖြိုးခိုင်(ခ) အင်ကြင်းခိုင်၏ဖုန်းဆက်ခေါ်ဆိုမှု အရ ၎င်း၏ခင်ပွန်း အာလူး(ခ)ဇော်ဦးနှင့်အတူ ကျော်ကြီး(ခ)ကျော်ကျော်အောင်တို့မှာ ကျောက် တံတား မြို့မရဲစခန်းသို့ရောက်ရှိလာသဖြင့် ဖြစ်စဉ် အားစိစစ်ဆောင်ရွက်နေစဉ် ယာဉ်မောင်းသူက လွန်ခဲ့သော ဇူလိုင်လအတွင်းက လှိုင်မြို့နယ် ရွာမ ကွေ့အနီး၌ ယာဉ်ဖြင့်တိုက်မိဟန်ဆောင်၍ ငွေကျပ် ၁၅၀၀၀၀ တောင်းယူသွားခဲ့ဖူးသူများမှာ ရောက်ရှိ လာသော အာလူး(ခ) ဇော်ဦးနှင့်အဖွဲ့ဖြစ်သည်ကို မှတ်မိသိရှိခဲ့သည်။

ထိုသို့ သိရှိသဖြင့် ရဲတပ်ဖွဲ့ဝင်များက ကတုံးမ (ခ)ပြည့်ဖြိုးခိုင်(ခ)အင်ကြင်းခိုင်၊ အာလူး(ခ)ဇော်ဦး နှင့် ကျော်ကြီး(ခ) ကျော်ကျော်အောင်တို့အား စစ်ဆေးဆောင်ရွက်ခဲ့ရာ ၎င်းတို့အဖွဲ့သည် ယာဉ်ဖြင့်တိုက်မိသကဲ့သို့ဟန်ဆောင်ခဲ့ပြီး အဆိုပါ ယာဉ်မောင်းထံက ငွေကြေးတောင်းခံရန် ပြုလုပ်ခဲ့ ကြောင်း ပေါ်ပေါက်ခဲ့ကြောင်းနှင့် ဆေးရုံတွင် ဆေးကုသရန်ပို့ဆောင်ထားသူ ရဲမင်းဦးမှာလည်း ဆေးရုံမှ ဓာတ်မှန်ရိုက်ရန် ဆောင်ရွက်နေစဉ် ထွက်ပြေးတိမ်းရှောင်သွားခဲ့ကြောင်း သိရသည်။

ပေါ်ပေါက်ချက်အရ ကြည့်မြင်တိုင်မြို့နယ် နေသူများဖြစ်သည့် ကတုံးမ(ခ)ပြည့်ဖြိုးခိုင်(ခ) အင်ကြင်းခိုင်(၂၇)နှစ်၊ အာလူး(ခ)ဇော်ဦး(၃၇) နှစ်နှင့် ကျော်ကြီး (ခ) ကျော်ကျော်အောင် (၃၃) နှစ်တို့အား ကျောက်တံတားမြို့မရဲစခန်းမှ ခြေချုပ် နှင့် ခံဝန်ဥပဒေပုဒ်မ-၅(၁)(ဂ) ဖြင့် အသီးသီးအမှုဖွင့် အရေးယူ ဆောင်ရွက်ခဲ့ကြောင်းသိရပြီး ဖမ်းဆီး အရေးယူဆောင်ရွက်ထားသူ ကတုံးမ(ခ)ပြည့်ဖြိုးခိုင် (ခ)အင်ကြင်းခိုင်၊ အာလူး(ခ)ဇော်ဦးနှင့် ကျော်ကြီး (ခ) ကျော်ကျော်အောင်တို့အား အလားတူ ကျူးလွန် ခဲ့မှုများအား ဖော်ထုတ်စစ်ဆေးခဲ့ရာ ၎င်းတို့ သုံးဦး သည် ပြီးခဲ့သည့် ဩဂုတ်လအတွင်းက သွားခေါ (ခ)သန်းနိုင်၊ ကြက်ကုလား၊ ရောင်ကြီးဆိုသူတို့နှင့် အတူ မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်လမ်းဆုံအနီး တွင် သွားခေါ(ခ)သန်းနိုင်က ကိုယ်ပိုင်ယာဉ်တစ်စီး အား တိုက်မိသကဲ့သို့ဟန်ဆောင်ကာ လှဲချခဲ့ပြီး လျော်ကြေးငွေအဖြစ် ငွေကျပ် ၈၀၀၀၀ အား လည်းကောင်း၊ ကုလားလေး၊ မခင်ချိုဝင်း၊ ရဲမင်းဦး တို့နှင့်အတူ ကမာရွတ်မြို့နယ် လှည်းတန်းမီးပွိုင့် အနီး ပြည်လမ်းအတိုင်း မောင်းနှင်နေသော ယာဉ်တစ်စီးအား ကုလားလေးက ပွတ်တိုက်ခံ၍ လျော်ကြေးငွေအဖြစ် ငွေကျပ် ၁၀၀၀၀၀ အား လည်းကောင်း တောင်းခံရယူခဲ့ကြကြောင်း၊ စက်တင် ဘာလအတွင်းကလည်း ကုလားလေး၊ မခင်ချိုဝင်း၊ ရဲမင်းဦးတို့နှင့်အတူ မင်္ဂလာတောင်ညွန့်မြို့နယ် (၉၄)လမ်းအတွင်း ကိုယ်ပိုင်ယာဉ်တစ်စီးအား မခင်ချိုဝင်းက တိုက်မိသကဲ့သို့ ဟန်ဆောင်ကာ လှဲချပြီး လျော်ကြေးငွေကျပ် ၁၅၀၀၀၀ အား လည်းကောင်း၊ သွားခေါ(ခ)သန်းနိုင်၊ ကြက်ကုလား၊ ခိုင်ကြီးတို့နှင့်အတူ မရမ်းကုန်းမြို့နယ် သမိုင်း လမ်းဆုံအနီးတွင် ကိုယ်ပိုင်ယာဉ်တစ်စီးအား ခိုင်ကြီး က ပွတ်တိုက်ခံ၍လျော်ကြေးငွေကျပ် ၁၅၀၀၀၀ အားလည်းကောင်း၊ သွားခေါ(ခ)သန်းနိုင်၊ ကြက် ကုလားတို့နှင့်အတူ ပုဇွန်တောင်မြို့နယ် ရေကျော် လမ်း၌ ကိုယ်ပိုင်ယာဉ်တစ်စီးအား သွားခေါ(ခ) သန်းနိုင်က ပွတ်တိုက်ခံ၍ လျော်ကြေးငွေကျပ် ၆၀၀၀၀ အားလည်းကောင်း တောင်းခံရယူပြီး ခွဲဝေယူခဲ့ကြကြောင်း ဖော်ထုတ်ချက်များအရ ယင်းကဲ့သို့ကျူးလွန်ရာတွင် ပါဝင်သူ သွားခေါ(ခ) သန်းနိုင်၊ ကြက်ကုလား၊ ရောင်ကြီး၊ ရဲမင်းဦး၊ ကုလားလေး၊ မခင်ချိုဝင်းတို့ ခြောက်ဦးအား ဖမ်းဆီး ရမိရေးအတွက် ဆက်လက်စုံစမ်းဆောင်ရွက်လျက်ရှိ ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်နှင့် စပ်လျဉ်း၍ ယာဉ်တိုက်မိ သကဲ့သို့ ဟန်ဆောင်ကာ ငွေကြေးတောင်းခံသည့် ဖြစ်စဉ်များအား မိဘပြည်သူများအနေဖြင့် သတိပြု နိုင်စေရန်နှင့် အလားတူဖြစ်စဉ်များအတိုင်း ဖြစ်ပွား ကြုံတွေ့ရပါကလည်း ရဲတပ်ဖွဲ့သို့ ဆက်သွယ်သတင်း ပေးခြင်းဖြင့် ပူးပေါင်းဆောင်ရွက်ပေးနိုင်ပါရန် အသိပေးဖော်ပြအပ်ပါကြောင်းဖြင့် ရန်ကုန်တိုင်း ဒေသကြီးရဲတပ်ဖွဲ့မှူးရုံးမှ အောက်တိုဘာ ၂၁ ရက်က ထုတ်ပြန်သည်။

**(စိုးဝင်း-MLA)**

# ဖားကန့်၌ စိတ်ကြွဆေးပြားများ သိမ်းဆည်းရမိ

**ဖားကန့် အောက်တိုဘာ ၂၂**

မူးယစ်တပ်ဖွဲ့စု(၂)မြစ်ကြီးနားမှ တပ်ဖွဲ့ဝင်များသည် ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု စပေါ့စက်လှေဆိပ်အနီးရှိ ကားလမ်းဘေးတွင် အောက်တိုဘာ ၂၀ ရက်က သန်းဇော်စီးနင်းလာသော မော်တော်ဆိုင်ကယ်နှင့် ညီညီ မောင်းနှင်ပြီး ညီဇော်လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်နှစ်စီးကို ရှာဖွေရာ သန်းဇော်ဝတ်ဆင်ထားသော ဘောင်းဘီအိတ်အတွင်းမှ ခတ်ပုံ နှစ်ဂရမ် သိမ်းဆည်းရမိခဲ့သည်။

စစ်ဆေးဖော်ထုတ်ချက်အရ ဆိပ်မူကျေးရွာအုပ်စု ဆွတ်အောင်ကျေးရွာရှိ သန်းဇော် ငှားရမ်းနေထိုင်သည့်အခန်းအားဆက်လက်ရှာဖွေရာ အိပ်ရာဘေးရှိ သေတ္တာအတွင်းမှ ဘိန်းဆီခဲ လေးဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၃၂၀၀ ထပ်မံသိမ်းဆည်းရမိသဖြင့် သန်းဇော်(၄၄)နှစ်၊ ညီညီ(၄၇)နှစ်နှင့် ညီဇော် (ခ) သန်းဇော်(၃၇)နှစ်တို့ သုံးဦးအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။


ထို့အတူ ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု အထက်တောင်းကော့ ကျေးရွာနေ မမာန်ဟောက်ကျိန်၏နေအိမ်ကို ရှာဖွေရာ အိပ်ရာဘေးရှိ ပိုက်ဆံအိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၁၀ သိမ်းဆည်းရမိခဲ့သည်။


စစ်ဆေးဖော်ထုတ်ချက်အရ မူးယစ်ဆေးဝါးရောင်းချသူ ဆိပ်မူကျေးရွာ ရပ်ကွက်(၂)တွင်နေထိုင်သူ အိုက်ကို၏နေအိမ်ကို ရှာဖွေရာ ၎င်းနှင့်အတူ အုန်းရွှေအားတွေ့ရှိရပြီး အိုက်ကိုဝတ်ဆင်ထားသော အင်္ကျီအတွင်းနှင့် အိပ်ခန်းရှိ သံသေတ္တာအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၆၇၈ ပြား၊ အဝတ်ဘိန်း ၁၉၆ ဒသမ ၃၃ ဂရမ်နှင့် ဘိန်းဖြူ သုည ဒသမ ၁၅ ဂရမ် သိမ်းဆည်းရမိသဖြင့် မမာန်ဟောက်ကျိန်(၂၈)နှစ်၊ အိုက်ကို (၄၂)နှစ်နှင့် အုန်းရွှေ(၃၈)နှစ်တို့ သုံးဦးတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **(ကြေးမုံ)**

# ကောလင်းတွင် မီးလောင်မှုဖြစ်ပွား

**ကောလင်း အောက်တိုဘာ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့ ကျော်ဇေယျာရပ်ကွက်တွင် အောက်တိုဘာ ၂၁ ရက် ည ၁၀ နာရီခွဲခန့်က မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်မှာ ကောလင်းမြို့ ကျော်ဇေယျာရပ်ကွက် ဦးအောင်သန်း(၆၆) နှစ်၏ နေအိမ်တွင် လျှပ်စစ်ဝါယာရှော့ဖြစ်၍ မီးလောင်မှုဖြစ်ပွားရာမှ ဦးအောင်သန်းနေအိမ်၊ ဦးစိုးထိုက်နေအိမ်၊ ကြက်ခြံ၊ ဒေါ်မိမိအောင်နေအိမ်တို့ မီးလောင်ဆုံးရှုံးသွားကြောင်း သိရသည်။ **(၂၁၄)**





# နှစ်(၅၀)ပြည့် ရွှေရတုမင်္ဂလာဆုတောင်း

ဖေဖေ ဦးဝင်းအောင်(ညွှန်ကြားရေးမှူး-ငြိမ်း၊ CRO)နှင့် မေမေ ဒေါ်လီလီခင်(ခ) မိုရင်းခင်တို့၏ ၂၃-၁၀-၂၀၁၄ရက်တွင် ကျရောက်သော နှစ်(၅၀)ပြည့် ရွှေရတုမင်္ဂလာ ရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် ကိုယ်စိတ်နှလုံး၊ ကျန်းမာချမ်းသာစွာဖြင့် မိသားစုနှင့်အတူ ပျော်ရွှင်ချမ်းမြေ့သောဘဝကို လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းလျက်-

**သားကြီး - ထွန်းအောင်ငွေ(ခ)ထက်အောင်(Yangon Youth Construction)**
**သမီးငယ် - သန်းသစ်ရှိန် (USA)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၆)၊ မြေကွက်အမှတ်-(၈၅၉/ခ)၊ မြေကွက်တည်နေရာ-အမှတ် (၈၅၉/ခ)၊ အင်းဝလမ်း၊ (၆)ရပ်ကွက် တောင်ဥက္ကလာပ မြို့နယ်၊ (ဦးတင်ရွှေ)အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား အမည်ပေါက် ဦးတင်ရွှေနှင့် ဒေါ်တင်မြတ်လတ်တို့ကို တရားပြိုင်ထား၍ ဦးဝင်းညို၊က တောင်ဥက္ကလာပမြို့နယ် တရားရုံး တရားလိုပြု၍ ရုံး၏ အမိန့်နှင့် ၂၅-၈-၂၀၁၄ရက်စွဲပါ ဘီးလစ်ခန့်စာတို့ကို တင်ပြပြီး တရားရုံး(ကိုယ်စား)ဘီးလစ် နန့်ဆန်းသိန်း [၁၂/မရက(နိုင်)၀၄၇၆၁၆]က အရောင်း အဝယ် စာချုပ်ရန် မြေပုံကူးလျှောက်ထား လာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**




**ပျောက်ဆုံးခြင်း**

MYANMAR ZABUTUN TRANSPOR TATION SERVICES CO.,LTD ၏ ကုမ္ပဏီ မှတ်ပုံတင်လက်မှတ်အမှတ်-၂၅၆၆/ ၂၀၁၁-၂၀၁၂ရက်စွဲ (၉-၁၁-၂၀၁၁) ကတ်ပြား မူရင်းမှာ(၂၀-၁၀-၂၀၁၄)ရက် နံနက် ၁၀နာရီခန့်တွင် ပျောက်ဆုံး၍ တွေ့ရှိက ပေးပို့ပါ ရန်။ ဖုန်း-၂၀၃၀၂၃






# ချင်းတွင်းမြစ်သွား အမြန်ရေယာဉ်များမှာ စီးနင်းခရီးသည် နည်းပါးလာ၍ ကုန်ပစ္စည်းများသာ အဓိကပို့ဆောင်နေရ



**ကလေးဝ၊ အောက်တိုဘာ ၂၂**

ချင်းတွင်းမြစ်တွင်းသွား အမြန်ရေယာဉ်များအနေဖြင့် ခရီးသည်နည်းပါးလာမှုကြောင့် ပြေးဆွဲမှုတွင် တွက်ခြေကိုက်စေရန်အတွက် ကုန်ပစ္စည်းများသာ အဓိကအားထားပို့ဆောင်ပေးနေရကြောင်း သိရသည်။

"ချင်းတွင်းမြစ်အတွင်းပြေးဆွဲတဲ့ယာဉ်လိုင်းတွေက ဒီနှစ်ထဲမှာတိုးလာတယ်။ အရင်တုန်းကတော့ ရွှေနဒီ၊ ငွေစင်ဦး၊ MGRG ယာဉ်လိုင်းတွေပဲရှိတယ်။ သူတို့တွေပဲ အဓိကထားပြေးဆွဲပေးခဲ့ကြတယ်။ ကျန်တာတွေက တစ်ခါတစ်ရံလောက်ပဲ ပြေးဆွဲကြတယ်။ အခုတော့ ယာဉ်လိုင်းတွေတိုးလာတယ်။ နောက်ပြီး အမြန်ရေယာဉ်ထောင်တဲ့သူတွေလည်း များလာတယ်။ တစ်စင်းကနေ နှစ်စင်းဝယ်လာကြတဲ့သူတွေလည်း ရှိတယ်။ ဒါကြောင့် ယာဉ်လိုင်းတွေပေါတော့ လိုက်ပါစီးနင်းတဲ့သူတွေကလည်း ကိုယ်ကြိုက်နှစ်သက်ရာ စီးခွင့်ရလာကြတော့ ယာဉ်လိုင်းတွေမှာ နည်းနည်းလူပါးလာတာကို တွေ့ရတယ်" ဟု ကလေးဝမြို့မှ အမြန်ရေယာဉ်မောင်းတစ်ဦးက ပြောသည်။

"ခရီးသည်တွေအနေဖြင့် သူတို့ကြိုက်နှစ်သက်ရာကို စီးလို့ရနေတဲ့ အခွင့်ကောင်းပါပဲ။ ကြိုက်တဲ့အချိန် သွားလို့ရတယ်။ ခရီးသည်ကတော့ တော်တော်လေးကိုပါးလာတယ်။ အရင်က တစ်ခါထွက်ရင် ခရီးသည် ဦးရေ ၁၀၀ ရရင် အခု ၅၀ လောက်ပဲရတော့တယ်။ ယာဉ်လိုင်းအားလုံးမျှစားနေရတာပါ။ ခရီးစဉ်တွေတိုးချဲ့ပြီးလည်း ပြေးဆွဲနေပါတယ်။ အရင်က ပြေးဆွဲခဲ့ခြင်းမရှိတဲ့ နန်တောအထိကို ကလေးဝကနေ ပြေးဆွဲပေးနေပြီ" ဟု ရွှေနဒီဂိတ်မှူး ဦးတင်ထွန်းလွင်က ပြောသည်။

အမြန်ရေယာဉ်စီးခအဖြစ် ကလေးဝ-နန်တောသို့ ကျပ် ၁၇၀၀၀၊ ကလေးဝ-ဟုမ္မလင်းသို့ ကျပ် ၉၀၀၀၊ ကလေးဝ-ဖောင်းပြင်သို့ ကျပ် ၇၀၀၀၊ ကလေးဝ-မော်လိုက်သို့ ကျပ် ၄၀၀၀၊ ကလေးဝ-မင်းကင်းသို့ ကျပ် ၄၀၀၀၊ ကလေးဝ-မုံရွာသို့ ကျပ် ၆၀၀၀ ပေးရကြောင်းသိရသည်။

**လင်းလက်ကြယ်စင်**

## ကျေးလက်နေပြည်သူများအတွက် နံရံကပ်စာပေရေချမ်းစင် စာအုပ်အသစ်များ ဖြည့်ဆည်းပေးလျက်ရှိ

**ပုလဲ၊ အောက်တိုဘာ ၂၂**

ပုလဲမြို့နယ်တွင် အောက်တိုဘာ ၁၁ ရက်က မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးဝန်ထမ်းများက ကျေးရွာများအရောက် အတွဲ (၂)၊ အမှတ် (၉) စာအုပ်အသစ်များကို ဖြည့်ဆည်းပေးခဲ့ကြောင်း သိရသည်။

ပုလဲမြို့နယ်အတွင်းရှိ မြို့ပေါ်ရပ်ကွက်၊ မြေပြန့်ကျေးရွာများနှင့် တောင်ပေါ်ကျေးရွာများအထိ နေရာ ၂၀ တွင်အသစ်ရောက်လာသော အတွဲ (၂)၊ အမှတ် (၉) နံရံကပ်စာပေရေချမ်းစင် စာအုပ်များကို ပြည်သူများ အသိဉာဏ်ပညာ ဗဟုသုတ တိုးပွားလာစေရေးအတွက် သွားရောက်ဖြည့်ဆည်းပေးခဲ့ခြင်းဖြစ်ကြောင်း ပုလဲမြို့နယ်ရုံးမှ အငယ်တန်းစာရေး ဦးအောင်ညီညီလှိုင်က ပြောသည်။

ပုလဲမြို့နယ် ရွာသစ်ကျေးရွာနေ ဦးခင်မောင်အေးက "ကျေးရွာတွေအရောက် နံရံကပ်စာပေရေချမ်းစင်လေးတွေ ထားပေးတာ အရမ်းကောင်းပါတယ်။ ကျွန်တော်တို့ ပုထိုးသာကျေးရွာအုပ်စုမှာဆိုရင် ရွှေဆံပင်ဆရာတော် ဦးစီးဖွင့်လှစ်တဲ့ ပညာဝေပုလ္လစာကြည့်တိုက်ကလည်း အောင်မြင်တယ်။ ရွာသစ်ကျေးရွာမှာရှိတဲ့ ဖန်မီးအိမ်စာကြည့်တိုက်ကလည်း အောင်မြင်တယ်။ စာဖတ်အားကောင်းတယ်။ အခုလို အဝတ်အိတ်လေးတွေထဲ လက်တစ်ဝါးသာရှိတဲ့ စာအုပ်ငယ်လေး ၁၃ အုပ်ထည့်ထားပေးပြီး ရွာကိုလာထားပေးတာ အရမ်းကျေးဇူးတင်တယ်။ ဘာသာရပ် ၁၃ မျိုးဆိုတော့ စာအုပ်တွေက ပါးပါးလေးနဲ့ ထိတယ်။ အချိန်ပေးဖတ်စရာလည်း မလိုဘူး။ လစဉ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွေက စာအုပ်တွေ ပြန်မသိမ်းဘဲ အသစ်တွေထပ်ဖြည့်ဆည်းပေးတော့ တစ်လပြီးတစ်လ ဗဟုသုတတွေတိုးတာပေါ့။ ရွာသူ၊ ရွာသားများကလည်း နှစ်သက်ကြပါတယ်" ဟု ပြောသည်။

**မြင့်သိန်းစိုး**

## နိုင်ငံတကာအဆင့်မီ မြိတ်–တနင်္သာရီ–မောတောင် ခရီးစဉ် မော်တော်ယာဉ်လိုင်းသစ် ပြေးဆွဲမည်

**မြိတ်၊ အောက်တိုဘာ ၂၂**

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့တွင် ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာသည့်အတွက် မောတောင်နယ်စပ်ကုန်သွယ်ရေးစခန်း ဖွင့်လှစ်မှုနှင့်အတူ တိုးတက်လာမည့် ခရီးသွားလာရေးလုပ်ငန်းအတွက် နိုင်ငံတကာအဆင့်မီ မော်တော်ယာဉ်လိုင်းများ လိုအပ်လျက်ရှိကြောင်းသိရသည်။

ထိုသို့လိုအပ်ချက်များကြောင့် ယခုအခါ မြိတ်အများပိုင်ကော်ပိုရေးရှင်းလီမိတက်သည် ခရီးသွားပြည်သူများ၏အကျိုးကို ရှေးရှုသောအားဖြင့် နိုင်ငံတကာအဆင့်မီ မော်တော်ယာဉ်လိုင်းတစ်ခုဖြစ်သည့် 'ပြည်ငြိမ်းချမ်း' မော်တော်ယာဉ်လိုင်းအား အောက်တိုဘာ ၂၄ ရက်မှ စတင်ကာ မြိတ်-တနင်္သာရီ-မောတောင် ခရီးစဉ်အား အပတ်စဉ် တနင်္လာ၊ အင်္ဂါ၊ ကြာသပတေး၊ သောကြာနေ့များတွင် ပြေးဆွဲသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါမော်တော်ယာဉ်လိုင်းတွင် ကိုရီးယားနိုင်ငံ Hyundai ကုမ္ပဏီမှ တိုက်ရိုက်တင်သွင်းလာသည့် Aircon Mini-Bus ကားသစ်ကြီးများအသုံးပြု၍ ပြေးဆွဲသွားမည်ဖြစ်ကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**

## ပြည်ထောင်စုရန်ပုံငွေမှ ခွင့်ပြုငွေကျပ် ၇၇ သန်းဖြင့် ယင်းမာပင်ခရိုင် ပုလဲမြို့နယ်အတွင်းရှိ ပုလဲ–ဂန့်ဂေါကားလမ်းအား အဆင့်မြှင့်တင်

**ပုလဲ၊ အောက်တိုဘာ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင်၊ ပုလဲမြို့နယ်အတွင်းရှိ ပုလဲ-ဂန့်ဂေါကားလမ်း မိုင် ၂၇/၃ မှ ၂၈/၀ အတွင်း (ငါးဖာလုံ)အား ကတ္တရာလမ်းတစ်ဖက်တစ်ချက် သုံးပေအကျယ် ရှစ်လက်မထု၊ နှစ်လက်မ၊ လေးလက်မ ကျောက်စီခင်းနှင့် မူလလမ်း ၁၂ ပေအကျယ်၏ ၂၅ ရာခိုင်နှုန်းအား တစ်လက်မ နှစ်လက်မ ကျောက်သုံးလက်မထု ဖြည့်ခင်းကြိတ်ပြီး၊ ကတ္တရာလောင်းခြင်း၊ ၁၈ ပေ အကျယ်အား ရေပိတ်လွှာလောင်းခြင်းလုပ်ငန်းများကို မြို့နယ်ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ပြည်ထောင်စုရန်ပုံငွေမှ ခွင့်ပြုငွေကျပ် ၇၇ သန်းဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် လမ်းပိုင်းနှစ်မိုင်အား တစ်လက်မ- နှစ်လက်မစီဖြင့် ကတ္တရာလမ်း၏ ၁၅ ရာခိုင်နှုန်းအား အနိမ့်အမြင့်ညှိ၍ ကတ္တရာရေပိတ်လွှာလောင်းခြင်းလုပ်ငန်းနှင့် မိုင် ၄၅/၀ မှ ၆၇/၀ ရှိ ၂၂ မိုင်အတွင်း လမ်းကွေ့နေရာများတွင် အကာအကွယ်တိုင် ၅၀၀ စိုက်ထူခြင်းလုပ်ငန်းများကို ပြည်ထောင်စုရန်ပုံငွေမှ ခွင့်ပြုငွေကျပ် ၇၇ သန်းဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပုလဲမြို့နယ် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ လက်ထောက်အင်ဂျင်နီယာ ဦးကျော်လင်းက "ဒီပုလဲ-ဂန့်ဂေါကားလမ်းအပိုင်းဟာ မြန်မာပြည်အလယ်ပိုင်းနဲ့ ချင်းတောင်တန်းအတွက် အချက်အချာကျတဲ့လမ်းပိုင်းဖြစ်ပါတယ်။ အရင်က လမ်းပိုင်းဆက်သွယ်ရေးအခက်အခဲကြောင့် မိဘပြည်သူခရီးသွားများ သွားလာရာမှာ အဆင်ပြေချောမွေ့မှုမရှိခဲ့ပေမယ့် အခုဆိုရင် နိုင်ငံတော်အစိုးရရဲ့ဆောင်ရွက်ပေးမှုများနဲ့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနဲ့ လမ်းအထူးအဖွဲ့တွေက အန္တရာယ်ကင်းဘေးရှင်းစွာဖြင့် လမ်းပန်းဆက်သွယ်မှု အဆင်ပြေချောမွေ့စွာသွားလာနိုင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ပေးနေပြီဖြစ်ပါတယ်" ဟု ပြောကြားခဲ့သည်။

**မြင့်သိန်းစိုး**



# မြစ်ငယ်မီးရထားတွဲပြင်စက်ရုံ စုပေါင်းမဟာဘုံကထိန်ပွဲတော်၌ ဆန်းသစ်သည့်အကအဖွဲ့များဖြင့် အစဉ်အလာမပျက် ကျင်းပမည်

**မြစ်ငယ်၊ အောက်တိုဘာ ၂၂**

မြစ်ငယ်မီးရထားမိသားစု (၆၇)ကြိမ်မြောက် မဟာဘုံကထိန်ပွဲကို ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင် မြစ်ငယ်မီးရထားတွဲပြင်စက်ရုံ ကာယဉာဏဝန်ထမ်းများ၏ ဆန်းသစ်သော အကအလှများဖြင့် ကထိန်လှည့်လည်ပွဲ ကျင်းပပြီး နိုဝင်ဘာ ၉ ရက်တွင် လှူဒါန်းပွဲ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ကထိန်ပွဲအကြိုအဖြစ် နိုဝင်ဘာ ၇ရက် ညမှ စတင်၍ဇာတ်ပွဲများ ကပြမည်ဖြစ်ပြီး ရွှေညီကို ဇာတ်အဖွဲ့ဖြင့် တစ်ညတာကပြ၍လည်းကောင်း၊ မန္တလာထိပ်ခေါင်ဇာတ်အဖွဲ့ဖြင့် တစ်ညတာကပြ၍လည်းကောင်း အများပြည်သူများအား ဖျော်ဖြေမည်ဖြစ်ကြောင်းသိရသည်။

မြစ်ငယ်မီးရထားတွဲပြင်စက်ရုံမှ ကာယဉာဏလုပ်သားများသည် မိမိတို့ရသည့်လစာထဲမှ လစဉ်ပုံမှန်စုကာ စုပေါင်းဘုံကထိန်ကျင်းပလာသည်မှာ ယခုနှစ်အပါအဝင် (၆၇) ကြိမ် အထိရှိခဲ့ပြီဖြစ်သည်။ မြစ်ငယ်မြို့ဝန်ထမ်းရပ်ကွက်(၁၂)ရပ်ကွက် ဝန်ထမ်းအိမ်ထောင်စု ၁၂၆၇ စု အပါအဝင် အခြားကျေးရွာများရပ်ကွက်များမှ ပဒေသာပင်များသီးကာ စုပေါင်းဘုံကထိန်ကျင်းပကာ လှည့်လည်ကြသည်။

ပဒေသာပင်များအတွက် သံဘီးတပ်ပဒေသာပင် လှည်းများဖြင့် ပြုလုပ်ပြီးဆန်းသစ်သောအကအဖွဲ့များဖြင့်တစ်နှစ် တစ်မျိုး မရိုးရအောင်ကြံဆောင်၍ က ပြကြသည်။

မြစ်ငယ်မီးရထားမဟာဘုံကထိန်တွင် ရုံအလိုက်ညှပ်မကြီး၊ ညှပ်ကလေး၊ ညှပ်ရုံစသည့် အခေါ်အဝေါ်များဖြင့် တန်ဖိုးအသီးသီးရှိသည့် ပဒေသာပင်များကို အနုပညာဆန်စွာဖန်တီးပုံဖော်ကြသည်။ မန္တလေးမြို့အနီးတွင် မြစ်ငယ်ဘုံကထိန်သည်လှပဆန်းသစ်သောပဒေသာပင် သီးပုံအမျိုးမျိုးဖြင့် အလှပဆုံးနှင့်အကြီးဆုံးကထိန်ပင်ဖြစ်သည်။

မြစ်ငယ်မီးရထားတွဲပြင်စက်ရုံစုပေါင်းဘုံကထိန်ပွဲကို အနီးအနားရွာနီး ချုပ်စပ်များမှအစ နယ်မြို့အသီးသီးမှလာရောက်သည့် စည်ကားသောပွဲပင်ဖြစ်သည်။ ထိုကထိန်ပွဲတော်မှာ စက်ရုံအတွင်း နယ်ပေါင်းစုံမှ လာရောက်အလုပ်လုပ်ရင်း မြစ်ငယ်မြို့တွင် အခြေချနေထိုင်သည့် ဝန်ထမ်းများမှ မိမိတို့နယ်ရှိ ဆွေမျိုးများကို ဖိတ်ကြားသည့်အတွက် ဆွေမျိုးစုပွဲလေးဟုပင် တင်စားနိုင်သည်။

မြစ်ငယ်မီးရထားတွဲ ပြင်စက်ရုံကို ၁၉၀၅ ခုနှစ်တွင် တည်ဆောက်ခဲ့ပြီး ၁၉၁၁ ခုနှစ် တွင်ပြီးစီးကာ ၁၉၁၂ ခုနှစ် တွင်စတင်လည်ပတ်ခဲ့သည်။ မြစ်ငယ်မြို့သည် မီးရထားဝန်ထမ်းများနေထိုင်သည့် ဝန်ထမ်း မြို့ဖြစ်ပြီး မြောက်လတ္တီတွဒ် (၂၁ ဒသမ ၅၄) ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် (၉ ဒသမ ၃) ဒီဂရီ ပင်လယ် ရေမျက်နှာပြင်အထက် ၂၃၆ ပေမြင့်တွင် ရှိသည်။

အကျယ်အဝန်းမှာ တွဲပြင် စက်ရုံ ၆၅ ဧက၊တွဲတည် ဆောက်ရုံ ၈၀ ဒသမ ၅ ဧကနှင့်ဝန်ထမ်း အိမ်ရာ အပါအဝင် မီးရထားပိုင် မြေ ၆၃၁ ဒသမ ၂၉ ဧကကျယ်ဝန်းသည်။ ယခင်ကစက်ရုံ ငါးရုံသာရှိခဲ့ပြီး ယခုအခါတွင် စက်ရုံ ၁၄ ရုံအထိ တိုးချဲ့တည်ဆောက်ထားသည်။ ထိုစက်ရုံများထဲ တွင်တွဲပြင်ရုံ ၁၁ ရုံ၊ တွဲတည်ရုံ ကိုးရုံအဖြစ်ခွဲကာ ဌာနအသီးသီးရုံ အသီးသီး ခွဲခြား ထုတ်လုပ်လျက်ရှိသည်။

**တိမ်တမန်**

# မွေးဖွားမှုမှတ်ပုံတင်ခြင်း ရက်သတ္တပတ် လှုပ်ရှားမှု ဖွင့်ပွဲ ဟားခါး၌ကျင်းပ

**ဟားခါး၊ အောက်တိုဘာ ၂၂**

မွေးဖွားမှု မှတ်ပုံတင်ခြင်းသည် ကလေးတိုင်းအတွက် အခြေခံလူ့အခွင့်အရေးတစ်ခုဖြစ်ပြီး ဥပဒေအရ အသိအမှတ် ပြုခြင်းကို ရရှိနိုင်သော ပထမခြေလှမ်းဖြစ်သည်နှင့် အညီ မွေးဖွားမှုမှတ်ပုံတင်ခြင်း ရက်သတ္တပတ်လှုပ်ရှားမှု ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၀ ရက် နံနက် ၉ နာရီက ဟားခါးမြို့ မြို့တော်ခန်းမ၌ ကျင်းပခဲ့သည်။

ထိုသို့ မွေးဖွားမှုမှတ်ပုံတင်ခြင်း ရက်သတ္တပတ်လှုပ်ရှားမှုဖွင့်ပွဲ အခမ်းအနားတွင် ချင်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်ကိုယ်စား ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းဦးက အဖွင့် အမှာစကား ပြောကြားခဲ့ကြောင်းသိရသည်။

ယင်းနောက်ပြည်နယ်မွေးဖွားမှု ပူးပေါင်းဆောင်ရွက်ရေး အဖွဲ့ခေါင်းဆောင် ပြည်နယ်လူမှုဝန်ကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနမှူး ညွှန်ကြားရေးမှူးဦးရှိန်ဝင်းက မွေးဖွားမှုမှတ်ပုံတင်ခြင်းလုပ်ငန်း ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြဆွေးနွေးခဲ့ကြောင်း သိရသည်။

ထို့နောက် မွေးဖွားမှုမှတ်ပုံတင်ခြင်း ရက်သတ္တပတ်လှုပ်ရှားမှုရည်ရွယ်ချက်၊ လုပ်ဆောင်မှု အခန်းကဏ္ဍများနှင့်စပ်လျဉ်း၍ UNICEF တာဝန်ခံ ဦးပြောင်ဆွင်းမုန်က ရှင်းလင်းတင်ပြခဲ့သည်။

အဆိုပါ မွေးဖွားမှုမှတ်ပုံတင်ခြင်းရက်သတ္တပတ်လှုပ်ရှားမှုဖွင့်ပွဲသို့ တတ်ရောက်လာသူများကို မွေးဖွားမှုမှတ်ပုံတင်ခြင်းရက်သတ္တပတ်ဆိုင်ရာ ပညာပေးဗွီဒီယိုဇာတ်လမ်းကို ပြသခဲ့သည်။

ယင်းသို့ မွေးဖွားမှုမှတ်ပုံတင်ခြင်းလုပ်ငန်းများကို ချင်းပြည်နယ်အတွင်းရှိ ဟားခါးမြို့နယ်နှင့် ဖလမ်းမြို့နယ်များတွင် အောက်တိုဘာ ၂၀ ရက်မှ ၂၄ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ချင်းပြည်နယ် (ပြန်/ဆက်)**

# မိတ္ထီလာမြို့ နဂါးရုံမဟာဗောဓိစေတီတော်တွင် မသိုးသင်္ကန်းရက်လုပ်ပူဇော်ပြိုင်ပွဲနှင့် ဆွမ်းသပိတ် ၁၀၀၀ ကျော် လောင်းလှူပွဲကျင်းပမည်

**မိတ္ထီလာ၊ အောက်တိုဘာ ၂၂**

မိတ္ထီလာမြို့၊ နန်းတော်ကုန်း ရပ်ကွက် နဂါးရုံမဟာဗောဓိစေတီ တော်၏ (၄၄) ကြိမ်မြောက် မသိုးသင်္ကန်းရက်လုပ်ပူဇော်ပြိုင်ပွဲနှင့် ဆွမ်းသပိတ် ၁၀၀၀ ကျော် လောင်းလှူပူဇော်ပွဲကို နိုဝင်ဘာ ၅ ရက်မှ ၆ ရက်၊ တန်ဆောင်မုန်းလဆန်း ၁၄ ရက် မှ တန်ဆောင်းမုန်းလပြည့်နေ့အထိ ကျင်းပသွားမည်ဖြစ်ကြောင်း နဂါးရုံမဟာဗောဓိစေတီ ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဝင်တစ်ဦးက ပြောကြားခဲ့သည်။

"တန်ဆောင်မုန်းလဆန်း ၁၄ ရက် ညနေ ၅ နာရီက စတင်ပြီး ရက်ကန်းစင်တော် ငါးစင်နဲ့ မသိုးသင်္ကန်းတော် ပြိုင်ရက်ခြင်းကို ကျင်းပမှာ ဖြစ်ပါတယ်။ နှစ်စဉ်နှစ်တိုင်း ပြိုင်ရက်နေကျဖြစ်တဲ့ ညောင်ပင်လှျို၊ သရက်တန်း၊ ရွာသစ်၊ ကက္ကူကန် ကျေးရွာတွေက ရိုးရာရက်ကန်း ပညာရှင်အမျိုးသမီးတွေ ပါဝင်ယှဉ်ပြိုင် ပူဇော်ရက်လုပ်ကြမှာဖြစ်ပါတယ်။ အဲဒီနောက်မှာ မသိုးသင်္ကန်းတော်တွေကို မီးကင်ပြီး ဝိသာခါ အမျိုးသမီးစက်ချုပ်အဖွဲ့က ဝိနည်းတော်နဲ့အညီ သင်္ကန်းချုပ်မယ်။

"အဲ့ဒါတွေ ပြီးတဲ့နောက် ရွှေကြာပန်းတွေနဲ့ မသိုးသင်္ကန်းကို အကျိုးတော်ဆောင်လူငယ်အဖွဲ့က အလှုဆင်ပူဇော်မယ်။ အလှုဆင်ပူဇော်ပြီး မသိုးသင်္ကန်းတွေကို ဆွမ်းသပိတ်ကုသိုလ်ရှင်များနဲ့ ဂေါပကအဖွဲ့ အကျိုးဆောင်များစုပေါင်းပြီး နဂါးရုံမဟာဗောဓိစေတီ လိုဏ်ဂူတော်အတွင်းက ဗုဒ္ဓရုပ်ပွားတော်တွေထံ ကပ်လှူပူဇော်ကြမှာ ဖြစ်ပါတယ်"ဟု ဂေါပကအဖွဲ့ဝင်တစ်ဦးက ပြောသည်။

ထို့နောက် တန်ဆောင်မုန်းလပြည့်နေ့ နိုဝင်ဘာ ၆ ရက်နေ့ နံနက် ၅ နာရီတွင် နဂါးရုံမဟာဗောဓိစေတီ ပညာဓိကတန်ဆောင်းတော်၌ မြို့နယ်အတွင်း ကျောင်းတိုက်များတွင် သီတင်းသုံးသည့် ပင့်သံဃာ ၁၀၀၀ ပါးကျော်အား ဆွမ်းသပိတ် ၁၀၀၀ ကျော် ဆက်ကပ်လောင်းလှူဖြစ်မည်သည်။

ယခုနှစ် နဂါးရုံမဟာဗောဓိစေတီ မသိုးသင်္ကန်း ရက်လုပ်ပူဇော်ပြိုင်ပွဲနှင့် ဆွမ်းသပိတ်လောင်းလှူပွဲ အထိမ်းအမှတ်အဖြစ် မန္တလေးမြို့မှ နိုင်ငံကျော်သမီးမူမူသိန်း စောင်းတေးဂီတအဖွဲ့မှ ဖျော်ဖြေမည့် အစီအစဉ်ကို ထည့်သွင်းကျင်းပမည်ဖြစ်ကြောင်းသိရသည်။

**ချမ်းသာ(မိတ္ထီလာ)**


# မြို့နယ်စည်ပင်သာယာ သန့်ရှင်းရေးဌာနမှ လာရောက်မသိမ်းဆည်းသည့် သုံးလနီးပါးကြာအမှိုက်ပုံ

**ရန်ကုန်၊ အောက်တိုဘာ ၂၁**

ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် ကျောင်းကုန်းကျေးရွာ ဗဒ္ဒံမာလမ်းနှင့် နှင်းဆီလမ်းထောင့်ရှိ အမှိုက်ပုံသည် မြို့နယ်စည်ပင်သာယာသန့်ရှင်းရေးဌာနမှ လာရောက်မသိမ်းဆည်းသည်မှာ သုံးလနီးပါးကြာမြင့်နေပြီဖြစ်ကြောင်း အောက်တိုဘာ ၂၁ ရက်က နှင်းဆီလမ်းနေ ဦးစိန်ဝင်းလှိုင်က ပြောသည်။

"ကျွန်တော်တို့ကျေးရွာရဲ့ ပြည်သူတွေက ယခင်ကတည်းက ဒီလမ်းထောင့်မှာ အမှိုက်ပစ်လေ့ရှိတဲ့အတွက် အမှိုက်ပုံလို့လဲခေါ်လို့ရပါတယ်။ ဒါကြောင့်လည်း မြို့နယ်သန့်ရှင်းရေးဌာနက အမှိုက်ပုံးကြီးနှစ်ပုံးချထားပေးတာရှိပါတယ်။ ဒါပေမယ့်လည်း အမှိုက်ပစ်တဲ့ပြည်သူကများပြီး အမှိုက်ပုံးမဆံ့တော့ အပြင်မှာဘဲပစ်သွားကြတော့ အမှိုက်တွေစုပုံ လာတယ်။ ဒါကိုသန့်ရှင်းရေးဌာနက ပုံမှန်လေးလာရောက်သိမ်းဆည်းပေးမယ်ဆိုရင်မဆိုးဘူး၊ အခုဟာက သုံးလနီးပါးဆိုတော့ အမှိုက်ပုံက လမ်းမအထိအောင်ရောက်လာပြီး ယာဉ်သွားလာမှု၊ လူသွားလာမှုနှင့် အများပြည်သူမြင်ကွင်းမှာပါ ရွံ့ရှာစက်ဆုတ်ဖွယ်တွေမြင်နေရတယ်။ ကျန်းမာရေးအရလည်း စွန့်ပစ်ပစ္စည်းအနံ့အသက်ဆိုးများကြောင့် ရောဂါ ဝေဒနာခံစားရတယ်။ ဒါ့ကြောင့် သန့်ရှင်းရေးဌာနက အမှိုက်များအမြန်လာရောက်ပြီး ပြည်သူအကျိုးကြည့်သောအားဖြင့် သိမ်းစေချင်ပါတယ်။ အခုလည်းကောင်း၊ နောင်လည်းကောင်းရအောင် သန့်ရှင်းသပ်ရပ်တဲ့ အမှိုက်ကန်ပြုလုပ်ပေးပြီး အမှိုက်စွန့်ပစ်ပြည်သူတွေ စနစ်တကျစွန့်ပစ်နိုင်အောင် နောက်ပြီး စည်းကမ်းမဲ့စွန့်ပစ်ပြည်သူတွေကိုလည်း စည်းကမ်းတကျဖြစ်လာအောင် ဥပဒေအရအရေးယူခြင်းကိုပါ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မည်ဆိုပါက ဒေသခံပြည်သူအားလုံး အစဉ်သန့်ရှင်းစွာ နေနိုင်လိမ့်မည်"ဟုဆိုသည်။

**မြင့်သန်းကြည်(ရွှေပြည်သာ)**





## "ခင်နဒီ" ခရီးသွားဝန်ဆောင်မှုလုပ်ငန်းကုမ္ပဏီ

အကောင်းဆုံး ဝန်ဆောင်မှုများကို ခံစားရင်း "ခင်နဒီ" နှင့် ခရီးသွားကြပါစို့
- ပြည်၊ ရွှေတောင်၊ သရေခေတ္တရာ မြို့ဟောင်း (ရှေးပျူမြို့တော်ဟောင်း)၊
အကောက်တောင်ဘုရား၊ ဘုရားဖူးခရီးစဉ် အောက်တိုဘာ ၂၄၊ ၂၆(၂ ညအိပ် ၃ ရက်ခရီး)
ဖုန်း-၀၉-၅၁၄၇၇၇၁၊ ၀၉-၃၃၄၉၂၂၀၉၊ ၀၉-၃၃၅၄၅၉၀၉

## နှစ်ဦးသဘောတူအကြင်လင်မယားအဖြစ်မှ တရားဝင် ကွာရှင်းပြတ်စဲပြီးစီးကြောင်း

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်လှမျိုးသွင် [၁၂/ဗဟန(နိုင်)၀၀၄၀၈၂]၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်လှမျိုးသွင်နှင့် ဦးမျိုးလွင် [၁၂/ရကန(နိုင်)၀၀၀၂၃၈]တို့သည် ၁၉၉၆ ခုနှစ် ဒီဇင်ဘာလ ၂ ရက်နေ့တွင် လက်ထပ်ခဲ့ကြပြီး ယခုအချိန်တွင် တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားချင်း မတိုက်ဆိုင်သဖြင့် မိမိတို့၏ လွတ်လပ်သောသဘောဆန္ဒများအရ ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့တွင် တောင်ဥက္ကလာပမြို့နယ်တရားရုံး၌ တရားဝင် ကွာရှင်းပြတ်စဲပြီးဖြစ်၍ နောင်တွင် လူမှုရေး၊ စီးပွားရေး၊ ငွေကြေးကိစ္စအရပ်ရပ်များနှင့်ပတ်သက်၍ တာဝန်မရှိတော့ကြောင်း၊ တစ်ဦးနှင့်တစ်ဦး မည်သို့မျှ ဆက်စပ်သက်ဆိုင်ခြင်း အလျဉ်းမရှိတော့ကြောင်း၊ တစ်ဦးပေါ် တစ်ဦးက သို့မဟုတ် ဒေါ်လှမျိုးသွင်၏ မိဘ၊ ဆွေမျိုး၊ မိတ်ဆွေအပေါ် မကောင်းသတင်း ဝေဖန်ပြောဆိုခြင်း၊ နှောင့်ယှက်ခြင်းမပြုရန်နှင့် ပြုလုပ်ခဲ့ပါက တရားဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း ဦးမျိုးလွင်နှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။


ဒေါ်လှမျိုးသွင်၏ လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်တင်ဇာနည်နေဝင်း **LL.B, D.I.L**
တရားလွှတ်တော်ရှေ့နေ (စဉ်-၉၅၇၃)
ဖုန်း-၀၉-၄၃၀၈၁၆၉၄

## ဖခင်အမည်မှန်

အထက (နမ္မတီး) ဒသမတန်း (B)မှ မလွမ်းခမ်း၏ ဖခင်အမည်မှန်မှာ ဦးအိုက်ခမ်းဖြစ်ပါသည်။


## အမည်မှန်

ဦးရာဇားယုံ၏သား မြစ်ကြီးနားမြို့၊ အထက(၁)၊ ဒသမတန်း($C_7$) မှ မောင်ရာဇားရှိုင်းအောင်၏ အမည်မှန်မှာ မောင်ရာဇားဆားရ်အောင် ဖြစ်ပါသည်။



## ဝန်ထမ်းအလိုရှိသည်

ခရီးသွားလုပ်ငန်းတွင် ဝါသနာပါပြီး ခရီးသွားနိုင်သူ ဘွဲ့ရ မ(၅)ဦး၊ လစာ ညှိနှိုင်း၊ ခရီးသွားစဉ်အလိုက် Bonus ခံစားခွင့်ရှိသည်။ ဆက်သွယ်ရန် ဖုန်း-၀၉-၄၅၀၀၁၁၀၇



ကြေးမုံ



# အင်းဝဒေသသို့ နိုင်ငံခြားသားလာရောက်မှုများလာ



**မန္တလေး၊ အောက်တိုဘာ ၂၂**

မြန်မာနိုင်ငံအတွင်းရှိ သဘာဝအလှရှုခင်းများနှင့် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်လက်ရာများကို ကမ္ဘာက သိလာသည်နှင့်အမျှယင်းတို့ကိုလေ့လာရန် နိုင်ငံခြားသားခရီးသွားများ လာရောက်လည်ပတ်မှုများပြား လျက်ရှိရာ မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့၏ တောင်ဘက် ၂ မိုင် ၄ ဖာလုံ၊ မန္တလေးမြို့အနောက်တောင်ဘက် မိုင် ၂၀ ခန့်အကွာရောဝတီမြစ်နှင့် ဒုဋ္ဌဝတီမြစ်(မြစ်ငယ်မြစ်) တို့ဆုံရာတွင် တည်ရှိသောရှေးဘုရင်မင်းဆက် ၃၁ ဆက်တိုင် ထီးနန်းစိုးစံခဲ့သည့် အင်းဝမြို့ဟောင်းဒေသသို့ နိုင်ငံခြားသား လာရောက်မှုများပြားလာကြောင်း သိရသည်။

"ဒီဒေသကို ယခုရက်ပိုင်း နိုင်ငံခြားသားတွေ လာရောက်လေ့လာတာ တော်တော်များတယ်။ မန္တလေးမြို့၊ စစ်ကိုင်းမြို့တို့ဘက်ကနေ တစ်ဆင့်ကားကြီးတွေနဲ့အဖွဲ့လိုက်လာကြတာများတယ်။ တချို့ကလည်းဧရာဝတီမြစ်ကြောင်းအတိုင်း သဘာဝအလှကိုကြည့်ရှုရင်း ကူးတို့လှေတွေ သင်္ဘောတွေနဲ့ စီးလာကြတယ်။ ဒီရောက်တော့ မြင်းလှည်းတွေစီးပြီး လှည့်လည်လေ့လာကြတယ်။ မယ်နုအုတ်ကျောင်း၊ နန်းမြင့်မျှော်စင်၊ ဗားကရာကျောင်း၊ လေးထပ်ကြီးဘုရား၊ လောကမာရ်အောင်စေတီတော်၊ ရွှေစည်းခုံစေတီ၊ ထီးလှိုင်ရှင်စေတီ၊ ညောင်ရမ်းခေတ်ဘုရားတွေနဲ့ အခြားရှေးဟောင်းအဆောက်အအုံတွေကိုလည်း သွားရောက်လေ့လာကြတယ်" ဟု ဒေသခံတစ်ဦးက ပြောသည်။

အင်းဝမြို့ကို သက္ကရာဇ် ၇၂၆ ခုနှစ်တွင် သတိုးမင်းဖျားစတင်တည်ထောင်ခဲ့ပြီး ရှေးဘုရင်မင်းဆက် ၃၁ ဆက်ထီးနန်းစိုးစံခဲ့ကြသည်။ ခေတ်အဆက်ဆက် ရှစ်ကြိမ်နန်းတည်ခဲ့ပြီး ရှေးဟောင်းသာသနိက အဆောက်အအုံများ၊ နန်းတော်ဆောင်၊ မြို့ရိုးနှင့် ပြာသာဒ်တို့၏ ဗိသုကာတည်ဆောက်ပုံနှင့် အမွမ်းပန်းလက်ရာများ တွေ့ရှိနိုင်သည်။ အင်းဝမြို့ဟောင်းတွင် နံရံဆေးရေးပန်းချီများရှိသော ဘုရားငါးဆူ၊ ရှေးဟောင်းကျောက်စာရှိသောဘုရားခုနစ်ဆူနှင့် ကြေးခေါင်းလောင်းစာရှိသောဘုရားသုံးဆူ၊ ရှေးဟောင်းအဆောက်အအုံ စုစုပေါင်း ၆၂၄ ခုရှိကြောင်း မှတ်တမ်းများအရ သိရသည်။

**သန်းဇော်မင်း**

# စစ်ကိုင်း၌ Public Digital Library Service စက်များ ပေးအပ်တပ်ဆင်

**စစ်ကိုင်း၊ အောက်တိုဘာ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်အတွင်းရှိ တက္ကသိုလ်နှင့် ကောလိပ်ကျောင်းများအား လက်ကိုင်ဖုန်းဖွင့်ပြီး စာအုပ်များဖတ်ရှုလေ့လာနိုင်သည့် Public Digital Library Service စက်များကို စစ်ကိုင်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူများက လက်ဝယ်အရောက် အခမဲ့ပေးအပ်ပြီး တပ်ဆင်ပေးလျက်ရှိသည်။

တက္ကသိုလ်နှင့် ကောလိပ်များသို့ သွားရောက်တပ်ဆင်ပေးရာတွင် ခရိုင်ဦးစီးအရာရှိက သက်ဆိုင်ရာပါမောက္ခချုပ်၊ ကျောင်းအုပ်ကြီးများနှင့် တာဝန်ရှိသူများကို တွေ့ဆုံခဲ့သည်။ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ WiFi စနစ်ဖြင့် စာပေဖတ်ရှုနိုင်သည့် Public Digital Library Service စက်များကို တိုင်းပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ကိုယ်စား စစ်ကိုင်းခရိုင်ဦးစီးအရာရှိ ဦးစန်းလွင်ဦးက မြို့နယ်အတွင်းရှိ သမဝါယမတက္ကသိုလ်(စစ်ကိုင်း)၊ စစ်ကိုင်းတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်၊ ပြည်ထောင်စုတိုင်းရင်းသား လူငယ်များစွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်၊ စစ်ကိုင်းပညာရေးတက္ကသိုလ်၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်များတွင်တပ်ဆင်ပေးကာ လက်တွေ့ရှင်းလင်းပြသပြီး အသုံးပြုလမ်းညွှန်များကိုလည်း အခမဲ့ပေးဝေခဲ့သည်။ အဆိုပါစက်များတွင် စာအုပ်ပေါင်းခြောက်ထောင်ကျော်ကို မီတာ ၆၅၀ အတွင်းဖတ်ရှုနိုင်ကြောင်းသိရသည်။ **မျိုးဝင်း(စစ်ကိုင်း)**

# လင်းခေးခရိုင် မိုးနဲမြို့တွင် ပဉ္စမအကြိမ် စုပေါင်းဘုံကထိန်လှည့်လည်ပွဲ ကျင်းပ

**မိုးနဲ၊ အောက်တိုဘာ ၂၂**

ရှမ်းပြည်နယ်တောင်ပိုင်း၊ လင်းခေးခရိုင်၊ မိုးနဲမြို့နယ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူးက ကြီးမှူး၍ ဌာနဆိုင်ရာများ၊ ရပ်ကွက်နှင့်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ မြို့နယ်အတွင်းရှိ အလှူရှင်များစုပေါင်း၍ ပဉ္စမအကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်လှည့်လည်ပွဲကို အောက်တိုဘာ ၂၀ ရက် နံနက် ၇ နာရီကနာဟောင်ရပ်ကွက် ရွှေကျောင်းတော် ဘုန်းတော်ကြီးကျောင်းမှစတင်၍ မိုးနဲဟော်ဝန်းတစ်ပတ် စီတန်း လှည့်လည်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်ကျော်၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်သူရ ဌာနဆိုင်ရာများ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရှမ်းစာပေယဉ်ကျေးမှုအသင်းများ၊ စေတနာရှင်အလှူရှင်များ၊ ဒေသခံပြည်သူများသည် ရှမ်းအိုးစည်ဝိုင်းများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။ **(မဝ၁)**



**ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ် အနောက်ခြမ်းကျေးရွာများတွင် စပါးထွက်ရှိရန် မိုးနည်းနေခြင်းကြောင့် အောင်ရေရရန် ရေစုပ်စက်များဖြင့် ရေသွင်းနေရကြောင်း သိရသည်။ ဒေသခံတောင်သူဦးဖြစ်သူ နွယ်ခွေရွာမှ ဦးစန်းလွင်က "မိုးနည်းပါးသွားလို့ စပါးအထွက်ကောင်းဖို့ အောင်ရေသွင်းပေးရတာပါ။ ပြီးတော့ တစ်ချက်ခုတ် နှစ်ချက်ပြတ်ဆိုသလို စပါးလည်းရိတ်သိမ်းပြီး ပဲထိုးဖို့အတွက် မြေမီသွားတော့ ပဲပါထပ်ကောင်းသွားတာပေါ့ဗျာ။ ရေသွင်းဖို့အတွက်ကတော့ စက်ဆီတော့ အကုန်ခံရတယ်" ဟု ပြောသည်။**

သတင်းနှင့် ဓာတ်ပုံ - တင်မြင့်(နတ်တလင်း)

# ခွေးတောက်ချောင်းတွင် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းပြုလုပ်

**အင်္ဂပူ၊ အောက်တိုဘာ ၂၂**

အင်္ဂပူမြို့နယ် ခွေးတောက်ချောင်းကျေးရွာအုပ်စု၊ ပညာဗိမာန်စာကြည့်တိုက်တွင် မြို့နယ်လုံးကျွတ်နိုင်ငံသားစိစစ်ရေးကတ် ပြုလုပ်ဆောင်ရွက်ခြင်းကို အောက်တိုဘာ ၁၇ ရက် မွန်းလွဲ ၃ နာရီ ၂၀ မိနစ်က ကျင်းပခဲ့ကြောင်းသိရသည်။

အဆိုပါ မြို့နယ်လုံးကျွတ် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ဆောင်ရွက်ရာသို့ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စည်ပင်သာယာရေးဝန်ကြီး ဦးကျော်ဝင်းနိုင်၊ ဟင်္သာတခရိုင် အုပ်ချုပ်ရေးမှူး ဦးစန်းငွေ၊ မြို့နယ်အုပ်ချုပ်ရေးမှူး နှင့်တာဝန်ရှိသူများလိုက်ပါပြီး ပြည်သူများနှင့် ကျောင်းသား၊ ကျောင်းသူများအား ကွင်းဆင်းဝန်ထမ်းများက ဆောင်ရွက်နေမှုများအား ကြည့်ရှုအားပေးခဲ့သည်။

မြို့နယ်လုံးကျွတ် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ရာတွင် အသက် ၁၀ နှစ်ပြည့် ၉၆ ဦး၊ ၁၈ နှစ်ပြည့် နှစ်ဦး၊ ၁၀ နှစ်ပြည့်မှ ၁၈ နှစ်ပြည့်လဲလှယ် တစ်ဦး၊ စုစုပေါင်း ၇၉ ဦးတို့အား ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မန်းကျော်(ပြန်/ဆက်)**


## ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

(၁) ရန်ကုန်၊ ဘုရင့်နောင်ကားပစ္စည်းရောင်းဝယ်ရေးဈေးရှိ ၁၅'×၃၆' (၂) ထပ် RC၊ ဆိုင်ခန်း (၁)ခန်း။ ဈေးနှုန်း (ညှိနှိုင်း)

ဆက်သွယ်ရန်ဖုန်း- ၀၁-၂၀၁၃၈၁၊ ၀၉-၄၂၅၀၂၆၃၉၆၊ ၀၉-၄၉၅၉၀၆၀၈၊ ၀၉-၄၂၀၁၈၄၀၂၀

(၂) ပြင်ဦးလွင်မြို့၊ ပိတောက်လမ်းရှိ ၁၀၀'×၃၅၆' မြေကွက်တစ်ကွက်။

ဈေးနှုန်း (ညှိနှိုင်း)

ဆက်သွယ်ရန်ဖုန်း- ၀၈၅-၂၉၈၂၈၊ ၀၂-၂၃၅၉၅၊ ၀၉-၂၅၆၁၇၇၀၈၉၊ ၀၉-၃၃၅၄၉၉၈၆၊ ၀၉-၄၂၀၁၈၄၀၂၀



## ကြော်ငြာ စာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ် (ထထ-၃၅)၊ ဦးပိုင်(၅၄)၊ ၅၅×၅၆လမ်း၊ ဗန္ဓုလ× ကျန်စစ်သားလမ်းကြားရှိ ဦးလှအောင် အမည်ဖြင့် ချထားပေးသော မြေကွက်အား ဒေါ်မေစုဟန် [၆/ကသန(နိုင်)၀၃၄၀၄၅]မှ မြေချထားမိန့်၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍(အခွန်)ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်နှင့် ဂရန်သစ်၊ အမည်ပြောင်းအမှုတွဲဖွင့် လုပ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ



## စက်မှုလက်မှုသိပ္ပံ(အင်းစိန်)မြို့ပြအင်ဂျင်နီယာ ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ စတုတ္ထအကြိမ် အာစရိယပူဇော်ပွဲဖိတ်ကြားလွှာ

စက်မှုလက်မှုသိပ္ပံ(အင်းစိန်)မြို့ပြအင်ဂျင်နီယာကျောင်းသား/ကျောင်းသူဟောင်းများ၏ စတုတ္ထအကြိမ် အာစရိယပူဇော်ပွဲကို ၂၀၁၄ခုနှစ် ဒီဇင်ဘာလ(၂၇)ရက် (စနေနေ့) နံနက် ၉နာရီတွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသဖြင့် ရပ်နီးရပ်ဝေးမှ သူငယ်ချင်းများအား အကြောင်းကြားအပ်ပါသည်။ သူငယ်ချင်းကျောင်းသား၊ ကျောင်းသူများအားလုံး ဆုံဆည်းနိုင်ဖို့အတွက် မပျက်မကွက်ဆက်ဆက်တက်ရောက်ကြဖို့ ဖိတ်ခေါ်အပ်ပါသည်။

ကျင်းပမည့်နေရာ - ရွှေကျင်သာသနာလင်္ကာရမဟာဓမ္မဗိမာန်တော်ကြီး(ရွှေတိဂုံဘုရား အရှေ့ဘက်မုခ်အနီး)



## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံမြောက်-အနောက်၊ နိဗ္ဗာန်ကျောင်းလမ်း၊ အိမ်အမှတ်-၂နေ ဒေါ်နွဲ့နွဲ့ကြည် (အဖ-ဦးတင်လှ) [၁၂/ဗဟန(နိုင်) ၀၄၁၁၄၁]ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန်ကြေညာအပ်ပါသည်။ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်နွဲ့နွဲ့ကြည်သည် ဦးတင်လှ-ဒေါ်စောမြ(ကွယ်လွန်)တို့၏ သားသမီးငါးဦးအနက် ဒုတိယမြောက်သမီးဖြစ်ပါသည်။ အကြီးဆုံးမှာ ဒေါ်နွဲ့နွဲ့ရီဖြစ်ပြီး လွန်ခဲ့သော (၅)နှစ်ခန့်က ကွယ်လွန်ခဲ့၍ သမီး(၂)ယောက်ကျန်ရစ်ခဲ့ပါသည်။ အဆိုပါသမီး(၂)ယောက်မှာ ဦးတင်လှ-ဒေါ်စောမြ(ကွယ်လွန်)တို့၏ အမွေမမီမြေးများဖြစ်ကြပါသည်။ ဦးတင်လှ-ဒေါ်စောမြတို့၏ သားသမီးများဖြစ်ကြသည့် ကိုထိန်လင်း၊ ဒေါ်နွဲ့နွဲ့အေးနှင့် ကိုမောင်မောင်လွင်တို့မှာလည်း အမွေဆိုင်များဖြစ်ကြပါသည်။ ကွယ်လွန်သူဦးတင်လှ-ဒေါ်စောမြတို့တွင် ဆရာစံမြောက်-အနောက်၊ နိဗ္ဗာန်ကျောင်းလမ်း၊ အိမ်အမှတ်-၂ဟု ခေါ်တွင်သော ပေ(၄၀×၆၀)မြေကွက်ပေါ်တွင် သွပ်မိုး၊ အုတ်ကာတစ်ထပ်အိမ်နှင့် အကျိုးခံစားခွင့်အရပ်ရပ်မှာ အမွေဆိုင်ပစ္စည်းအဖြစ်ကျန်ရှိခဲ့ပါသည်။ အဆိုပါအမွေမခွဲရသေးသော မြေနှင့်အိမ်ကို ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်နွဲ့နွဲ့ကြည်၏ သဘောတူညီချက်မပါရှိဘဲ မည်သူတစ်ဦးတစ်ယောက်ကမျှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ မေတ္တာဖြင့်ပေးကမ်းခြင်း၊ အခြားနည်းလွှဲပြောင်းခြင်းများ မပြုလုပ်ရန်နှင့် အထက်ဖော်ပြပါ အိမ်နှင့်မြေမှာ အမွေမခွဲရသေးသော မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးယုတင်(LL.B,D.B.L)
တရားလွှတ်တော်ရှေ့နေ(စဉ်-၆၂၃၀)
MAC Tower, ပထမထပ်၊ ကျောက်တံတားမြို့နယ်။ Ph:09 -5028045

# စည်ပင်ဝန်ကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တို့ ဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှု

**မြန်အောင်၊ အောက်တိုဘာ ၂၂**

ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် စည်ပင်သာယာရေးဝန်ကြီး ဦးကျော်ဝင်းနိုင်၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များဖြစ်ကြသော ဦးအောင်မျိုးညွန့်နှင့် ဦးအောင်ဝင်းဆွေ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းမင်းထွန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် အောက်တိုဘာ ၂ ရက်က မြန်အောင်မြို့နယ်အတွင်းရှိ ကျေးရွာချင်းဆက်လမ်းများ၊ ကျောင်းများ၊ တံတားများနှင့် အားကစားခန်းမ ပြုပြင်ခြင်းလုပ်ငန်းများကိုလိုက်လံ ကြည့်ရှုစစ်ဆေးခဲ့သည်။

ဝန်ကြီးနှင့်အဖွဲ့သည် မြန်အောင်မြို့ရှိ အောင်ဇေယျ အားကစားခန်းမ ပြုပြင်နေမှုများအား ကြည့်ရှုခြင်း၊ ဆင်သေကျေးရွာအုပ်စု ဗောဓိကုန်းကျေးရွာတွင် ဒေသခံများနှင့် တွေ့ဆုံကာ လိုအပ်ချက်များအား ရှင်းလင်းဆွေးနွေးခြင်းများကို ဆောင်ရွက်ခဲ့သည်။



ယင်းနောက် အောင်သပြေ မူလတန်းကျောင်းဖွင့်ပွဲအား ဝန်ကြီးနှင့်တာဝန် ရှိသူများကဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ပြီး ဒေသခံများနှင့်တွေ့ဆုံပွဲပြုလုပ်ခဲ့ရာ ဒေသခံများ၏ တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ထို့အပြင် စာဖြူစုတံတား တည်ဆောက်နေမှုနှင့် ရွှေကျင်-ထူးကြီး ကျေးရွာချင်းဆက် လမ်းပိုင်းအား ကြည့်ရှုခဲ့သည်။ တိုင်းဒေသကြီးဝန်ကြီး၊ လွှတ်တော် ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် လစဉ်ဒေသများသို့ ကွင်းဆင်းကာ ပြည်သူများ၏ လိုအပ်ချက်များကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **နေဝင်းဇော်(မြန်အောင်)**

# မီးသတ်တပ်ဖွဲ့ဝင်များ မီးငြိမ်းသတ်မှု လက်တွေ့ဆောင်ရွက်

**သီပေါ၊ အောက်တိုဘာ ၂၂**

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ်မီးသတ်ဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းဖွင့်ပွဲကို အောက်တိုဘာ ၂၀ ရက်က ဒုဋ္ဌဝတီမြို့နယ် ပြည်သူ့အားကစားဝင်းကြီး၌ ပြုလုပ်ရာ မီးသတ်လုပ်ငန်းနှင့်ပတ်သက်သော မီးငြိမ်းသတ်ရေးဆိုင်ရာများကို မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်ကြည်ထွန်းနှင့် ကျွမ်းကျင်သင်တန်းဆင်းမီးသတ်တပ်ဖွဲ့ဝင်များက သင်တန်းတွင်လက်တွေ့သင်ကြားပြသပေးခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံတစ်ဝန်းလုံး ၂၀၁၃ ခုနှစ်တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) အနေဖြင့် မီးလောင်မှုအကြိမ်ပေါင်း ၈၀၀ ကျော် ဖြစ်ပွားခဲ့ပြီး ငွေကျပ်သန်းပေါင်း ၁၆၀၀ ဆုံးရှုံးခဲ့သဖြင့် မီးလောင်မှုလျော့နည်းရန် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများနှင့် မီးလောင်မှုဖြစ်ပွားပါက မီးငြိမ်းသတ်ရေးပညာရပ်များနှင့် လက်ဦးမှုရယူရန် ယခုကဲ့သို့လေ့ကျင့်ရေး(မွမ်းမံ) သင်တန်းများ ဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်ကြောင်း မီးသတ်ဦးစီးမှူးက ပြောသည်။

မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ) သင်တန်းသို့ ရပ်ကွက်၊ ကျေးရွာအုပ်စုများမှ အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၀၀ ကျော်တက်ရောက်ကြပြီး သင်တန်းကာလမှာ တစ်လကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ **စိုင်း(သီပေါ)**

# ပြင်စလူ ပင်လယ်ပိုင်းဒေသများ၌ ဒေသစီးပွားရေးလုပ်ငန်း မကြာမီ ဖွံ့ဖြိုးတိုးတက်လာတော့မည်

**မော်လမြိုင်ကျွန်း၊ အောက်တိုဘာ ၂၂**

မော်လမြိုင်ကျွန်းမြို့နယ်သည် နာဂစ်မတိုင်မီက ပင်လယ်ပိုင်းဒေသများနှင့် လမ်းကွန်ယက်ဆက်သွယ်မှု မရှိခဲ့ဘဲ ပင်လယ်ပိုင်းဒေသနှင့် ထိစပ်နေသော လှိုင်းဘုန်း၊ အလယ်ရေကျော်၊ ပက်ပြ၊ ရေတွင်းကုန်း၊ မြစ်ကြီးဘိုးနှင့် ကဇောင်းကျေးရွာအုပ်စုများ၊ ဘိုကလေးမြို့နယ် ကြိမ်ချောင်းကြီးနှင့် ကျွန်းသာယာအုပ်စုများသို့ ရေလမ်းခရီးတစ်ခုတည်းဖြင့်သာ ကူးသန်းသွားလာဆက်သွယ်ခဲ့ကြသည်။

ထို့နောက် နာဂစ်နောက်ပိုင်းတွင် မော်လမြိုင်ကျွန်း-လှိုင်းဘုန်းအဝေးပြေး တာလမ်းမကြီးများ၊ တာလမ်းတစ်လျှောက် ချောင်းကူးတံတားငယ်များနှင့် လှိုင်းဘုန်း-ရွာသစ် မြစ်ကူးတံတား တည်ဆောက်ပြီးစီးသွားခြင်းတို့ကြောင့် အဝေးပြေး တာလမ်းမကြီးတစ်လျှောက် မြစ်ကူးတံတားကြီးများ မတည်ဆောက်မီကလည်း ကူးတို့များဖြင့်ကူးသန်းပြီး မော်လမြိုင်ကျွန်းမြို့သို့ တိုက်ရိုက်ဆက်သွယ်သွားလာလျက်ရှိရာ ယခုအခါ ရေလမ်းခရီးထက် အချိန်နှစ်နာရီစောပြီး မော်လမြိုင်ကျွန်းမြို့သို့ လာရောက်နိုင်ကြသည်။

အဆိုပါ မော်လမြိုင်ကျွန်း-လှိုင်းဘွဲ့ အဝေးပြေးလမ်းမကြီးတစ်လျှောက် မကြာမီကာလအတွင်း မြစ်ကူး တံတားကြီးများ ဆောက်လုပ်ပြီးစီးသွားပါက ပြင်စလူဒေသ ပင်လယ်ပိုင်းအတွက် ကုန်များ၊ လှိုင်းဘွဲ့ဒေသ ကဏန်းနှင့် ငါးပုစွန်ထွက်ကုန်များ ဈေးကွက်ရရှိပြီး ပြန်လည်ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်၍ ပင်လယ်ပိုင်း ဒေသနေပြည်သူများ လူမှုစီးပွားရေးဘဝ တိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။ **မော်ကျွန်းမြင့်အောင်**

# သန်လျင်တွင် အရေးပေါ်တုံ့ပြန်ရေးသင်တန်းဖွင့်

**ရန်ကုန်၊ အောက်တိုဘာ ၂၂**

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနှင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်း (IFRC) တို့ပူးပေါင်း၍ အရေးပေါ်တုံ့ပြန်ရေးအဖွဲ့သင်တန်း Emergency Response Team Training ဖွင့်ပွဲကို အောက်တိုဘာ ၂၀ ရက် နံနက် ၉ နာရီက ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် နည်းပညာတက္ကသိုလ်၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါအရေးပေါ်တုံ့ပြန်ရေးသင်တန်းသို့ မြန်မာနိုင်ငံကြက်ခြေနီ အသင်းရုံးမှ ဝန်ထမ်း ၂၄ ဦး၊ စေတနာလုပ်အားရှင် ရှစ်ဦးအပါအဝင် စုစုပေါင်းသင်တန်းသား ၃၂ ဦး တက်ရောက်ခဲ့ကြသည်။

အဆိုပါအရေးပေါ်တုံ့ပြန်ရေးအဖွဲ့သင်တန်းတွင် သင်တန်းကာလမှာ အောက်တိုဘာ ၂၀ ရက်မှ ၂၄ ရက်အထိ နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ သင်ကြားမည်ဖြစ်ပြီး သင်တန်းတွင် ပြည်သူလူထု၏ အရေးပေါ်လိုအပ်ချက်များ ကယ်ဆယ်ရေးဆိုင်ရာအရေးပေါ်များ၊ ပြန်လည်ထူထောင်ရေးဆိုင်ရာများကို သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

**တင်မောင်ငွေ(သန်လျင်)**

# တမူးမြို့၌ နယ်စပ်ဒေသရန်ပုံငွေဖြင့် သံကူကွန်ကရစ်တံတားများ တည်ဆောက်

**တမူး၊ အောက်တိုဘာ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင် တမူးမြို့ ခမ်းပါတ်မြို့ မြို့သစ်မြို့ပေါ် ရပ်ကွက်နှင့် ကျေးရွာများရှိ ချောင်းကူးမြောင်းကူး သစ်သားတံတား စသည့်များနေရာတွင် သံကူကွန်ကရစ်တံတားများကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေး နှစ်နယ်စပ်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေဖြင့် တည်ဆောက်ထားကြောင်း သိရသည်။

တမူးမြို့ မြို့မရပ်ကွက်(၁၀)ကျွန်းရွှေဝါတံတားကို ၂၃ ပေ တံတားအဖြစ် လည်းကောင်း၊ စော်ဘွားအင်းရပ်ကွက် ပြည်တော်သာတံတားကို ရှစ်ပေတံတားအဖြစ်လည်းကောင်း တည်ဆောက်ပေးထားရာ ယခင်နှစ်များတွင် နှစ်နှစ်လျှင်တစ်ကြိမ် ချောင်းရေကြီး ပြီး မျောပါသွားခြင်းမှ ကာကွယ်နိုင် ပြီဖြစ်ကြောင်း သိရသည်။

ထိုသို့နယ်စပ်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေဖြင့် သံကူကွန်ကရစ် တံတားတည်ဆောက်ပြီးသည့်အတွက် ဒေသခံအိမ်ခြေ ၄၂၇၇ အိမ်နှင့် လူဦးရေ ၂၂၄၄၆ ဦး ရာသီမရွေး အခက်အခဲမရှိလွယ်ကူစွာ သွားလာနိုင်တော့မည်ဖြစ်သည်။ **မျိုးဝင်းထွန်း(မုံရွာ)**


Asia Life & Beauty Travels

Lucky Draw – SAMSUNG S5, TAB 4, TAB 3

GOLDEN VIEW MYANMAR Travels & Tours



## ကန့်ကွက်ရန်ရှိ/မရှိအများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ မင်္ဂလာဒုံဥယျာဉ်မြို့တော်စီမံကိန်း၊ ကံ့ကော်ရိပ်သာ(၂)၊ မြေကွက်အမှတ်(၅)၊ ဧရိယာစတုရန်းပေ (၆၅×၈၀)မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆင့်ဆင့်ဝယ်ယူပိုင်ဆိုင်ထားသူ ဝန်ခံကတိပြုချက်အရ ကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန်အတွက် တန်ဖိုးငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါယင်းမြေကွက် အရောင်းအဝယ်ပြုလုပ်ခြင်းအပေါ် ကန့်ကွက်ရန်ရှိပါက ပိုင်ဆိုင်မှုစာချုပ်စာတမ်းခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကုန်ဆုံးသည့်နေ့အထိ လာရောက်ကန့်ကွက်ခြင်းမရှိပါက ယင်းမြေကွက်အရောင်း အဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်အိအိမျိုး
အထက်တန်းရှေ့နေ(LL.B) (စဉ်-၄၀၄၆၂)
အောင်သမာဓိအိမ်ခြံမြေအကျိုးဆောင်ကုမ္ပဏီ



## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၁)ရပ်ကွက်၊ ဇေယျာသီရိ(၃)လမ်း၊ အမှတ်(၅၁၂)၊ အကျယ်အဝန်းပေ(၄၀×၆၀)ရှိ ဦးအင်ဟတ်[CB-၀၂၁၅၃၂]အမည်ဖြင့်တည်ရှိသော ပါမစ်မြေကွက်နှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးအင်ဟတ်[CB - ၀၂၁၅၃၂]ထံမှ ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေဒေါ်ဝင်းဝင်းတင် [၁၂/သဃက(နိုင်)၀၁၃၈၃၈] ကစရန်ငွေ တစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်သောကြောင့် ကန့်ကွက်လိုပါက ခိုင်လုံသော တရားဝင်ပိုင်ဆိုင်မှုအထောက်အထားမူရင်း၊ စာရွက်စာတမ်းများနှင့်တကွ ဤကြော်ငြာပါ သည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးပြတ်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ဒေါ်ဝင်းဝင်းတင်၏ လွှဲအပ်ညွှန်ကြားချက်များအရ-

| ဒေါ်အိအိထွေး(LL.B) | ဒေါ်စုဝသန်ကျော်(LL.B) | ဦးတင်ဝင်း(စဉ်-၇၀၂၉) |
| --- | --- | --- |
| (စဉ်-၃၈၁၆၂) | (စဉ်-၄၁၉၅၆) | တရားလွှတ်တော်ရှေ့နေ |

အထက်တန်းရှေ့နေများ LLB,D.B.L,D.ML,D.I.L D.APsy,D.O.S, Dip in English

အမှတ်(၆၆၁)၊ မြေညီထပ်၊ မာဃ(၆)လမ်း(၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။

# လူနေရပ်ကွက်အတွင်းသို့ တောဆင်ရိုင်း ဝင်ရောက်

**တိုက်ကြီး၊ အောက်တိုဘာ ၂၂**

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ နှင်းဆီမြိုင်ကျေးရွာ၊ ရေစက်တောင်ကျေးရွာ၊ ကျောက်တောင်ကျေးရွာနှင့် တဲတိုက်များ ပုဂ္ဂလိကသစ်မာစိုက်ခင်းများအတွင်းသို့ အောက်တိုဘာ ၁၉ ရက် ညနေ ၄ နာရီခွဲက တောဆင်ရိုင်းတစ်ကောင်ဝင်ရောက်ပြီး လူနေအိမ်ခြံကွက်များအနီးသို့ ရောက်ရှိလာကြောင်း သိရသည်။

သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးသိန်းနိုင်ကြွယ် ဦးဆောင်သည့် သစ်တောဝန်ထမ်းများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ဒေသခံများပူးပေါင်း၍ ယင်းတောဆင်ရိုင်းအား လူနေရပ်ကွက်အတွင်းသို့ မဝင်ရောက်နိုင်ရန် ခြောက်လှန့်မောင်းထုတ်ခြင်း၊ စောင့်ကြည့်ခြင်း၊ တောဆင်ရိုင်းဝင်ရောက်လာသည့်လမ်းကြောင်းမှ ပြန်လည်ထွက်သွားနိုင်ရန်အတွက် လမ်းဖွင့်ထားခြင်းတို့ကို စီစဉ်ဆောင်ရွက်ပြီး လူစုလူဝေးများအား သစ်တောဦးစီးအရာရှိကိုယ်တိုင် တောဆင်ရိုင်းအန္တရာယ်နှင့် ပတ်သက်၍ ဆောင်ရန်ရှောင်ရန်များ၊ ကြိုတင်ပြင်ဆင်မှုများကို ရှင်းလင်းပြောကြားခဲ့သည်။

အောက်တိုဘာ ၂၀ ရက် နံနက် ၇ နာရီတွင် အဆိုပါတောဆင်ရိုင်းသည် ခရိုင်ချင်းဆက်လမ်း တောင်လှိုင်ရိုးမကြိုးဝိုင်း အကွက်အမှတ် ၁၈ ကျွန်းစိုက်ခင်း ၇၅ ဧကအတွင်းရှိ လျှိုထဲတွင်ခိုအောင်းနေကြောင်း သိရသည်။

သို့ဖြစ်၍ မြိုင်ဟေဝန်ဆင်စခန်းအဖွဲ့မှ ဆင်မောင်းအဖွဲ့ ဖြင့် ဆက်သွယ်ခဲ့ပြီး ဆင်မောင်းအဖွဲ့ ရောက်ရှိလာပါက အဆိုပါတောဆင်ရိုင်းအား ကွန်ဂျီဆင်များဖြင့်ညှပ်၍ မြောက်လှိုင်ရိုးမကြိုးဝိုင်း၊ လှိုင်ရိုးမကြိုးဝိုင်း တောင်ပေါ်ကြိုးဝိုင်းများဆီသို့ မောင်းနှင်ပို့ဆောင်သွားမည်ဖြစ်သည်။

အဆိုပါတောဆင်ရိုင်းများသည် သစ်တောကြိုးဝိုင်းများတွင် သစ်တောစိုက်ခင်းများပြုလုပ်နေခြင်း၊ သီးနှံများ စိုက်ပျိုးခြင်းတို့ကြောင့် ဆင်စားကျက်များ ပျောက်ကာ လူတို့စိုက်ပျိုးထားသော စပါးခင်း၊ ငှက်ပျောခင်းများကို ဝင်ရောက်စားသုံးခြင်းဖြစ်သည်ဟု ဒေသခံတစ်ဦးက ပြောသည်။

"တောဆင်ရိုင်းတွေ ပြီးခဲ့တဲ့အပတ်ကလည်း လေးကောင် ရော်ဘာစိုက်ခင်းထဲဝင်ပြီး လူတစ်ယောက်ကို နင်းသတ်သွားတယ်။ အခုအခါက လူနေရပ်ကွက်ထဲအထိဝင်ပြီး အစာရှာဖွေတော့ အန္တရာယ်ပိုများတယ်။ အိမ်ခြံထဲမဝင်အောင် ဝိုင်းဝန်းခြောက်လှန့်ကြတဲ့အတွက် တောဆင်ရိုင်းက ထွက်ပေါက်လမ်းပိတ်ပြီး လူနေအိမ်တွေကို အန္တရာယ်ပြုလာတယ် " ဟု ရွာသားတစ်ဦးက ပြောသည်။

ယခုအချိန်သည် စပါးပေါ်ချိန်ရောက်ပြီဖြစ်၍ တောဆင်ရိုင်းများ အစုလိုက်အပြုံလိုက် အစာရှာရင်း လူနေရပ်ကွက်အတွင်း စပါးခင်းများသို့ ရောက်ရှိလာပြီး စားသောက်ခြင်း၊ လူနေအိမ်များ ဖျက်ဆီးခြင်းများ ပိုမိုများပြားလာနိုင်သည့်အတွက် အသက်အန္တရာယ်ပါစိုးရိမ်ရသဖြင့် မြိုင်ဟေဝန်ဆင်စခန်းမှ ဆင်မောင်းအဖွဲ့များ အသင့်ပြင်ဆင်ထားသင့်ကြောင်း၊ ဆင်ဝင်ရောက်လာပါက သစ်တောဝန်ကြီးဌာနသို့ အမြန်ဆုံး အကြောင်းကြားသင့်ကြောင်း၊ လုံခြုံရေးဝန်ထမ်းများ သေနတ်ပါရှိရန်နှင့် ပစ်ဖောက်ခွင့်ရရှိရန်လိုကြောင်း၊ ကျေးရွာသားများ သစ်တောဦးစီးဌာနမှ ညွှန်ကြားသည့်အတိုင်း ဆောင်ရွက်ရန်လိုကြောင်း သစ်တောဦးစီးဌာနမှ အသိပေးပြောကြားထားသည်။

တိုက်ကြီးမြို့နယ်တွင် ၁၉၉၆ ခုနှစ်မှစတင်၍ တောဆင်ရိုင်းများဝင်ရောက်ရာ တောဆင်ရိုင်းများ၏ နင်းသတ်မှုကြောင့် ယခုအချိန်ထိ လူ ၄၆ ဦး သေဆုံးခဲ့ကြောင်း သိရသည်။ **ထွန်းလှိုင်(မြိုင်)**

# နတ်တလင်းမြို့နယ်တွင် ကိုယ့်အားကိုယ်ကိုး မြေသားလမ်းဖောက်လုပ်

**နတ်တလင်း၊ အောက်တိုဘာ ၂၂**

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ နတ်တလင်းမြို့နယ် တာပွန်ကျေးရွာအုပ်စု ရွှေကျွန်းတောလမ်းကို အောက်တိုဘာ ဒုတိယပတ်တွင်းက အကျယ်၁၅ ပေ အမြင့်တစ်ပေခွဲ အရှည်ငါးဖာလုံအား ကိုယ့်အားကိုယ်ကိုးမြေသားလမ်း ဆောင်ရွက်နေကြကြောင်း သိရသည်။

ဒေသခံပြည်သူ ဦးကိုဌေးက "ကျွန်တော်တို့ဆီမှာ လျှပ်စစ်မီးက တိုက်နယ်အဆင့် ဆေးရုံမီးသတ်စခန်း ဌာနဆိုင်ရာတော်တော်များများ ရှိပါတယ်။ လမ်းမကောင်းတော့ မီးဘေးအန္တရာယ်၊ ကျန်းမာရေး၊ လူမှုရေးတွေပေါ့ဗျာ။ အရေးတကြီးပေါ်ပေါက်လာတဲ့အခါ အချိန်ကြန့်ကြာမှု ရှိတယ်ဆိုရင် မဆုံးရှုံးသင့်တာတွေ ဆုံးရှုံးရတယ်။ ဒါကြောင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဒေသဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီနဲ့ ဒေသခံပြည်သူများ ညှိနှိုင်းပြီး အားလုံးရဲ့ဆန္ဒသဘောအတိုင်း အခုလိုလမ်းကို ကောင်းမွန်အောင် တာဝန်သိသိ တာဝန်ရှိရှိ ညီညီညွတ်ညွတ် ဆောင်ရွက်ကြတာဖြစ်ပါတယ်"ဟု ပြောပြသည်။

မြေသားလမ်း ဖို့ပြီးသည်နှင့် ဒေသခံများရာသီမရွေးသွားနိုင်ရန် မြေနီလမ်းအမြန်ဆုံးဖြစ်ရေးကို လုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တာပွန်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးအောင်မြင့်ဦးက ပြောကြားခဲ့သည်။

တာပွန်ကျေးရွာအုပ်စုတွင် တက်နေမင်းလမ်း၊ စာတိုက်လမ်း၊ အလယ်ပိုင်းလမ်း၊ မြောက်ပိုင်းလမ်း၊ တောင်ပိုင်းလမ်း စသည့်လမ်းအားလုံးသည် ကတ္တရာလမ်းများဖြစ်ပြီး ရွှေကျွန်းတောလမ်းတွင်သာ လမ်းမကောင်းသေးပါသဖြင့် လမ်းများအားလုံး ကောင်းမွန်ရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။ **(၀၇၁)**



## အင်းစိန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများအား တူညီဝတ်စုံများပေးအပ်



**ရန်ကုန်၊ အောက်တိုဘာ ၂၂**

၂၀၁၄ ခုနှစ် အောက်တိုဘာ ၁၇ ရက် နံနက် ၁၁ နာရီက ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်း ဝန်ထမ်း ၅၀ တို့အား ကျပ်ရှစ်သိန်းကျော် တန်ဖိုးရှိ တူညီဝတ်စုံများပေးအပ်ပွဲအခမ်းအနားကို အင်းစိန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းဝေးခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါထောက်ပံ့ပေးအပ်ပွဲအခမ်းအနားသို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်တင့်က ထောက်ပံ့ပေးအပ်ရခြင်းအကြောင်း ရှင်းလင်းပြောကြားကာ ဝန်ထမ်းများအား တူညီဝတ်စုံများကို တစ်ဦးချင်းစီ ထောက်ပံ့ပေးအပ်ခဲ့သည်။ **ခရိုင်(ပြန်/ဆက်)**

## ကသာခရိုင်၊ ကောလင်းမြို့နယ်တွင် တောင်သူကိုးဦး၏ စပါးခင်း ၆၅ ဧကအတွင်းသို့ ငါးသားပေါက်ကောင်ရေ ၃၂၅၀၀ ငါးမျိုးစိုက်ထည့်


**ကသာ၊ အောက်တိုဘာ ၂၂**


အောက်တိုဘာ ၁၈ရက် နံနက် ၈ နာရီက ကောလင်းမြို့နယ်၊ မြေနီကျေးရွာအုပ်စု၊ တံစူးကျေးရွာနေ တောင်သူကိုးဦး၏ စပါးခင်း ၆၅ ဧကအတွင်းသို့ ကသာခရိုင်ငါး လုပ်ငန်း ဦးစီးဌာနမှ ငါးသားပေါက်ကောင်ရေ ၃၂၅၀၀ စိုက်ထည့်ခဲ့ကြောင်း သိရသည်။

ယင်းနေ့က ကသာခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းတင်၊ ကောလင်းမြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးရဲမြတ်တင့်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့နယ်ငါးလုပ်ငန်းအဖွဲ့ချုပ်မှ ပုဂ္ဂိုလ်များ၊ ဒေသခံတောင်သူများ စုစုပေါင်း ၅၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

ယင်းနောက် ကောလင်းမြို့နယ်၌ ဩဂုတ် ၁၈ ရက်က ရေကြီးနစ်မြုပ်ခဲ့သော ငါးမွေးမြူသူ ၁၀ ဦး၏ ဧရိယာဧက ၁၀ ဒသမ ၅၄ ရှိ ငါးမွေးကန်များတွင် ငါးများ ပြန်လည်ထည့်သွင်းမွေးမြူနိုင်ရေးအတွက် ကောလင်းမြို့နယ် ငါးလုပ်ငန်းအဖွဲ့ချုပ်မှ ငါးမြစ်ချင်း၊ ငါးခုံးမကြီး၊ တီလားပီးယား ငါးသန်ကောင်ရေ ၈၀၀၀၀ အခမဲ့ပေးအပ်ပွဲ အခမ်းအနားကို ကောလင်းမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနရုံး၌ နံနက် ၉ နာရီတွင် ဆက်လက်ကျင်းပရာ ကသာခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းတင် တက်ရောက်ခဲ့သည်။

**ခရိုင်ပြန်/ဆက်**





## (၁၃)ကြိမ်မြောက် ပညာထူးချွန်ဆုပေးပွဲဖိတ်ကြားလွှာ

ညောင်လေးပင်မြို့နယ်တွင် ၂၀၁၄ခုနှစ် အခြေခံပညာအထက်တန်းကို ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့ကြသော ကျောင်းသား၊ ကျောင်းသူ(၂၁၃)ဦးအား ညောင်လေးပင်မြို့နယ်အသင်း(ရန်ကုန်)မှ ဂုဏ်ပြုဆုနှင့်ဆုငွေများချီးမြှင့်ပွဲကို ၂၅-၁၀-၂၀၁၄ရက် (၁၂) နာရီတွင် ညောင်လေးပင်မြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပပြုလုပ်သွားမည်ဖြစ်ပါ၍ဆုရရှိသူများ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် ဂုဏ်ပြုလိုက်ပါချီးမြှင့်လိုသူများ လိုက်ပါဆောင်ရွက်နိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။ ဘိုးဘွားရိပ်သာသို့ လှူဒါန်းမည့်အစီအစဉ်လည်းပါရှိပါသည်။

ဆက်သွယ်လှူဒါန်းနိုင်ပါရန်
ဦးရဲညွှန့်(၀၉-၃၁၅၄၈၂၁၆)
ဦးဇော်ဝင်း(၀၉-၇၃၂၃၇၇၉၂)
ဦးမောင်မောင်သက်(၀၉-၇၃၀၀၅၀၃၇)
ဦးစောမြင့်(၀၉-၅၁၀၇၉၃၀)
ဦးညီညီနိုင်(၀၉-၅၁၀၄၁၉၂)

အလုပ်အမှုဆောင်အဖွဲ့
ညောင်လေးပင်မြို့နယ်အသင်း(ရန်ကုန်)

## အသိပေးကြေညာချက်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် (၉)၊ မြေကွက်အမှတ်-၃၉၅၊ ဧရိယာ(၀.၀၅၈)ဧကရှိ နှစ်(၆၀)ဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်-၃၉၅၊ ဇာနည်(၁၀)လမ်း၊ ၉ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်သည် အမည်ပေါက် ဒေါ်မဲ၏ အမွေစားအမွေခံများဖြစ်ကြသော ဒေါက်တာ ဦးထိန်ဝင်း [၁၂/ဒဂန(နိုင်)၀၁၈၂၈၅]၊ ဒေါ်တင်တင်လှ [၁၂/ဥကတ(နိုင်)၀၂၆၀၂၂]၊ ဒေါ်ခင်ဝင်း(ခ) မာလာ [၁၂/ဥကတ(နိုင်)၀၂၇၆၇၅] တို့ထံမှ ဒေါ်သဇင်မွန် [၁၂/ဥကတ(နိုင်)၀၈၈၈၇၄]က မြေငှားဂရန် အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာချက်စာချုပ်အမှတ်(၃၇၁၃/၁၉၉၆)၊ အိမ်မြေနှင့်တကွ ဝယ်ယူလက်ရောက်ရရှိခဲ့ပြီးဖြစ်ပါသည်။ ယခုအခါ ဒေါ်သဇင်မွန်က ယင်းအိမ်မြေနှင့်ပတ်သက်၍ မှတ်ပုံတင်စာချုပ် ပြုလုပ်ရန်လိုအပ်သဖြင့် ၃၀-၁၀-၂၀၁၄ ရက်နေ့တွင် နောက်ဆုံးထားပြီး မြေနှင့်အိမ် မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ပြုလုပ်ပေးပါရန်နှင့် ပျက်ကွက်ပါက ဥပဒေအရ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးအောင်ဇော်မြတ် (**LL.B**)
(စဉ်-၈၅၀၉)
တရားလွှတ်တော်ရှေ့နေ

ဒေါ်စုသန္တာဝင်း(**LL.B, LL.M**)
(စဉ်-၃၅၂၉၇)
အထက်တန်းရှေ့နေ

အမှတ်(၅၅)၊ ဒုထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉ ၇၃၀-၅၄၃၃၉၊ ၀၉-၅၄-၁၂၇၅၂၊ ၀၉- ၄၃၀-၃၁၁၅၀

# တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင် ချောင်းကြီးရပ်ကွက်ရှိ စက်မှုဇုန်နယ်မြေတွင် မီးသတ်စခန်းတည်ဆောက်မှု ၅၀ ရာခိုင်နှုန်း ပြီးစီး



**တနင်္သာရီ၊ အောက်တိုဘာ ၂၂**

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ တနင်္သာရီမြို့ ချောင်းကြီး ရပ်ကွက်၊ စက်မှုဇုန်နယ်မြေ၊ တနင်္သာရီ တံတားထိပ်မြို့အဝင်တွင် RC (2) ထပ် (၅)ယူနစ် မီးသတ်စခန်း တည်ဆောက်မှုမှာ ၅၀ ရာခိုင်နှုန်းခန့် တည်ဆောက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ မီးသတ်စခန်း ဆောက်လုပ်ရန် တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ ခွင့်ပြုငွေ ကျပ်သိန်း ၈၀၀၀ နီးပါးဖြင့် မေလမှစတင်ကာ ထူးထက်ရှိန် ကုမ္ပဏီလီမိတက်က တာဝန်ယူ တည်ဆောက်ခဲ့ရာ ယခုအခါ ၅၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်သည်။

အဆိုပါ မီးသတ်စခန်းတည်ဆောက်မှုတွင် RC (2)ထပ် (၅)ယူနစ် မီးသတ်စခန်း (၆၅ ပေ×၅၂ ပေ×၂၅ ပေ)၊ သံကူ-ကွန်ကရစ် အဆောက်အအုံတစ်လုံး ပြီးစီးမှုမှာ ၅၀ ရာခိုင်နှုန်းနှင့် (၁၀၀ ပေ × ၄၀ ပေ×၂၂ ပေ) ရှိ လေးခန်းတွဲ နှစ်ထပ် ဝန်ထမ်းနေအိမ် သုံးလုံး တည်ဆောက် ပြီးစီးမှုမှာ ၄၅ ရာခိုင်နှုန်းခန့်ရှိပြီဖြစ်ကြောင်းသိရသည်။

ယင်းအပြင် (၅၀ ပေ×၁၄ ပေ×၁၂ ပေ) အရွယ်အစားရှိသော RC နှစ်ခန်းတွဲ သံကူကွန်ကရစ် အမျိုးအစား အရာရှိနေအိမ်တစ်လုံး တည်ဆောက်မှုမှာ ၆၅ ရာခိုင်နှုန်းနှင့် (၆၀ ပေ× ၃၀၀ ပေ× ၂၀ ပေ)ရှိ RC သံကူ-ကွန်ကရစ် အမျိုးအစား လူပျိုဆောင်တစ်လုံး တည်ဆောက်ပြီးစီးမှုမှာ ၅၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီး စုစုပေါင်း အဆောက်အအုံခြောက်ခု တည်ဆောက်နေကြောင်း သိရသည်။

အဆိုပါ မီးသတ်စခန်း တည်ဆောက်မှုကို ဇန်နဝါရီလကုန်တွင် အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း အဆိုပါ မီးသတ်စခန်းရှိ တာဝန်ရှိ အရာရှိတစ်ဦးက ပြောသည်

အဆိုပါ မီးသတ်စခန်းတွင် ရေဂါလန် ၈၀၀၀ ဆံ့ မီးငြိမ်းသတ်ယာဉ် တစ်စီး၊ ဂါလန်၁၂၀၀ ဆံ့ ရေသယ်ယာဉ် နှစ်စီး စုစုပေါင်း မီးသတ်ယာဉ်သုံးစီး ရှိပြီး မီးသတ်တပ်ဖွဲ့ဝင်အင်အားမှာ ကိုးဦးရှိကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**

## ပုဇွန်တောင်မြို့နယ်မီးသတ်ဦးစီးဌာနသို့ Mobile Library ကွင်းဆင်းဆောင်ရွက်

**ရန်ကုန်၊ အောက်တိုဘာ ၂၂**

ရန်ကုန်အရှေ့ပိုင်းခရိုင်၊ ပုဇွန်တောင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် အောက်တိုဘာ ၂၀ ရက် နံနက် ၁၀ နာရီက ပုဇွန်တောင်မြို့နယ် မီးသတ်ဦးစီးဌာန ဝန်ထမ်းမိသားစုများထံသို့ Mobile Library ရွေ့လျားစာကြည့်တိုက်ကို စာပေဖတ်ရှုနိုင်စေရန် ဆောင်ရွက်ပေးခဲ့သည်။

ယင်းနောက် မီးသတ်ဦးစီးအရာရှိ ဦးကျော်မင်းနိုင်က မိမိတို့ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများအား အားလပ်ချိန်တွင် ဗဟုသုတရရှိစေသော စာများကို များများဖတ်ကြရန်နှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူးက ရွေ့လျားစာကြည့်တိုက် ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ဆွေးနွေးပြောကြားခဲ့သည်။

အသိပညာပြန့်ပွားရေး နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် သုတ၊ ရသစာအုပ် ၁၀၀ ကို မီးသတ်ဦးစီးဌာနရှိ ဝန်ထမ်းမိသားစုများထံသို့ ရက်သတ္တပတ်နှစ်ပတ်ကြာ အခမဲ့ငှားရမ်းပေးခဲ့ကြောင်းနှင့် နံနက် ၁၁ နာရီတွင် အခမ်းအနား အောင်မြင်စွာပြီးမြောက်ခဲ့ကြောင်း သိရသည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ပြည်သူများ အသိပညာ ဗဟုသုတတိုးပွားစေရန်အတွက် ပြည်သူ့စာကြည့်တိုက်များ ဖွင့်လှစ်ဆောင်ရွက်ပေးထားသည့်အပြင် ပြည်သူ့လက်ဝယ်အရောက် စာအုပ်များ ရောက်ရှိဖတ်ရှုနိုင်စေရေးကို ရှေးရှုကာ ပြည်သူကိုအခြေပြုသည့် ရွေ့လျားစာကြည့်တိုက်လုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြို့နယ်ပြန်/ဆက်**

## စေတနာ့ဝန်ထမ်းလူငယ်များ ဆင့်ပွားသင်တန်း နှစ်ရက်တာ ဖွင့်လှစ်

**ရန်ကုန်၊ အောက်တိုဘာ ၂၂**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန၏ ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ်မှ လူမှုစောင့်ရှောက်ရေး စေတနာ့ဝန်ထမ်း လူငယ်များ ဆင့်ပွားသင်တန်း နှစ်ရက်သင်တန်းဖွင့်ပွဲကို အောက်တိုဘာ ၂၀ ရက် နံနက် ၉ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး သင်တန်းခန်းမ၌ ကျင်းပခဲ့သည်။

ဖွင့်ပွဲ၌ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်ရဲအုပ်ချုပ်ရေးမှူး ဦးအောင်ဝင်းနိုင်က အဖွင့်အမှာစကားပြောကြားခြင်းနှင့် ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနရုံးမှ ဦးအောင်လွင်က သင်တန်းဖွင့်လှစ်ရခြင်းအကြောင်းအရာများ ပြောကြားခဲ့သည်။

အခမ်းအနားသို့ အမျိုးသမီးရေးရာ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး၊ ကြက်ခြေနီ၊ မီးသက်တပ်ဖွဲ့ဝင်များနှင့် လူမှုဝန်ထမ်းဦးစီးဌာနမှ ဆရာမများ တက်ရောက်ကြ၍ သင်တန်းသား ၂၀ အား မင်္ဂလာဒုံ၊ တိုက်ကြီး၊ မှော်ဘီ၊ ရွှေပြည်သာ၊ လှိုင်သာယာမြို့နယ်များ၌ သင်တန်းနည်းပြများမှ အောက်တိုဘာ ၂၀ ရက်မှ ၂၁ ရက်ထိ နှစ်ရက်တာ ပို့ချဆွေးနွေးဆောင်ရွက်ကြကြောင်း သိရသည်။

**သန်းထွန်း (လှိုင်သာယာ)**

## ဝေါမြို့နယ် လယ်ကြားငါးကန်များသို့ ငါးလုပ်ငန်းဦးစီးဌာနမှ ငါးမျိုးစိုက်ထည့်မွေးမြူရန်ထောက်ပံ့ပေးအပ်

**ဝေါ၊ အောက်တိုဘာ ၂၂**

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် ထိန်တပင်ကျေးရွာ၌ အောက်တိုဘာ ၂၀ ရက် နံနက်ပိုင်းက မွေးမြူရေး ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန ဝေါမြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှ လယ်ကြားငါးကန်များအတွင်း ငါးမျိုးများစိုက်ထည့်မွေးမြူရန် ငါးမျိုးများ ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနား ကျင်းပခဲ့သည်။

ပဲခူးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးစိုင်းကျော်မြင့်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးလှိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ တိုင်း၊ ခရိုင်၊ မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူးများနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ တောင်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်နှင့် ပဲခူးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးစိုင်းကျော်မြင့်တို့က အမှာစကားပြောကြားခဲ့သည်။

ပဲခူးတိုင်းဒေသကြီး ငါးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမောင်မောင်နှင့် ပဲခူးခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးသက်ဦးတို့က လယ်ကြားငါးကန်များအတွင်း ငါးမျိုးများ စိုက်ထည့်မွေးမြူခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကြသည်။

ထို့နောက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်နှင့် တာဝန်ရှိသူများက ငါးမျိုးများကိုပေးအပ်ခဲ့ပြီး ငါးကန်များအတွင်း ငါးမျိုးများစုပေါင်းစိုက်ထည့်ကြသည်။

**တင်စိုး(ပဲခူး)**


### ရွှေတောင်-ပြည်ဒေသကောလိပ်၊ ပြည်ကောလိပ် ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (တတိယ)ကြိမ်မြောက် အာစရိယပူဇော်ပွဲ ဖိတ်ကြားလွှာ

ရွှေတောင်-ပြည်ဒေသကောလိပ်နှင့် ပြည်ကောလိပ်(၁၉၇၆-၁၉၈၈) ကျောင်းသား/သူဟောင်းများ၏ (တတိယ) ကြိမ်မြောက် အာစရိယပူဇော်ပွဲကို (၁၃၇၆ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၀ရက်) ၂၀၁၄ခုနှစ်၊ နိုဝင်ဘာလ ၂ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီ ပြည်တက္ကသိုလ် ဓမ္မာရုံ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပါသည်။ အနားယူသွားသော သက်ပြည့်အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများ ကန်တော့ခံတက်ရောက်ပါရန်နှင့် ရပ်ဝေးရပ်နီး ကျောင်းသား/သူဟောင်းများ ကန်တော့နိုင်ပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

အလှူငွေများကို အောက်ပါကျောင်းသား/သူများထံ ထည့်ဝင်လှူဒါန်းနိုင်ပါသည်။

| | | | |
|---|---|---|---|
| ကိုမျိုးထွဋ် | ဖုန်း-၀၉-၅၀၈၄၆၆၃ | ဒေါ်ခင်နှင်းအောင် | ဖုန်း-၀၉-၅၁၁၈၆၆၄ |
| ကိုဆန်နီ | ဖုန်း-၀၉-၅၁၄၈၁၉၄ | ဒေါ်ကြည်ကြည်ညွန့် | ဖုန်း-၀၉-၇၃၁၄၈၁၄၂ |
| ကိုတင်ထွဋ် | ဖုန်း-၀၉-၅၁၂၀၂၀၄ | ဦးလှဝင်း | ဖုန်း-၀၉-၅၁၃၀၈၆၆ |
| ကိုစန်းကြူ | ဖုန်း-၀၉-၅၀၅၂၂၀၀ | ဦးဇော်ဝင်း | ဖုန်း-၀၉ ၅၃၁၁၅၉၃ |

ရန်ကုန်မြို့မှ ၁-၁၁-၂၀၁၄ ရက် နံနက် ၇ နာရီတွင် ရန်ကုန်တက္ကသိုလ်စာတိုက်ရှေ့မှ ထွက်ခွာပါမည်။ လိုက်ပါမည့် ဆရာ/မများ၊ ကျောင်းသား/သူများ ဒေါ်ခင်နှင်းအောင်ထံ ၂၅-၁၀-၂၀၁၄ ရက် နောက်ဆုံးထား၍ သတင်းပေးပို့ပါရန်။

### မြေကွက်ရောင်းမည်
(ပုဂံမြို့)

ပုဂံဟိုတယ်ဇုန်(ကျစွာ)၊ ပေ(၆၀×၈၀)၊ နှစ်ကွက်တွဲ ပေ(၁၂၀×၈၀) နေရာအလွန်ကောင်း၊ သဇင်ဟိုတယ်အနီး။

ဆက်သွယ်ရန် ဖုန်း-၀၉-၅၁၄၄၇၁၂

### TAXI ငှားမည်

မြန်မာမီနီ (ကောင်း/သန့်) အိမ်ပေးမည်။ တစ်နေ့ ၉၀၀၀ိ/- စပေါ် နှစ်သိန်း။ ဖုန်း-၀၉-၄၄၈၀၁၆၁၂၈၊ ၀၉-၂၅၀၂၇၃၅၉၃၊ ၀၁-၈၀၁၀၃၅၇










### ကွန်ဒိုရောင်းမည်

- ရေကျော်လမ်းမ၊ (၁၇၀၀sqft) 7fl+ Penthouse အဆင့်မြင့်ပြင်ဆင်ပြီး၊
- အရှေ့ဒဂုံ၊ ၁၃၂ရပ်ကွက်၊ အင်း၀ လမ်းကျောကပ်၊ ပေ(၄၀×၆၀)။

ဖုန်း-၀၉-၅၁၉၇၁၃၃
၀၉-၅၁၇၃၀၈၆




**ဖခင်အမည်မှန်** မြစ်ကြီးနားမြို့၊ ထ(ခွဲ) အလက(၆)၊ ဒသမတန်း($B_1$)မှ မဇေနန်း၏ ဖခင်အမည်မှန်မှာ ဦးလွမ်းဇေ ဖြစ်ပါသည်။



# အမျိုးသားနိုင်ငံရေးဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားဆောင်ရွက်ရာတွင် တပ်မတော်အနေဖြင့် ခိုင်မာသည့် ရပ်တည်ချက်ဖြင့် ပါဝင်ဆောင်ရွက်နေ

**နေပြည်တော်   အောက်တိုဘာ   ၂၂**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဇေယျာသီရိခန်းမ၌ မုံရွာတပ်နယ်မှ အရာရှိ၊ စစ်သည်မိသားစုများနှင့် မွန်းလွဲပိုင်းတွင် ပခုက္ကူတပ်နယ်ခန်းမ၌ တပ်နယ်အရာရှိ၊ စစ်သည်မိသားစုများအားတွေ့ဆုံအမှာစကားပြောကြားသည်။ **စာမျက်နှာ ၉ ကော်လံ ၁ သို့**

## ခရီးသည်တင်ယာဉ်အားလုံး ယာဘက်ကပ်မောင်းစနစ် အကောင်အထည်ဖော်

**ရန်ကုန် အောက်တိုဘာ ၂၂**

ရန်ကုန်တိုင်းဒေသကြီး အတွင်း မောင်းနှင်သွားလာနေသော ခရီးသည်တင်ယာဉ်များမှာ လက်ယာဘက်ဆုံးယာဉ်ကြောမှသာ မောင်းနှင်သွားလာကြရန် အစီအစဉ်တစ်ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်နေကြောင်း မထသ(ဗဟို)ဥက္ကဋ္ဌ ဦးလှအောင်က ပြောသည်။

ထိုစနစ်ဆောင်ရွက်နိုင်ရန် ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီက ဆောင်ရွက်လျက်ရှိသကဲ့သို့ မြို့တော်စည်ပင်မှလည်း လမ်းအမှတ်အသားများရေးဆွဲပေးခဲ့ရာ ယခုမြို့တွင်း (Down Town) ခြောက်မြို့နယ်တွင် ယာဉ်လမ်းကြောင်းပြသည့် သတ်မှတ်မျဉ်းများ ရေးဆွဲထားပြီးဖြစ်ကြောင်း သိရသည်။ "အခုတော့ စတင်နေပြီလို့တော့ပြောလို့ရပါတယ်၊ မြို့တော်စည်ပင်ဘက်က မျဉ်းဝါတွေ ဆွဲပေးနေတယ်၊ ဘတ်စ်ကားက အခြေခံလူထုအားထားစီးနင်းတဲ့ဟာဖြစ်တော့ ဘတ်စ်ကားလိုင်းတွေ ရှောရှောရှူရှူနဲ့ သွားလာနိုင်ရင် ပြောင်းလဲတိုးတက်မှုတွေ ဖြစ်လာမယ်"ဟု ၎င်းကရှင်းပြသည်။

ထိုစနစ်တွင် ခရီးသည်တင်ယာဉ်များအနေဖြင့် လမ်း၏ ယာဘက်ခြမ်းမှသာ ကပ်ပြီးသွားလာရမည်ဖြစ်သကဲ့သို့ ခရီးသည်တင်ယာဉ်များသွားလာရန် လမ်းယာဘက်ခြမ်းတွင် တက္ကစီနှင့် ကိုယ်ပိုင်ယာဉ်များ ရပ်နားခြင်းမရှိစေရန်လည်း ကြပ်မတ်လုပ်ဆောင်သွားရန် စီစဉ်ထားကာ လိုက်နာမှုမရှိသည့် ယာဉ်များကို အရေးယူသွားမည်ဟု သိရသည်။ ထိုသို့သော လက်ယာဘက်ယာဉ်ကြောမှ **စာမျက်နှာ ၈ ကော်လံ ၅ သို့**



## အပန်းဖြေအနားယူရင်း ရေပျော်ငှက်များ၏သဘာဝဂေဟာစနစ်များကိုလေ့လာနိုင်

မြို့ပြလူဦးရေ အဆမတန်ထူထပ်သိပ်သည်းလာသည်နှင့်အမျှ နေ့စဉ်ယာဉ်ကြောပိတ်ဆို့မှုများနှင့် ယာဉ်များ၊ စက်ရုံများမှ ထုတ်လွှတ်သောညစ်ညမ်းဓာတ်ငွေ့များကြောင့် လေထုမသန့်ရှင်းခြင်း၊ နေ့စဉ်ရုန်းကန်လှုပ်ရှားနေရသော လူမှုဘဝအခြေအနေများ၊ တွေ့ကြုံရင်ဆိုင်နေရသည့် စိတ်ဖိစီးမွန်းကျပ်မှုများမှ တဒင်္ဂလွတ်မြောက်ကာ သန့်ရှင်းသောလေနှင့် သဘာဝအတိုင်း ကျက်စားပျော်မွေ့နေသော ရေပျော်ငှက်များကို လေ့လာခံစား အနားယူအပန်းဖြေနိုင်သော မိုးယွန်းကြီးအင်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောကို ယခုနှစ်ရာသီအတွက် အောက်တိုဘာလမှ စတင်ဖွင့်လှစ်ထားပြီဖြစ်သည်။

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်နှင့် ဝေါမြို့နယ်အကြား ဧရိယာစတုရန်းမိုင် ၄၀ (၂၅၆၀၀၀၀ ဧက)ကျယ်ဝန်းသော မိုးယွန်းကြီးအင်းဘေးမဲ့တော

**သတင်း-ကိုကိုနေ၊ နိုင်လင်းကြည်၊ ဓာတ်ပုံ-ဇာဏီလင်း**

ဖြစ်တည်လာပုံကို အနည်းငယ်ရှင်းလင်းဖော်ပြရသော် ၁၈၇၈ ခုနှစ်က ပဲခူး-စစ်တောင်းတူးမြောင်းအတွင်း နွေရာသီသစ်ဖောင်မျှောရန်အတွက် ရေလှောင်တမံအဖြစ် တည်ဆောက်ခဲ့ပြီး နှစ်ကာလကြာမြင့်သောအခါ သဘာဝအင်းကြီးအဖြစ် ပြောင်းလဲတည်ရှိလာခဲ့သည်။ ထို့နောက် ၁၉၈၈ ခုနှစ် ဧပြီ ၂၂ ရက်တွင် မိုးယွန်းကြီးအင်းဘေးမဲ့တောအဖြစ် သတ်မှတ်ကြေညာခဲ့သည်။ မြန်မာနိုင်ငံသည် ၂၀၀၅ ခုနှစ် မတ်လမှစတင်၍ နိုင်ငံတကာရေတိမ်ဒေသအဖွဲ့အစည်း (Ramsar Convention)အဖွဲ့ဝင် ဖြစ်လာပြီးနောက် မိုးယွန်းကြီးအင်းသည် မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘာ့အရေးကြီး **စာမျက်နှာ ၈ ကော်လံ ၁ သို့**

## အရှေ့တောင်အာရှဗိုဗီနမ်(ဗန်တို)ပြိုင်ပွဲစတင် အိမ်ရှင်မြန်မာ ရွှေသုံးခု ဆွတ်ခူး

**နေပြည်တော်  အောက်တိုဘာ ၂၂**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် တတိယအကြိမ်မြောက် အရှေ့တောင်အာရှ ဗိုဗီနမ်(ဗန်တို) ချန်ပီယံရှစ် ၂၀၁၄ ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ(A)၌ စတင်ကျင်းပရာ အိမ်ရှင်မြန်မာက ရွှေသုံးခု၊ ငွေတစ်ခု၊ ကြေးလေးခု ဆွတ်ခူးခဲ့သည်။

အမျိုးသမီးတစ်ဦးချင်း (လက်သိုင်း) အပြပြိုင်ပွဲတွင် ခိုင်ဝါဖူး(မြန်မာ)က ပထမ၊ ဗီယက်နမ်က ဒုတိယ၊ အင်ဒိုနီးရှားက တတိယ၊ အမျိုးသမီးနှစ်ယောက်တွဲ(လက်နက်မဲ့) အပြပြိုင်ပွဲတွင် ပပဝင်းနှင့် ခြူးသဥ္ဇာစိုး (မြန်မာ)အတွဲက ပထမ၊ ဗီယက်နမ်က ဒုတိယ၊ ကမ္ဘောဒီးယားက တတိယ၊ အမျိုးသားလေးယောက်တွဲ (လက်နက်စုံခုခံကာကွယ်)အပြပြိုင်ပွဲတွင် မျိုးထွန်းအုံ၊ ဝင်းဌေးအောင်၊ သန်းလွင်နှင့် ဟိန်းသန့်နိုင် (မြန်မာ)အတွဲက ပထမ၊ ဗီယက်နမ်က ဒုတိယ၊ လာအိုက တတိယ၊ အမျိုးသားလေးယောက်တွဲ (ခြေညှပ်လှဲစနစ်) အပြပြိုင်ပွဲတွင် ဗီယက်နမ်က ပထမ၊ ဇော်ဇော်၊ ဖြိုးမင်းစိုး၊ အောင်ဝင်းထွန်းနှင့် ထက်အောင်ကို (မြန်မာ)အတွဲက ဒုတိယ၊ ကမ္ဘောဒီးယားက တတိယ၊ အမျိုးသမီးတစ်ဦးချင်း **စာမျက်နှာ ၉ ကော်လံ ၁ သို့**



## အာရှယူ-၁၉ ပြိုင်ပွဲ ဗိုလ်လုပွဲ ကွင်းဝင်ကြေးများ လျှော့ချ

**ရန်ကုန် အောက်တိုဘာ ၂၂**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့် အာရှ ယူ-၁၉ ပြိုင်ပွဲ ဗိုလ်လုပွဲကို အောက်တိုဘာ ၂၃ ရက် ည ၇ နာရီတွင် သုဝဏ္ဏကွင်း၌ ကျင်းပသွားမည်ဖြစ်ပြီး ကာတာအသင်းနှင့် မြောက်ကိုရီးယားအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ဗိုလ်လုပွဲလက်မှတ် ကွင်းဝင်ကြေးများကို လျှော့ချမည်ဖြစ်ပြီး အထူးတန်းကျပ် ၂၀၀၀ ၊ ရိုးရိုးတန်းကျပ် ၁၀၀၀ ကောက်ခံမည်ဖြစ်သည်။ ထို့ပြင် အထူးတန်းလက်မှတ်အစောဆုံးဝယ်ယူသူ ၃၀၀၀ နှင့် ရိုးရိုးတန်းလက်မှတ်အစောဆုံးဝယ်ယူသူ ၁၀၀၀ တို့ကို မြန်မာအသင်းဂျာစီများ လက်ဆောင်ပေးမည် ဖြစ်သည်။ ဗိုလ်လုပွဲအပြီးတွင် ဆုပေးပွဲကို ကျင်းပမည်ဖြစ်ပြီး ယူ-၂၀ ကမ္ဘာ့ဖလားဝင်ခွင့်ရ မြန်မာ၊ ကာတာ၊ မြောက်ကိုရီးယားနှင့် ဥဇဘက်ကစ္စတန်တို့ကို အာရှဘောလုံးအဖွဲ့ချုပ်မှ ဂုဏ်ပြုဆုများချီးမြှင့်မည် ဖြစ်သည်။ **(ဖိုးသော်ဇင်)**


### ယနေ့မာတိကာ

**ငြိမ်းချမ်းဖြာဝေ ကမ္ဘာမြေ**
စာမျက်နှာ - ၂

**ကလေးယာဉ်နောက်လိုက်များ ခွင့်ပြုထားခြင်းမရှိ**
စာမျက်နှာ - ၁၂

**အုပ်စုဖွဲ့၍ ယာဉ်တိုက်မိဟန်ဆောင်ကာ လျော်ကြေးငွေ တောင်းခံသည့်အဖွဲ့ ဖမ်းမိ**
စာမျက်နှာ - ၁၄





ကြေးမုံ ကြော်ငြာ ADVERTISEMENT

၂၀၁၄ ခုနှစ်၊ အောက်တိုဘာ ၂၃ ရက်၊ ကြာသပတေးနေ့

Car Rental

မြေကွက်ဝယ်လိုသည်

09 255781353
09 250644566
09 254046497

Sat,Sun

ကြည်စိုး

အထူးအကျိုးဆောင်

(တောင်ဥက္ကလာပမြို့နယ်)
လမ်းမကျယ်နှင့်
ရပ်ကွက်သန့်သန့်
အိမ်၊ ခြံ၊ မြေ၊ တိုက်ခန်း
ရောင်းဝယ်ငှားရမ်းခြင်း။
ဖုန်း-၀၉-၄၂၅၂၉၂၆၃၃

Holiday

## ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

၁။ မြောက်ဥက္ကလာပမြို့နယ်၊ ဆေးတက္ကသိုလ်အနီး၊ ဥက္ကာလမ်း၊ ပေ(၁၃×၄၀)+ ပေ(၁၃×၄၀)၊ ပျဉ်ထောင် အသစ်(၂)လုံး၊ မီတာပါ။ သိန်း-၂၀၀+၂၀၀

၂။ မရမ်းကုန်းမြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ ကျောက်ရေတွင်းမြောက်ပိုင်း၊ အောင်မင်္ဂလာလမ်း၊ ပေ(၁၃×၆၀)၊ ပျဉ်ထောင်+မီတာပါ။ (စလစ်) သိန်း-၂၀၀

၃။ မရမ်းကုန်းမြို့နယ်၊ အမှတ် (၅)ရပ်ကွက်၊ ကျောက်ရေတွင်းမြောက်ပိုင်း၊ အောင်မင်္ဂလာလမ်း၊ ပေ(၂၅×၅၀)၊ ပျဉ်ထောင်+ပျဉ်ခင်း၊ သွပ်မိုး၊ ရေ+မီး(စလစ်)၊ အုတ်တံတိုင်းခတ်ပြီး။ သိန်း-၈၀၀

Ph:09974751234, 09 31812317, 01-655898, 01655809

အကျိုးဆောင်အားလုံး ၂%

(မာန်) **မျိုးဆက်သစ်** အဆင့်မြင့်ခရီးသည်ပို့ဆောင်ရေး
မှ

**ရန်ကုန်-ပြည်-ပန်းတောင်း-ဥဩချစ်ပင်-ဝက်ထီးကန်-ပေါင်းတလည်-ပေါက်ခေါင်း**
**ရန်ကုန်-ကျိုက်ထီးရိုး-မော်လမြိုင်-မုဒုံ-သံဖြူဇရပ်-ကျိုက္ခမီ-ရေး**
**ခရီးစဉ်များအား ပြေးဆွဲလျက်ရှိရာ တိုးချဲ့ခရီးစဉ်သစ်အဖြစ် -**

ရန်ကုန်- ဂွ- တောင်ကုတ်- သံတွဲ- ငပလီ **ခရီးစဉ်သစ်ကို**
ရန်ကုန်မှ ၂၉-၁၀-၂၀၁၄ ရက်နေ့ ညနေ ၃း၃၀ နာရီ
သံတွဲမြို့မှ ၃၀-၁၀-၂၀၁၄ ရက်နေ့ ညနေ ၃း၀၀ နာရီ
**နေ့စဉ်ပြေးဆွဲမည်ဖြစ်ပါ၍ မိတ်ဟောင်း/မိတ်သစ်များအတွက် ဝမ်းမြောက်စွာ ကြေညာအပ်ပါသည်။**

| ရန်ကုန် | ဆက်သွယ်ရန် | သံတွဲ |
|---|---|---|
| Ph: 09-253574955,09-250718044 ဏ(C-16/18)၊ ပုဂံလမ်း၊ အောင်မင်္ဂလာ အဝေးပြေးဝင်း။ | | Ph: 043 65360,043 65112, 09-254876501, 09-30065813 အဆောင်(၃)၊ ဒွါရဝတီအဝေးပြေးဝင်း။ |

အလှူရှင်များအတွက် တစ်ခုတည်းသော ဈေးဝယ်စင်တာ (One-Stop Donor Mart)

“မြန်မာဘစ်ရှော့ ဈေးဝယ်စင်တာ”

ကထိန်အလှူဈေးရောင်းပွဲတော်

Myanmar Handicraft Shop

Big Shops Supermart

The Aung Bookstore

Beauty All - Fashion Corner

Healthy All Pharmacy

SR Worldwide Education

ဂုဏ်မြင့်သူ

ဆံပင်သန်၊ ဆံပင်ပေါက်ဆေး



**TAXI ငှားမည်**

**CNG CALDINA**

နေ့မောင်းတစ်လက်ကိုင်
အိမ်မပေးပါ။ ပုဇွန်တောင်၊
ဖုန်း-၀၉-၅၀၆၆၅၂၂



**မြေညီဆိုင်ခန်းကျယ်ငှားမည်**

ပေ(၂၅×၅၀)ပြင်ဆင်ပြီး
လမ်းသစ်လမ်းကျယ်၊ လမ်းမတော်

**ဖုန်း-၀၉-၅၀၁၆၅၄၃**



**တိုက်ခန်းရောင်းမည်**

သိန်း(၃၆၀) ပေ(၁၂၂ × ၅၀) H.9' ရိပ်သာလမ်း၊ လေးထောင့်ကန် ၁/၂ လမ်းကြား၊ သင်္ဃန်းကျွန်း

**ဖုန်း-၀၉-၇၃၁၁၃၂၈၄**



**တိုက်ခန်းကျယ်ရောင်းမည်**

ကြည့်မြင်တိုင်၊ ဌာနာလမ်း၊ ပေ(၂၅×၅၀)၊ ၄-လွှာ၊ ရောင်းဈေး သိန်း(၈၅၀)

**ပွဲစားမလို**

**ဖုန်း-၀၉-၄၃၁၀၇၂၅၁၊ ၀၉၂၅၀၁၇၆၀၅၇**


## ကြော်ငြာစာ

## (အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ-၂၈၃)

## ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်၌

## ၂၀၂၄ခုနှစ်၊ တရားမအသေးအဖွဲ့မှုအမှတ်-၂၁၉

ကွယ်လွန်သူ ဒေါ်နော်ဖောစေး၏ ကျန်ရှိရစ်သော ပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဒေါ်နော်ဖောစေး၏ သေတမ်းစာအတည်ပြုချက်လက်မှတ်ထုတ်ပေးပါမည့်အကြောင်းနှင့် အတူနေ တူဖြစ်သူ ဦးစိန်ဝင်းက အမွေဆက်ခံခြင်း အက်ဥပဒေအရ လျှောက်ထားချက်ရှိသဖြင့် ဤအမှုကို ၂၀၂၄ခုနှစ် အောက်တိုဘာလ ၃၁ရက် (၁၃၈၆ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၉ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဒေါ်နော်ဖောစေး၏ ကျန်ရှိရစ်သော ပစ္စည်းများတွင် အကျိုးစီးပွားတစ်ခုခု သက်ဝင်သည်အဆိုရှိသူ ခပ်သိမ်းတို့အား အဆိုပါအမှုတွင် ၎င်းတို့(လာရောက်လျှောက်ထားဆိုင်ဆိုရန် သင့်လျော်မည်ဟု အထင်ရှိလျှင်) ဆိုခဲ့သော ၂၀၂၄ခုနှစ် အောက်တိုဘာလ ၃၁ရက် (၁၃၈၆ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၉ရက်)၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့က နေရာတကျ အမိန့်ပေးထားသူ ကိုယ်စားလှယ် တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် သေတမ်းစာ အတည်ပြုချက်လက်မှတ်မထုတ်မပေးမီ မှုခင်းမှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃နှင့်အညီ ယခုမိန့်ကြား ဆင့်ဆိုလိုက်သည်။ ၎င်းကဲ့သို့ လာရောက်ခြင်းတစ်ခုခုမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ဆိုခဲ့သော လျှောက်ထားသူ ဦးစိန်ဝင်း၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှု အကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်ကြောင်း။

၂၀၂၄ခုနှစ်၊ အောက်တိုဘာလ ၁၃ရက် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(တင့်လွင်)**
**ဒုတိယခရိုင်တရားသူကြီး(၇)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**


အလင်းရောင်


## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်း/တောင်ရပ်ကွက်၊ ကျွန်းတောလမ်း၊ အမှတ်-၁၇၊ ဒုထပ်(ယာ)၊ (၃+၄)လွှာ၊ (၁၈×၆၉)ပေရှိ ဟောင်ကောင် (၂)လွှာတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို ဒေါ်တင်လှ[၁၂/ဒဂန(နိုင်)၀၁၃၅၈၀]၊ ဦးဝင်းလင်းထွန်း[၁၂/ဒဂန(နိုင်)၀၂၁၂၂၉] တို့က ပိုင်ဆိုင်လက်ရှိထားပြီး တရားဝင်ရောင်းချပိုင်ခွင့် အပြည့်အဝရှိကြောင်း တာဝန်ယူဝန်ခံကာ ရောင်းချ၍ ဝယ်ယူရန်အတွက် ကျွန်ုပ်၏ မိတ်ဆွေမှစရန်ငွေအချို့ ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်နှင့်ပတ်သက်ပြီး အကျိုးသက်ဆိုင်သူမည်သူမဆို ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းစုံလင်စွာဖြင့် ကျွန်ုပ်ထံသို့(၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးအေးမော် (B.Sc,H.G.P,D.B.L,D.A.Psy)**
**အထက်တန်းရှေ့နေ(စဥ်-၁၈၆၀၉)**
**အမှတ်(၂၆၀)၊ ပထပ်(ဝဲ)၊ လမ်း (၄၀)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉ ၅၁၄၃၅၈၃၊ ၀၉-၂၅၀၀၁၁၇၇၆**















## Taxi အိမ်ပေး

Chery QQ3 Taxi ယာဉ်မောင်းလိုသူများ ဆက်သွယ်ပါ။ အိမ်ပေးထားမည်/လပေးငှားမည်။

**ဖုန်း-၀၉ ၅၀၂၀၂၂၉**

## Alphard ငှားမည်

Alphard 2002 Model ကားငှားမည်။ ကားသန့်သည်။ လချုပ်ဖြင့်ငှားမည်။ **ဖုန်း-၀၉ ၅၀၂၀၂၂၉**




## အမြန်ဆက်သွယ်ပါ

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ တပ်ကုန်းရပ်ကွက်၊ နယ်မြေ (၇)၊ အင်ဂျန်ဒိုတောင်နယ်မြေ၊ အိမ်နံပါတ် (၄၆)နေ ဦးလတောင်[၁/မကန(နိုင်)၁၁၃၇၀၀] ကိုင်ဆောင်သူ သိရှိစေရန်။

လူကြီးမင်းနှင့် အလုပ်ကိစ္စဆွေးနွေးရန် ရှိနေပါသည်။ ၂၀၁၃ခုနှစ်၊ ဧပြီလ ၂၇ရက်မှစ၍ ကျွန်ုပ်တို့ကုမ္ပဏီမှ ရှာဖွေဆက်သွယ်သော်လည်း လူကြီးမင်းကိုယနေ့တိုင် ဆက်သွယ်၍မရ ဖြစ်နေပါသည်။

ထို့ကြောင့် လူကြီးမင်းအနေဖြင့် မိမိကုမ္ပဏီနှင့် အမြန်ဆုံးလာရောက်ဆက်သွယ်ပါရန် အကြောင်းကြားအပ်ပါသည်။

**ငွေစည်ဟိန်း ကျောက်မျက်ကုမ္ပဏီ**

## အသိပေးကြေညာခြင်း

ဒေါ်စန္ဒာဝင်း(ခ)ဒေါ်လီ (ဘ) ဦးလှဝင်း [၁၂/ပဘတ(နိုင်)၀၀၇၆၅၀]သည် မိဘနှင့်မောင်နှမများအား စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်၍ ၁၄-၁၀-၂၀၁၄ ရက်တွင် မိမိသဘောဆန္ဒအလျောက် ပြုမူသွားပါသဖြင့် မိဘမောင်နှမများသည် ၎င်းနှင့်ပတ်သက်သောကိစ္စများကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်းနှင့် ၎င်းနှင့်ဆက်သွယ်သူများမှ နှောင့်ယှက်ခြိမ်းခြောက်ခြင်း ပြုလုပ်လာပါက ဥပဒေအရ အရေးယူမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မိခင်-ဒေါ်ခင်ခင်ရီ**

## သား/သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၂) ရပ်ကွက်၊ အနောက်အောင်မေတ္တာလမ်း၊ လမ်းသွယ်(၃)၊ အမှတ်(၇၈/အေ)နေ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ရွှေ [၁၂/မရက(နိုင်)၀၂၃၉၉၈]၏သား ကိုဝင်းလှိုင်[၁၂/မရက(နိုင်)၀၂၃၉၉၅]နှင့် ဇနီးတို့သည် မိခင်၏ဆိုဆုံးမမှုကိုမနာခံဘဲ ဂုဏ်သိက္ခာကျဆင်းအောင် အကြိမ်ကြိမ်ပြုလုပ်၍ ခွင့်မလွှတ်နိုင်သည့်အပြုအမူများကို ပြုလုပ်သွားပါသဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ ၎င်းတို့အား အမွေစား၊ အမွေခံသားသမီးများအဖြစ်မှ အပြီးအပိုင်စွန့်လွှတ်လိုက်ပြီဖြစ်ကြောင်းနှင့် နောက်နောင် ၎င်းတို့နှင့်ပတ်သက်သောကိစ္စအဝဝကို တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် အသိပေးကြေညာလိုက်ပါသည်။ (စုံမေးမြန်းခြင်းသည်းခံပါ)

**ဒေါ်ရွှေ၏ လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်မြင့်သူလှိုင် LL.B, D.B.L** | **ဦးမြင့်အောင်ထွဏ်း B.Sc(Chem;), R.L** |
| **အထက်တန်းရှေ့နေ (စဉ်-၂၆၃၁၉)** | **ဥပဒေအကြံပေးနှင့်တရားလွှတ်တော်ရှေ့နေ (စဉ်-၃၅၁၅)** |

**အမှတ်(၁၆၈)၊ အောင်ဇေယျာလမ်း၊ (၂) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉ ၄၂၁၁၁၃၁၆၇**

## "ဘုရားအဆူဆူ နိဗ္ဗာန်ယူသည့် ကုသိနာရုံ မလ္လာရာမ ဝိဟာရ၌ ဒါနမှတ်တိုင် စိုက်ထူနိုင်ပြီ"

သံဝေဇနီယလေးဌာနတွင် သံဝေဂအရဆုံးဌာနဖြစ်သော ဘုရားရှင်ပရိနိဗ္ဗာန်စံတော်မူရာ အိန္ဒိယနိုင်ငံ ၊ ယူပီပြည်နယ် ၊ ကုသိနာရုံရှိ ဗုဒ္ဓဂယာ မဟာအောင်မြေကျောင်းဆရာတော် ဘဒ္ဒန္တ ဒေါက်တာဝေဇ ဦးစီး၍ "မလ္လာရာမဝိဟာရမြန်မာကျောင်း" ဆောက်လုပ်မည်ဖြစ်ပါသည်။

ဓာတုနာရှင်များအနေဖြင့် ကျောင်းဒါယကာ ၊ ဒါယိကာမအဖြစ် ခံယူနိုင်ရေးအတွက် မြေကွက်(၁)စတုရန်းပေလျှင် (၁၀,၀၀၀)ကျပ်။ ကျောင်းဆောင် (၁)စတုရန်းပေလျှင် (၂၀,၀၀၀)ကျပ်နှုန်းဖြင့် ရုံးချိန်အတွင်း အောက်ပါနေရာများသို့ ဆက်သွယ်လှူဒါန်းနိုင်ကြပါသည် -

ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့များ

Moe & More Co.,Ltd.

ရုံးချုပ်-ဘဒ္ဒန္တဝိစိတ္တ ၊ မြပဒ္မာဝိဟာရကျောင်း ၊ ဝေဠုဝန်ကျောင်းတိုက် ၊ စမ်းချောင်းမြို့နယ် ၊ ရန်ကုန်။ ဖုန်း - ၀၉၄၃၂၀၄၁၇၂


## ဆယ့်တစ်ကြိမ်မြောက် ဓာတုဗေဒမိသားစု အာစရိယပူဇော်ပွဲဖိတ်ကြားလွှာ

ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်တွင် ၁၉၆၇ခုနှစ်မှ ၁၉၇၃ခုနှစ်အထိ ဓာတုဗေဒနှင့် ကုန်ထုတ်ဓာတုဗေဒ ဘွဲ့ရကျောင်းသား/ကျောင်းသူများ၏ "ဆယ့်တစ်ကြိမ်မြောက်" အာစရိယ ပူဇော်ပွဲ အခမ်းအနားကို ၁၄-၁၂-၂၀၁၄ (တနင်္ဂနွေနေ့) နံနက် ၈း၀၀နာရီ တွင် "တက္ကသိုလ်များ ဓမ္မာရုံ"၌ ကျင်းပမည်ဖြစ်ရာ ဖိတ်ကြားထားသော ဆရာကြီး၊ ဆရာမကြီးများ အပူဇော်ခံကြွရောက် ပါရန်နှင့် ၁၉၆၇ ဘွဲ့ရမှ ၁၉၇၃ဘွဲ့ရအထိ ကျောင်းသား/ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ပူဇော်ကန်တော့ကြပါရန် ဖိတ်ကြားအပ်ပါသည်။ ကြိုတင်အလှူငွေများကို ဦးမောင်မောင်ကြီး (၀၉-၅၀၀၂၂၇၀)၊ ဦးစိုးကြည် (၀၁-၂၂၃၄၉၉)၊ ဒေါ်အေးညွန့်ကြည် (၀၉-၄၂၁၀၈၄၉၃၄)၊ ဗိုလ်မှူးကြီး ကိုကိုကျော်(ငြိမ်း)(၀၁-၅၀၁၄၃၂)၊ ဦးစိန်ဝင်း(၀၉-၇၃၀၈၅၉၂၆)၊ ဦးဇော်ဝင်း (၀၉-၇၃၀၂၀၇၇၆)၊ ဒေါ်သီတာကြည်(၀၉-၅၀၃၀၁၀၀)၊ ဦးသောင်းတင့် (၀၉-၅၀၀၈၅၈၇)၊ ဦးတင်ပိုင်(၀၉-၇၃၁၆၆၉၈)၊ ဒေါ်စန်းစန်းဝင်း (၀၉-၅၀၃၅၆၅၈)၊ ဦးကျော်ဝင်း (၀၉-၄၃၁၆၁၁၇၄)၊ ဦးသိန်းရွှေ(၀၉-၅၁၆၉၇၈၄)၊ ဦးမျိုးအောင်(၀၉-၇၃၀၀၂၈၀၂)၊ ဒေါ်ဖြူဖြူညွန့်(၀၉-၅၀၁၂၃၇၁)တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

**အာစရိယပူဇော်ပွဲကျင်းပရေးအဖွဲ့.**


ဦးရောဂပျောက်စေမည်

မြေကွက်ရောင်းမည်

နိုင်းခွန်ခနောင် ကုမ္ပဏီမှ
ဝယ်/ငှားရန်ဆောင်(အိမ်၊ခြံ၊မြေ)များ

Ph: 01-8500771, 01-8500772, 01-8500773, 09-31608880, 09-31608881, 09-31608883, 09-250373716.

E.mail : saikhungnoung1995@gmail.com

ဒေါက်တာမောင်မောင်ညို


## ၁၉၄၅ခုနှစ်မှ ၂၀၁၄ခုနှစ်အထိ ရွှေဘိုမြို့ အထက(၁) ကျောင်းသား ဟောင်းများ၏(၂၈)ကြိမ်မြောက် အာစရိယပူဇော်ပွဲဖိတ်ကြားလွှာ

ရွှေဘိုမြို့၊ အထက(၁)ကျောင်းသူ၊ ကျောင်းသားဟောင်းများ၏ အသက်(၆၀)ပြည့်ပြီး အငြိမ်းစားဆရာ၊ ဆရာမကြီးများအား ပူဇော်ပွဲကို ရွှေဘိုမြို့ အထက(၁)ခန်းမကြီးတွင် (၁၃၇၆ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၄ရက်) ၅-၁၁-၂၀၁၄ (ဗုဒ္ဓဟူးနေ့) နံနက်၉နာရီတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ကျောင်းသူ၊ ကျောင်းသားဟောင်းတိုင်း မပျက်မကွက် တက်ရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။ **အောက်ပါပုဂ္ဂိုလ်များသို့ဆက်သွယ်လှူဒါန်းနိုင်ပါသည်။**

**ရန်ကုန်**
၁။ အကယ်ဒမီဦးကြည်စိုးထွန်း ၀၉-၇၃၂၄၁၇၈၅
၂။ ဦးကျော်မင်း ၀၉-၅၀၁၇၆၇၈
၃။ ဦးကိုကို-ဒေါ်သန်းသန်းဆင့် ၀၁-၂၂၀၇၈၆၊ ၀၉-၅၀၁၇၁၀၁
၄။ ကိုကျော်မင်းလွင် ၀၉-၇၃၂၀၆၃၉၀

**ရွှေဘို**
၁။ ဒေါက်တာအိုကေ ၀၇၅-၂၁၃၇၁
၂။ ဦးအုန်းညွန့် ၀၇၅-၂၁၆၄၄၊ ၀၉-၂၁၀၀၆၄၄
၃။ ဦးမြင့်အောင် ၀၉-၃၃၂၂၇၅၈၉
၄။ ဦးချစ်ကိုကို-အိမ်-၂၁၀၅၉၊ ရုံး-၂၁၁၀၂၊ ၀၉-၂၁၀၀၁၄၃

**မန္တလေး**
၁။ ဒေါက်တာဌေးကြွယ် ၀၉-၆၉၇၁၂၈၈
၂။ ဒေါက်တာထွန်းထွန်းဦး ၀၉-၅၁၅၃၀၅၀
၃။ ကိုမျိုးသန့်ဇော် ၀၉-၅၁၄၁၂၃၀
၄။ ဦးခင်မောင်ဌေး ၀၉-၂၀၂၈၈၂၄ (အရှေ့မိုးကောင်းကင်)

## ကန့်ကွက်နိုင်ကြောင်း

စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၇ D)၊ မြေကွက်အမှတ်(၆အက်ဖ်/၁၂) မြေကွက်တည်နေရာအမှတ်(၆)၊ အောင်ချမ်းသာ(၆)လမ်း၊ အောင်ချမ်းသာရပ်ကွက်၊ စမ်းချောင်း မြို့နယ်၊ (ဦးလှမောင်၊ ဒေါ်စိန်ဥ) အမည်ပေါက် ဂရန်ရှိမြေပိုင်မြေအား ဦးလှမောင်၊ ဒေါ်စိန်ဥတို့ထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၂၂၀၈/၉၇)ဖြင့် ဦးထွန်းရွှေ ဦးထွန်းရင်တို့မှ ဝယ်ယူခဲ့ပြီး ဦးထွန်း ရွှေထံမှ ၎င်းပိုင်ဆိုင်သောအစုမြေကွက်၏ မခွဲစိတ်ရသေးသော မြောက်ဘက်ခြမ်းဧရိယာ ပေ (၆၀/၅၀×၂၅)ခန့်အား အရောင်းအဝယ်စာချုပ်အမှတ်-၁၉၀၉/၂၀၀၁ဖြင့် ဒေါ်လှလှမြင့်မှ ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ဒေါ်လှလှမြင့်ထံမှ GP အမှတ်-၁၃၆၁/၁၄ဖြင့် ရရှိသူဦးအောင်အောင်ကျော် [၁၂/စခန(နိုင်)၀၂၆၆၁၁]က မြေကွက်ခွဲစိတ်ရန် မြေပုံကူးလျှောက်ထားလာ ရာခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်းကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက မြေပုံ ကူးလျှောက်ထားမှုကိုဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဗ-၂၄) ဦးပိုင်အမှတ်(၃၁)၊ ၅၅×၅၆လမ်းကြား၊ ဂန္ဓာမာနှင့် ပြင်ဦးလွင်သံလမ်းကြားရှိ ဒေါ်ဌေးဌေးဦး အမည်ဖြင့်ချထားပေးသောမြေကွက်အား ဦးရန်လော်နိမ်[၁၃/ကလတ(နိုင်)၀၃၀၂၅၇]မှ မြေစလစ်၊ မြို့သစ်တိုးချဲ့ဖော်ထုတ်ရေးငွေရပြေစာ၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေး မှူးရုံးထောက်ခံချက်များ တင်ပြ၍(အခွန်)ပေးဆောင်ရန်အတွက်မြေပုံ၊ မြေရာဇဝင်ရေးကူး ခွင့်ပြုပါရန်နှင့် ဂရန်သစ်၊ အမည်ပြောင်း အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်၄/တောင်၊ မြေကွက်အမှတ်(၈၈၁/ခ) မြေကွက်တည်နေရာအမှတ်(၈၈၁/ခ)၊ အောင်သစ္စာ(၂)လမ်း၊ ၄/တောင်ရပ်ကွက်၊ သာကေတ မြို့နယ်၊ ဦးလွန်းရင်အမည်ပေါက် နှစ်(၆၀)ဂရန် မြေအားအမည်ပေါက် ဦးလွန်းရင်(ဖခင်)နှင့် ဒေါ်မြိုင် (မိခင်)တို့ ကွယ်လွန်သဖြင့် တစ်ဦးတည်းသော သမီးဖြစ်သူ ဒေါ်ညွန့်ညွန့်ဝေ[၁၂/သကတ(နိုင်) ၀၇၆၀၃၁]ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာ အမှတ်-၁၆၁၀၇/၁၄(၁၃-၆-၂၀၁၄) ရသူ ဦးအေးလှိုင်[၁၂/သကတ(နိုင်)၀၇၈၄၅၄]မှ သေစာရင်းနှင့် ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိ ပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင် ရွက်သွားမည်ဖြစ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

